ရွှေထူးစာပေ

ဦးဝင်းမြင့်

စာနိုင်ငံ

# တနိုင်ငံ နီတိ

သင့်အတွက် တစ်သက်တာအတွက် အသုံးဝင်မည့်

အဖိုးတန် နီတိများ

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊
တန်ဖိုး - ၁၂၀၀ ကျပ်
ကွန်ပျူတာစာစီ - ဗိုလ်တိုး
အတွင်းဖလင် - AZ

မျက်နှာဖုံးပုံနှိပ်သူ
ဦးလှမိုး၊ ပန်းကြာဖြူပုံနှိပ်တိုက်၊ အမှတ်(၁၀၈)၊ လမ်း ၄၀၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးအောင်မြင့်သိန်း (မြ-၀၀၀၇၈) အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ် (၅၃) မင်းရဲကျော်စွာလမ်း ရန်ပြေ (၃) ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေ (၀၀၀၄၇)
အမှတ် (၄၃/အေ)၊ ၄-လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ရွှေထူးစာပေ
အမှတ် -၂၄၊ ၃-လွှာ၊ A- ဗျာဝံ့လမ်း၊ စမ်းချောင်းမြို့နယ်။
09- 250 514 065, 09- 44800 5832

ဦးဝင်းမြင့် (စာနိုင်ငံ)
ရွှေထူးစာပေ (၃)ကြိမ် / ၂၀၁၉
၁၀၁ စာ၊ ၁၅ × ၁၈ စင်တီမီတာ
စာနိုင်ငံနီတိ



## နောက်ကြောင်းပြန်ဇာတ်လမ်း

ဤနီတိစာအုပ်ကို ကျွမ်းကျင်လွန်း၍ ကျွန်တော်ရေးခြင်းမဟုတ်၊ ထုတ်ဝေသူတစ်ဦးက ရေးပေးရန်တောင်းလွန်း၍ ရေးမိခြင်းသာ ဖြစ်သည်။

"နီတိတွေ ရေးပေးစမ်းဗျာ"

"ဟာ... နီတိကို ကျုပ်ဘယ်ရေးတတ်မလဲ"

"အာ... ကျုပ်က စာကောင်းကောင်းတတ်တာမှ မဟုတ်ဘဲ။ နီတိဆိုတာမျိုးက တကယ့်တကယ် မဟာ့မဟာ ပညာရှိ ကဝိသူမှန်ထူးချွန်တဲ့ ဘွဲ့လွန်ကြီးများမှ ရေးသင့်တာဗျ"

"ခင်ဗျားက အဲဒီဘွဲ့လွန်တွေထက်တောင်မှ အတွေ့အကြုံက စုံသေး၊ မိန်းမ သုံးယောက်ကြီးများတောင် ရခဲ့တဲ့လူ"

"ဟော်စမ်းပါဗျာ မဟုတ်တာယုတ်တွေ"

ဤသို့ဤနှယ်ကတ်ကော်ကလန် ပြောလိုက်သော်လည်း ထုတ်ဝေသူက မလျှော့သေးပါ။ ကျွန်တော့်ကို လည်ရေ့ညှစ်နိုင်သည့် အထောက်အထား အကိုးအကား ဆွဲထုတ်လာပါသည်။

လောကနီတိကို ပထမ စရေးတဲ့ သီရိမဟာစတုရင်္ဂဗလအမတ်ကြီးကို သိတယ်မဟုတ်လား"

"ကြားဖူးသားပဲ"

အဲဒီခေတ် မြန်မာသက္ကရာဇ် ၇၀၄ ခုကဆို ဘယ်မှာ

တက္ကသိုလ်ရှိမလဲ။ ဒါပေမဲ့ အိန္ဒိယ ဘုရင်ခံချုပ် လော့ကာဇင် [Lord Curzon 1889-1905] က ပြောဖူးခဲ့တယ်။ အရှေ့ အာရှနိုင်ငံသည် ဘယ်ဒီဂရီမှမယူသော ပညာရှင်များစုဝေးရာ တက္ကသိုလ်တစ်ခု ဖြစ်သည်။ [The east is a university in whith the schcler, never take adegree] လို့ပြောခဲ့တယ် ဗျာ။ ဒါကြောင့် အာရှတိုက်သား ခင်ဗျားဟာလဲ...

"တော်ပါတော့ဗျာ... တော်ပါတော့"

"ဒါဖြင့် ရေးပေးမလား"

"ကျုပ်ဆီမှာ မန္တလေးက ရေးခဲ့စာမူတွေ ရှိက်ပါဗျာ"

"နိတိရေးမပေးရင် အဲဒီစာမူတွေ မယူနိုင်ဘူး"

ကျွန်တော့်မှာ မန္တလေးက ရောက်လာခါစ ကမာရွတ် သိရိဘုန်းထွန်းအိမ်မှာ ကပ်နေဆဲ၊ မန္တလေးမှာ သားတစ်ယောက် အိမ်တစ်လုံး ငွေ ၅၀ နှင့် ဘယ်နှစ်ရက်စားမလဲ။ ဤသို့အကျပ် အတည်းကြုံနေရ၏။ လက်ထဲမှာလည်း တစ်ပြားမှမကျန်။

"ဘယ်နှယ့်လဲ ရေးမလား နိတိ"

"အဲ...အဲ...ကဲ... ရေးကြည့်မယ်ဗျာ။ ဖတ်ကြည့် ပါဦး"

ကျွန်တော် ခေါင်းစဉ်းစားကာ ပေါ်လာသမျှသော မဟာတ်တယုတ် ၁၀ ပုဒ်ကို ရေးပေးလိုက်သည်။ ထုတ်ဝေသူက ဖတ်ကြည့်သည်။ အနီးရှိ သူ့မိတ်ဆွေများကို ပြသည်။



ထို့နောက်သူက အိမ်ပြန်၊ ဆက်ရေး မနက်ကို စာမူ ယူခဲ့။ စာမူအနည်းအများကြည့်ပြီး ပိုက်ဆံပေးမယ်ဟူသည့်မှအစ 'စာစုံနီတိ'ဟူသော အမည်ပေး၍ ရေးမိပါ၏။

ရှိပြီးသော 'ရွှေမန်းဝင်းမြင့်'ဟူသည့် ကလောင်မှာ ဓာတ်ကလောင်၊ သဘင်ကလောင်ဖြစ်၍ နေနေသည်။ 'ဦး'တတ် လောက်သော ကလောင်အမည်ခံပါဦးဟုဆို ဖြန့်သောကြောင့် ဦးဝင်းမြင့် (တနိုင်ငံ)ဟူ၍ ခံယူကာ ရေးသားခဲ့ရပြန်သည်။ ကရောင်း ၃၂ ချိုးအရွယ် အိတ်ဆောင်စာအုပ်ကလေးအဖြစ် ထုတ်ဝေခဲ့ရာ ရောင်းကောင်းလှသဖြင့် အတွဲ(၁)မှ အတွဲ(၆)အထိ ဆက်ကာဆက်ကာ ရေးသားခဲ့ရာ ထပ်ကာထပ်ကာ ရိုက်နှိပ်ရ သည်အထိ ရောင်းကောင်းခဲ့ပေသည်။

ယခုလို တနိတိအတွဲ(၁)မှ အတွဲ(၅)အထိကို "တနိုင်ငံ နိတိ"ဟူသောအမည်ဖြင့် စုစည်းထုတ်ဝေခြင်းဖြစ်ပါသည်။

ဖတ်ရှုသူတို့ နှစ်ခြိုက်၍ စိတ်နှင့်ကိုက်ညီပါလျှင် ကျွန်တော်၏ ဆရာဆရာများအားသာ ချီးမွမ်းတော်မူကြပြီး၊ ကွဲရဲ့ပြစ်တင်စကား တင်ဆိုချင်သည် ဆိုအံ့ ကျွန်တော် ငမိုက် သားအား မညှာမတာ ပြောဆိုကြပါဘိ။

ဓနိတံ ပါကံ ဓနေတိ

တနိုင်ငံ ဦးဝင်းမြင့်

ရန်ကုန်မြို့
(၂၅-၄-၁၉၈၄)

## ဓာဂုံနိဒါ

### ပညာရှိဆိုလျှင်

အင်္ဂလိပ်စာတတ်သူတိုင်းသာ ပညာရှိဟု ယူဆပါလျှင် အင်္ဂလန်တစ်ကျွန်းလုံး နယပိန်းတုံးရှိတော့မည် မဟုတ်ပါချေ။

### ဘွဲ့ထူးရှင်သို့

မိမိစားမည့်ထမင်း ဘယ်လိုဖြစ်လာရပုံကိုမှ မသိသေးလျှင် ဘာဘွဲ့ထူးမှ မယူပါလေနှင့်ဦး။

### ပညတ်

ပညတ်ရှိရာ ဓာတ်သက်ပါဆိုပါက မြန်မာတစ်ပြည်လုံး ဦးချမ်းသာ၊ ဒေါ်ချမ်းသာချည်း မှည့်လိုက်ရန် ရှိပါတော့သည်။

### ကြီးထွားသူ

မဟာဗန္ဓုလသည် ကိုယ်ကာယ ထွားကျိုင်းသူမဟုတ်၊ သတ္တိထွားသူသာ ဖြစ်၏။

### အတွင်းတန်ဖိုး

ရွှေ၊ ငွေ၊ စိန်၊ ကျောက်စသော ရတနာများသည် မိုးပေါ်မှကျမလာ၊ မြေထဲမှသာရ၏။ အသိပညာသည်လည်း လူ့ထဲမှသာရ၏။



### လင်နှင့်မယား ကျားနှင့်ဆင်

လင်နှင့်မယား ညားနေကြခြင်းမှာ ကျားနှင့်ဆင်တို့ အတူနေခြင်းနှင့် မခြားပေ။

### တစ်သက်စာ ဩဇာ

ဗဟုသုတဟူသည် ယခုစားရသော အစာမဟုတ် တစ်သက်လုံး စားရမည့် ဩဇာသာ ဖြစ်၏။

### မလွမ်းနှင့် မတမ်းတနှင့်

ဝင်သွားသောနေကိုလည်း မလွမ်းကြနှင့်၊ ထွက်လာမည့် နေကိုလည်း မတမ်းတ လင့်။

### စိန်နှင့်ဆန်

စိန်နှင့်ဆန်သည် မည်သည်က အဖိုးကျပ်သနည်း။

### ရွှေတန်ဖိုး

ရောဂါပျောက်မှုအတွက် ရွှေကို ကျိုသောက်၍မရ။

### ဆားတန်ဖိုး

ဆားချည်းလည်းစား၍မရ၊ သူမပါလျှင်လည်း ဟင်း မဖြစ်ပါ။

### ထုပ်

မိမိ ဝလင်ရန်အတွက် ပါးစပ်ကပင် အလုပ်လုပ်ကာ ဝါးရသေးလျှင် စားရန်အတွက် လက်ကလုပ်ရပေလိမ့်မည်။

### ငြင်း

လောကုနိခံ၍ တရားကို ငြင်းနေမည့်အစား၊ ဝေါး တစ်စေ့ရအောင် လုပ်ပါ။

### မယား ၁၀၀

အချစ်အတွက် အသက်သေရန် ကြိုးခြင်းထက်၊ မယား ၁၀၀၊ လင် ၁၀၀ ယူလိုက်ပါလေ။

### ဖွတ်

မှားလျှင်လည်းခံ၊ မှန်လျှင် ဖွတ်လုပ်။

### ဉာဏနှင့်ဗလ

ဆင်ကို လူက နိုင်သည်မှာ ခွန်အားကြောင့်မဟုတ်၊ ဉာဏ်အားကြောင့် ဖြစ်၏။

### မတရား

လူချင်းတူပါလျက် ဝိန်းမကာယုတ်၍ ယောကျ်ားက မြတ်သည်ဆိုသည်မှာ မတရားပါ။

### ကြောက်

သေခြင်းကို ကြောက်လျှင် ရှင်ခြင်းကိုလည်း ကြောက်ပါ။

### အကြွား၊ အစား

ကြွားရဖို့ထက် စားရဖို့လိုသည်။



### ဝန်တိုလျှင်

သူများသမီးကို မယားပြု၍ မွေးလာသော မိမိ သမီးကို လင်ပေးစားရန် ဝန်လေးသော အဖေသည် ယောကျ်ားမဟုတ်။

### လူနှင့်လူ

လူကိုလူချင်း တရားစီရင်သည်မှာ တရားမျှတပါ လေစ။

### ထမီကိုရှုံ့လျှင်

ထမီကို ရှုံ့ပါသည်ဆိုလျှင် မယားမယူပါနှင့်တော့။

### ဝတ်နတ်၊ ကြက်နတ်

ကွပ်မျက်ခံရတိုင်းသာ နတ်ဖြစ်ကြမည်ဆိုလျှင် ဝက် နတ်၊ ကြက်နတ်၊ နွားနတ်တွေလည်း ရှိရမည်သာ။

### ရှက်ပါ

သင် ထမင်းစားနေဆဲ၊ ထမင်းဖြစ်စေခဲ့သူ မှန်သမျှ သတိပါ၊ လေးစားပါ။

### သတိပြု

မျက်စိက ၂ မျိုးကြည့်၊ နားက ၂ ဖက်ကြား၊ ပါးစပ်က ၁ ခုသာပြောပါ။

## ကြိတ်ကြဲ

ကယ်တော်မူပါဟု အော်မည့်အစား မိမိ ဘာသာ ကြိတ်၍ကြိုးစားပါ။

## အလှ

သမင်သည် လှပသော ဦးချိုကြောင့် သေရ၏။ ဥဒေါင်းသည် လှပသော အမြီးကြောင့် သေရ၏။ မိန်းမလှသည် လှပသော ရုပ်လက္ခဏာကြောင့် ပျက်ရ၏။

## အရှာအသုံး

ငွေရှာတတ်ဖို့ထက်၊ ချွေတာတတ်ဖို့ အရေးကြီးသည်။

## ပညာ

ငွေကိုသုံးတတ်ခြင်းမှာ ပညာမဟုတ်။

## အနမ်း

သင့် မိန်းမက သင့်ကိုစ၍ နမ်းသည့်နေ့၌ သူ့တွင် အပြစ်တစ်ခုရှိပြီဟု မှတ်ပါ။

## ကျား

မိန်းမ လုပ်စာထိုင်စားသူထက်၊ တောင်းစားသူက ယောကျ်ားပီသ၏။



## သူခိုး

တိုင်းပြည်ငွေကိုခိုး၍ မယားအားကျွေးသူကို ဗွားကသော ချီးမွမ်းပေမည်။

## အပျင်း

ဥဇ ပါးသော ရောဂါထက် ပြင်းထန်သော ရောဂါမှာ ပျင်းသောရောဂါ ဖြစ်၏။

## ပထမ

သင့်ကိုယ်သင် ကြည့်ညိုအောင် အလျှင်လုပ်ပါဦး။

## အပြုံးနှင့်အရယ်

သင်က အရှုးကိုကြည့်ပြီး ပြုံးပါလျှင်၊ သူက သင့်ကို ကြည့်ကာ ရယ်ပေလိမ့်မည်။

## ဆန်စေ့

က ကြီး၊ ခ ကွေး၊ အေ၊ ဘီ၊ စီ၊ ဒီ စသည်တို့မှ ဆန်စေ့ ဖြစ်အောင် လုပ်ပါ။

## အဆိပ်ဟူသည်

မြွေဆိပ်က ဆိုးခြင်းမဟုတ်၊ လူဆွေးနှင့် မတည့်၍သာ အဆိပ်သင့်ရသည်။

## သိ

နိုင်ငံခြားမသွားမီ ကိုယ်နေသည့် မြို့ကိုလေ့လာပါဦး။

## အလုပ်နှင့်အကြွား

ဂျာကင် ငါးရာတန်ဝယ်ပြီး ဝတ်တတ်မှုထက် ခရမ်းသီးတစ်ပင် စိုက်တတ်မှုလိုသည်။

## အကျင့်

ကျောင်းထဲ၌ ခိုးချသော ကျောင်းသားကို ထမင်းဝါးပြီးနှံ့ပါ။ (ထိုသူမျိုး ကြီးသည်အထိ အကျင့်ပါမည်။)

## ပါရမီ

ပါရမီဆိုသည်မှာ မပြတ်ကြိုးစားထားခြင်းပင်။

## အိပ်

နတ်ပွဲကို သွားမည့်အချိန်အစား၊ ဝအောင် အိပ်လိုက်ပါ။

## ပရိယေသန

သင့် ပရိယေသန ရှာရင်း သူများကို မနှိပ်စက်ပါနှင့်။

## မက်

သံဝါသလောက်ကို မက်မောရုံမျှဖြင့်တော့ လင်မယားမနေကြပါနှင့်။



## ကတိ

ဥစ္စာမရှိလေလေ၊ ကတိတည်မှုကို ပို၍ကြိုးစားပါလေ။

## ဖုံးနှင့်အပြုံး

အနုမြူဗုံးကိုင်သူအား သင့်အပြုံးဖြင့် သေဆုံးပါစေ။

## ရန်သူအစစ်

သင့်သွေးသည်သာ သင့်ရန်သူအစစ်။

## သတ္တိ

ခွေးကို ဟဲ့ခွေးဟု မောင်းရဲရုံမျှဖြင့် သူရဲကောင်းမဟုတ်။ (ကျားကို ရင်ဆိုင်ရဲဖို့လိုပါသည်။)

## ကြိုက်

ယောက်ျားက မိန်းမတိုင်းကိုကြိုက်၏။ မိန်းမက ယောက်ျားတိုင်းကို ကြိုက်၏။

## သူ့အပျက်

သူ့စီးပွားရေး ပျက်စီးခြင်းသည် သင့် ကြီးပွားရေးမဟုတ်။

## မှောင်

မှောင်ထဲမှာ မျက်မှန်တပ်စရာမလို။ ဝါးလုံးခေါင်းထဲလာမသာပါနှင့်။

### တင်ဒါ

လင်ကွာ မယားကွာ ကြော်ငြာနေခြင်း၏ အဓိပ္ပာယ်မှာ နောက်လင် နောက်မယားအတွက် တင်ဒါခေါ်ခြင်းဖြစ်၏။

### မသေမီ

မိအိုဖအိုတို့အတွက် သေမှသပိတ်သွတ်နေခြင်းထက် မသေမီက ဝအောင်ကျွေးလိုက်ပါ။

### လှပ

လှဖို့ထက် ဝဖို့ကြိုးစားပါ။

### သိက္ခာ

သင့်ဂုဏ်သိက္ခာကို ချသူမှာ သူများမဟုတ်၊ သင်ကိုယ်တိုင်ပင်ဖြစ်သည်။

### မိတ်ဆွေစစ်

သင်ချမ်းသာသောအခါ ဆင်းရဲဘက် မိတ်ဆွေများကို ကိုးကွယ်ပါလေ။

### ခေါ်သူသွားသူ

ယမမင်းက သင့်ကိုမခေါ်ပါ။ သင်ကသာ ယမမင်းထံ သွားနေပါသည်။



### ချော

ကမ္ဘာကျော်ပညာရှင်ကြီးများမှာ လူချောလူလှများ မဟုတ်ကြ။

### သူ့အတွက်

ငါ့ဖို့ထက် သူ့ဖို့တွက်ပါ။

### အသုံးဝင်

အသုံးမဝင်သော အပင်ဟူ၍မရှိသလို၊ အသုံးဝင်သော လူဟူ၍ မည်သူမျှမရှိ။

### လေ

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မုန်းသူ ဟုဆိုရာတွင် (လေ) သည်လည်း ရန်သူမဟုတ်လေသလော။

### အသက်ရှည်သည်

ကာမဂုဏ်အာရုံသည် သတ္တဝါဘုံတွင် အကောင်းဆုံးဖြစ်၏။ သို့သော် မြီးမြဲနိုင်လေလေ အသက်ရှည်လေလေတည်း။

### ထက်တွေ့

အဂ္ဂိရတ်ထိုးခြင်းထက် သွားကြားထိုးတံရောင်းပါ။

### လျှို့ဝှက်ချက်

သင်၏လျှို့ဝှက်ချက်ကို သင့်အားပင် မသိပါစေနှင့်။

**အစား**

အင်္ဂလိပ် ဘီစကစ်ကို မြန်မာကစားတတ်လျှင် မြန်မာ့မုန့်ကျွဲသည်းကို အင်္ဂလိပ်စားရအောင်လုပ်ပါ။

**ဆေး**

ကျန်းမာနေစဉ်က ဆေးဝါးကို သတိရပါ။

**အဝယ်**

ဒုက္ခကို ငွေကြေးဖြင့် မဖလှယ်မိပါစေနှင့်။

**အသုံး**

သင့်ငွေကို မြွေဟောက်အား မပေးကမ်းမိပါစေနှင့်။

**ယာခု**

နံနက်ဖန် စားရမည့်ထမင်း၊ ယခု မချက်ပါနှင့်ဦး။

**မတတ်ဘဲနှင့်**

သင်မလုပ်နိုင်သော အလုပ်ကို သူ့အားမခိုင်းပါနှင့်။ (သူ့အားခိုင်းလိုသော အလုပ်ကို သင်တတ်အောင် လုပ်ထားပါဦး)

**မိန်းမကောင်း**

ယောက်ျားကောင်း မောင်းမတစ်ထောင်ဆိုလျှင် မိန်းမကောင်းတော့ မောင်းထီးတစ်သောင်းဟု ပြောလေမည်လား။



**ရှုတ်ခင်းနီ**

ကတုံးနှင့်ပင် လင်ရနိုင်ပါသေးလျက် ရှုတ်ခင်းနီဆိုးခြင်းမှာ မဝိုပါလား။

**မ, ဆိုလျှင်**

သင် မိန်းမနှင့် မကင်းနိုင်သေးသော်၊ သေသော မိန်းမအခလောင်းကိုပင် ပုပ်စောနံသည်ဟု မပြောလေနှင့်။ (မိန်းမအကြောင်း ဘယ်တော့မှ မကောင်းမပြောပါနှင့်)

**အထင်ကြီး**

ကင်ဆာရောဂါထက် ကြောက်စရာကောင်းသော ရောဂါမှာ နိုင်ငံခြားကိုမှ အထင်ကြီးသော ရောဂါဖြစ်၏။

**ဤသို့မြေပါ**

သူကစ၍ သင့်အပေါ် မကောင်းခြင်းမဟုတ်၊ သင်ကစ၍ သူ့အပေါ် မကောင်းခြင်းသာ ဖြစ်ရမည်။

**စဉ်းစားကြည့်ပါ**

မြန်မာတစ်ယောက်၏ တစ်ကိုယ်လုံး၌ မြန်မာ့အဆင်အပြင် အဝတ်အစား၊ အပြောအဆို ဘယ်မျှလောက် ပါပါသနည်း။

**အဝို**

ဖောပတ်ပေါ်များသော ဒေသ၌ သွားမ မွေးရန်မလိုပါ။

## ၄ သံလျင်းချိတ်

မဟာဝိဇ္ဇာဘွဲ့ယူမည့်နေ့၌ အိမ်မှမထွက်မီ ၄ သံလျင်းချိတ် သက်စေ့ရေးကြည့်ပါဦး။

## ဆေးမရှိ

ဘဝင်မြင့်ခြင်းနှင့် ကြောက်ခြင်းကို ကုသရန် ဆေးမရှိ။

## အမေ့ကို မမေ့နှင့်

မိန်းမများ မကောင်းကြောင်း၊ ယုတ်မာကြောင်းကို ပြောမည်ဆိုလျှင် သင့်ကိုမည်သူက မွေးခဲ့သနည်းဟု စဉ်းစားပါဦး။

## စိတ်ကူးယဉ်

စာရေးသော စားပွဲပေါ်၌ စပါးစိုက်၍မရပါ။

## ရောယှက်မှု

မြန်မာ ကနုတ်ပန်းကို နိုင်ငံခြားဆေးဖြင့် မရေးအပ်။

## ဖြည်းဖြည်း

အရေးကြီးသော ကိစ္စကို ဖြည်းဖြည်းစဉ်းစားပြီးမှ လုပ်ပါ။

## သတိ

ပင်လယ်ထဲသို့ သွားမည်ဆိုလျှင် ရေချိုယူဖို့ မမေ့ပါနှင့်။



## လူသားတို့၏ကျေးဇူးရှင်

နတ်မိစ္ဆာတွေကို ကိုးကွယ်မည့်အစား လူသုံးပစ္စည်းပေါင်းများစွာကို တီထွင်ခဲ့သူ သောမတ်စ် အက်ဒီဆင်ကို ကိုးကွယ်ပါ။

## ပညာ– ပညာ– ပညာ

ပထမအရွယ် ပညာရှာပါ။ ဒုတိယအရွယ် ပညာရှာပါ။ တတိယအရွယ် ပညာရှာပါ။ အသက်ထွက်ခါနီးမှာ ပညာရှာပါ။

## လုပ်အားတန်ဖိုး

ကောက်၍ရသော ငွေတစ်သိန်းထက် လုပ်၍ရသော လုပ်ခ တစ်ကျပ်က တန်ဖိုးရှိ၏။

## မင်္ဂလာဆောင်

မင်္ဂလာ ကြီးကြီးကျယ်ကျယ် ဆောင်ခြင်းမှာ လူအများအားဒုက္ခပေးသော သူများသာတည်း။

## အဆုံးစွန်

အနိစ္စအကြောင်း ဟောပြောခြင်း၌ ဆက်ရန်ရှိသေးသည်ဟု မရှိပါ။

## ဘုန်းကြီးပျံ

ဘုန်းကြီးပျံမှာ ငွေကုန်ကျမည့်အစား ထိုငွေကို ကျောင်းဆောက်၍လှူခြင်းက ပို၍မကောင်းပေဘူးလား။

## သစ္စာနဲ့မေတ္တာ

မေတ္တာဟူသည် လူ့ဆိုရိုး၊ သစ္စာသည်သာ လူ့တန်ဖိုး။

## လွယ်၍ခက်သည်

ထောင်ကျရန်မှာ လွယ်သလောက်၊ ထောင်မှလွတ်ရန်မှာမလွယ်။

## ရုပ်နှင့်စိတ်

ရုပ်သည် အကြမ်းကြိုက်သည်။ စိတ်သည် အနုကြိုက်၏။ ရုပ်အကြိုက်မလိုက်ပါနှင့်။

## စိတ်

သင့်လက်ထဲမှ ငါးထက်၊ ရေထဲက ငါးကပို၍ ချိုပါသလား

## လမ်းသစ်

သူများထွင်ထားသော လမ်းပေါ်မှသွားရခြင်းထက်၊ ကိုယ့်လမ်းကိုယ်ထွင်၍ သွားရခြင်းက ပိုကောင်း၏။

## မရှောင်စိတ်

နေပူလျှင် ထမင်းစားမည်၊ မိုးရွာလျှင်လည်း ထမင်းစားမည်။ ချမ်းချမ်းအေးအေး ထမင်းစားမည်ဆိုလျှင် အလုပ်ကို နေပူမိုးရွာ အအေးအချမ်း မရှောင်ပါနှင့်။



## အစွမ်းမရှိသူ

သူတစ်ပါး မယားကို ကြာနိုသူသည် အမျိုးကိုရနိုင်လောက်သော အစွမ်းအစမဲ့သည့် လူညံ့များသာတည်း။

## နှောင်း

မိမိအသက် ဘယ်လောက်ကြီးသွားပြီကို တွက်နေခြင်းသည် အလုပ်ကိုဖင့်နွဲ့စေ၏။

## အယူ

သင်က ငွေပေး၍ ဗေဒင်မေးမည့်အစား သင်ငွေ ရရန် ဗေဒင်ဟောပါ။

## အညှပ်

ဆံပင် ညှပ်သမားသည် ကိုယ့်ခေါင်းကိုယ် မညှပ်နိုင်။

## အရိပ်

သင့်အရိပ်ကို မပေါ်စေလိုလျှင် အမှောင်ထဲမှာ နေရပေမည်။

## ရှေ့သို့

လူ၏သဘာဝမှာ ရှေ့သို့လမ်းလျှောက်ရန် ဖန်တီးပေးပါလျက် နောက်ပြန်မလျှောက်ပါနှင့်။

## မျက်နှာ

သင်၏လိမ်လည်ပြောဆိုမှုကို သင့်မျက်နှာက ကူညီ လိမ့်မည်မဟုတ်။

## မထုပ်နဲ့

တတ်မင်းသား ဖြစ်နေပါလျှင် ကျွမ်းမထိုးပါနှင့်၊ ကျွမ်း ဘားသမား ဖြစ်နေလျှင်လည်း မကပါနှင့်။

## လူသား

ကမ္ဘာပေါ်ရှိ လူသားစာရင်းဝင် ကလေး(သူငယ်)ချင်း တူပါလျက်၊ ကိုယ့်သားမှ ကိုယ်ချစ်တတ်သူမှာ ကမ္ဘာသား စိတ် ဓာတ်မရှိ၍သာ ဖြစ်သည်။

## မြေနှာ

(မြေနှာ)မှ ငွေရှာရသည်ဆိုသော သူများ (သေတာ) ကကောင်းသည်။

## အင်းဂွမ်း

ဗိဇ္ဇာကာတ် သုံးပုံပင်လျှင် စီးပလောင်ရာ၌ ပါသွားနိုင်သေး လျှင်၊ ဗျည်းသရ ၄၄ လုံးထဲမှ အက္ခရာတို့ဖြင့် ဖန်တီးထားသော အင်းအိုင်၊ ခလုံတို့သည် ဘယ်မှာစွမ်းပါအံ့နည်း။



## ကိုရှည်၊ မရှည်

နာမည်ရှည်ရှည် နုနုဆန်းဆန်းတွေ မှည့်ကြခြင်းမှာ အခေါ်ခက်သည်မှတစ်ပါး ဘာမျှအကျိုးမရှိနိုင်။

## ဒီဂရီ

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတိုင်း တက္ကသိုလ်မှ ဒီဂရီဘွဲ့ ရသူများ မဟုတ်ပါ။

## ရင်မကော့နှင့်

ထန်းလျက်ကို ချိုအောင်ချက်တတ်ရုံမျှနှင့်တော့ ရင် မကော့ပါနှင့်ဦး။

## သဲ

သဲကန္တာရထဲမှ သဲထုကြီးကို ကြည့်လျှင်၊ ဖွဲ့စည်းနေ သော သဘောတူပါလျှင် လက်ညှိုးကလေးဖြင့် ကော်၍ကြည့် သောအခါ တစ်ပွင့်စီဖြစ်သွားနိုင်သည်ကိုလည်း သဘောပေါက် သင့်ပေသည်။

## အရင်းအဖျား

အရင်းနားက အသီးထက်၊ အထက်ဖျားက အသီး သီးက ပို၍ချိုသည်။

## နိဗ္ဗာန်

နိဗ္ဗာန်ရောက်ကြောင်း ရည်မှန်းပါလျှင် (သံသရာ ရှာရှာလည်စေမည့်) စီးပွားကို မရှာပါနှင့်တော့။

## မေတ္တာ

ကျားက သင့်အား ရန်မူအံ့သော ရင်ဆိုင်ကာလတွင် သင်က မေတ္တာပို့၍နေလျှင် သင်သေရမည်သာ။

## အတိတ်သို့

ယခု ဒုက္ခရောက်နေသည်ဟု ထင်လျှင် ငါမွေးကတည်းက အူဝဲအူဝဲလို့ ငိုခဲ့ပါကလားဟု ဆင်ခြင်ပါ။

## ဗဟုသုတ

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စသော ကိစ္စတို့မှာ ကြောက်စရာမဟုတ်၊ ဘဝအတွေ့အကြုံများမှ ဗဟုသုတများသာ ဖြစ်၏။

## ပညာနှင့်ကြင်ယာ

ပညာရှင်ရင်း၊ ကြင်ယာရှာလျှင် ဈေး၌ပစ္စည်းဝယ်သကဲ့သို့ ရနိုင်၏။ ထိုသို့မဟုတ်မူ လမ်းဘေးပျံကျ ဈေးသည်ထံမှ ဝယ်ရသကဲ့သို့ပင်တည်း။

## သူရူးတွက်တာ

မအိပ်မနေ အသက်ရှည်ဆိုသည်မှာ လူကောင်းများအတွက်မဟုတ်၊ သူရူးများအတွက်သာ ဖြစ်၏။

## ရက်ရာဇာ

အရှေ့မှနေထွက်သည့် နေ့တိုင်းသည် ရက်ရာဇာ ဖြစ်၏။



## ယုံလျှင်မျက်ရချည်

သောကြာရေကြောင်း မသွားကောင်းဆိုသော စကားအတိုင်းသာ မှန်ပါလျှင် ရက်မှန်သင်္ဘောများ အကုန်မျက်ရချည်။

## ဆန့်ကျင်ဘက်

၇၅ ဗို့ဒ် ၆ လုံးပြူးကြီး ကိုင်ဆောင်ခြင်းထက် ၅၂၈ ဗိုင့်က ပို၍ခွမ်းသည်။

## မယုံကြည်မှု

တစ်ယောက်နှင့်တစ်ယောက် အသည်းနှစ်မျှ ချစ်ပါသည်ဟု ပြောဆိုထားကြပါလျက် မင်္ဂလာဆောင်နေကြခြင်းမှာ အပြန်အလှန် မယုံကြသောကြောင့်သာ ဖြစ်၏။

## မမြင်သောမျက်စိ

မျက်နှာမှ မျက်စိသည် လူ့အတွက် အသုံးဝင်သော်လည်း၊ ခြေထောက်မှ ခြေမျက်စိကား ဘာမျှအသုံးမဝင်ချေ။

## အမျက်

ကျည်ဆန်တစ်ခုသည် လူတစ်ခုထက် ပို၍မသတ်နိုင်၊ မင်တစ်စက်ဖြင့် ရေးလိုက်သော လက်မှတ်ထိုးတစ်ခုသည် တိုင်းပြည်ပါ ပျက်နိုင်၏။

## နဂါးရှိနိုင်ပါ့ဦးမလား

နဂါးခေါင်းတောင်သို့လှည့်သည် ဆိုငြားအံ့၊ အရှေ့မှသည်အနောက်၊ အနောက်မှသည် အရှေ့ဟု မသွားအပ်၊ သွား

ခဲ့သော် နဂါးဝမ်းကို ဖောက်သည်ဟု ခေါ်ဆိုလေရာ ထိုစကားကို တော်လှန်သူများ နေ့တိုင်းရှိသဖြင့် ယင်းနဂါးကြီးကား ဝမ်းပိုက်ပေါက်၍သေဆုံးပါလေပြီ။

### သောက်ပါ သို့သော်

မကောင်းသောအရက်ကို ကောင်းသောကိစ္စအတွက် သာသောက်ပါ။

### သိတတ်သူသို့

စစ်မှန်သော မြေပေါ်၌ကြဲသော မျိုးစေ့သည် ရှင်သန်ကြီးမွား ထာဝရစားရသလို သိတတ်သော မိတ်ဆွေအား ကူညီခြင်းမှာလည်း ထိုနည်းတူပင်။

### ရွှေဒုက္ခ၊ ငွေဒုက္ခ

ရွှေ၊ ငွေ ရတနာမှန်သမျှတို့သည် သုခချည်းမဟုတ်၊ တစ်ခါတစ်ရံ သူ့ကြောင့်လည်း ဒုက္ခဖြစ်တတ်ပေသည်။

### မြ

နားလည်မှု (န–လ–မ)ဟူသော ပိုးသည် ကောင်းမွန်လှသော တရားဥပဒေနှင့် စည်းကမ်းချက်များကို ကိုက်စားတတ်ပေသည်။

### အဆောင်ကောင်း

လက်ဖွဲ့ထိုးမည့် ငွေပြားအစား၊ ထိုငွေသားဖြင့် အရင်းတည်ပါ။



### သင့်အတွက်

လူတစ်ယောက်သည် တစ်နေ့လျှင် ထမင်းဘယ်နှယ်နပ်စား၍ အဝတ်ဘယ်နှစ်ထည်လဲ၍ ဝတ်ရန်လိုပါသနည်း။

### မနှိုးနှင့်

သူအိပ်ပျော်နေတုန်း နတ်သုဒ္ဓါကိုပင် နှိုးမကျွေးပါနှင့်၊ သူနိုးလာမှ ရေတစ်ခွက်တိုက်ခြင်းက ပို၍အရာရောက်ပေလိမ့်မည်။

### ကောဋ္ဌာဟာလ

အကြွေရှားသည်ဟူသော ကောဋ္ဌာဟာလကြောင့် အကြွေရှားနေခြင်းသာ။ (အမှန်မှာ အကြွေမရှား)။

### ထိုအခိုက်

ရေနစ်နေသော အခိုက်တွင် ရွှေတစ်ပိဿာမလိုချင်ပါ။

### မကြောက်

လေမုန်တိုင်းကို မကြောက်သူကား မြေကြီးဖြစ်၏။

### အငှား

ပွဲနေ ပွဲထိုင်သွားရာတွင် သူတစ်ပါးထံမှ ပစ္စည်းငှား၍ဝတ်ခြင်းမှာ မိမိ၏ညံ့ဖျင်းမှုကို ဖော်ပြခြင်းဖြစ်၏။

**အချောင်သမား**

မြေကြီးနှင့် မိုးကောင်းကင်တို့ လင်းကွင်းတီးသော အခါ၌ အချောင်သမားတို့ ကြီးပွားချမ်းသာအံ့။

**အသေးအဖွဲ့**

အမေရိကန်တို့က ပစ်လွှတ်သော ဂြိုဟ်နီ ၆ အာကာသသို့ မတက်နိုင်သည်မှာ ဖုံကာပစ္စည်းလေးတစ်ခုကြောင့် ဖြစ်၏။ (အသေးအဖွဲကို ပို၍ဂရုစိုက်ရာ၏။)

**အရေးသမား**

နီတိရေးသူတိုင်းသည် သူတို့ရေးသည့် နီတိများ အတိုင်း မကျင့်သုံးနိုင်ပေ။

**ဒိဋ်**

နူးညံ့သိမ်မွေ့သော မွေ့ယာထက်၌ အိပ်မပျော်ခဲ့သော် တိုသူမှာ လူ့ဘဝဆုံးသူတည်း။

**အလျှင်**

ဆရာလုပ်လျှင် တပည့်ခံပါဦး။

**စိတ်ချ**

လူကိုဝယ်လျှင် ဂုဏ်ထူးရာထူးက စိတ်ချရသည်။ မေတ္တာကို ဝယ်လျှင် သစ္စာက စိတ်ချရသည်။



**ဂျိုးကျိုမ့်သံ ညံမစဲ**

သိကြားသာသနာဖြစ်၍၊ မကောင်းသူတိုင်းသော မိုးကြိုး ပစ်ရမည်ဆိုလျှင် ယနေ့ခေတ်တွင် ဂျိုးကျိုမ့်သံကို စဲအံ့မထင်။

**ဘဝင်**

ဘဝင်မြင့်ခဲ့ခြင်း၏ အကျိုးကျေးဇူးကို ခံဖူးသူရှိပါက ကျွန်တော့်အား ပြောပြစေချင်သည်။

**ကြားလျှင်တော့**

သိုးသွားသောထမင်းကို မစားအပ်သကဲ့သို့ ကွဲကွာ သွားသည်မှာ ကြာပြီဖြစ်သော မယားအား ပြန်မပေါင်းသင်းအပ်။

**အလုပ်, လုပ်**

အချိန်သည် သူကိုမစောင့်လျှင်၊ လူကပဲ အချိန်ရှိတိုင်း အလုပ်လုပ်ရန်သာ ရှိပေသည်။

**မိန်းမစိတ်**

သိပ္ပံပညာရှင်တို့သည် လောကကြီးနှင့် ချည်ထားနိုင် စေဦး၊ မိန်းမတစ်ဦး၏ စိတ်ကိုကား ချည်ထားနိုင်အံ့မထင်။

**ရှုံးလျှင်**

သင့်လည်ချောင်းထဲမှ တံတွေးသည် သင့်အား အစာ ကိုမျိုချစေနိုင်ခြင်း၊ အစာကိုကြေညက်စေခြင်း ဖြစ်စေပါလျက် ထမ်းမပေးကို ရှုထိုက်ပါသလား။

### အလကားဆိုသည်

သက်ရှိသတ္တဝါကို အလကားရတိုင်းမယူပါနှင့်။

### နောက်သို့

တောင်ပေါ်တက်လျှင် နောက်ပြန်မကြည့်ပါနှင့်။

### အတက်နှင့်အဆင်း

အတက်သည် နှေးတတ်၍၊ အဆင်းသည် မြန်တတ်သည်။

### အတင်း

သင်တစ်ယောက်တည်း နေသည့်အခါ သင့်အတင်း သင်ပြောပေလိမ့်မည်။

### ငွေကြေးတန်ဖိုး

ပစ္စည်းနှင့် လုပ်အားအပြန်အလှန် ဖလှယ်၍ရသော ကာလ၌ ငွေကြေးသည် တန်ဖိုးမရှိနိုင်တော့ပေ။

### အကျင့်ဆိုး

အိမ်သာနံရံကာစ နံရံတိုင်းတို့တွင် ညစ်ပတ်သော စာများရေးတတ်သူသည် လူယုတ်မာတို့၏ ကျောရာဇ်တည်း။

### ပြည်သူ့ပစ္စည်း

ပြည်သူ့ပစ္စည်းကို မိမိပစ္စည်းမှန်း မသိသောသူမှာ သနားဖွယ်ရာကောင်းလှပေသည်။



### သင်မကြိုက်လျှင်

သင်မကြိုက်သောကိစ္စကို သူတစ်ပါးအား မတိုက်တွန်းပါနှင့်။

### မရှောင်နှင့်

သူတစ်ပါးအား မြှောက်ပေးပြီးလျှင် သင်ရှောင်မနေသင့်ပါ။

### ဘယ်သူလဲ

အတင်းမပြောဘဲ သေသွားသူဟု ကမ္ဘာတွင်မရှိ။

### ဘာထူး

ထွက်သက်၊ ဝင်သက်လောက်ကို သိရုံမျှဖြင့် များထက် ဘာထူးပါသေးသနည်း။

### ငြိမ်

လူသေလို မဆော့နှင့်၊ မျောက်လိုငြိမ်ငြိမ်နေ။ (မထင်ပေါ်အပ်သည်၌ မထင်ပေါ်ပါစေနှင့်)

### လူပိုတွေ

တို့အမျိုးက ဘာအမျိုး ဘာအနွယ်ပဲဟု ဘဝင်မြင့်နေသမျှ လောကအတွက် လူပိုသာဖြစ်၏။

## သေသူနှင့်ရှင်သူ

သူသေသည် ဘာမှမလုပ်နိုင်တော့ပါပဲလျက်၊ အဘယ်ကြောင့် ကြောက်နေကြပါသနည်း။ (သေသူထက် လူရှင်ကို ပို၍ကြောက်ပါ။)

## နှိုင်းယှဉ်

မနေ့က သင်နှင့် ယနေ့ သင် နှိုင်းယှဉ်ကြည့်ပါ။

## ဗိုးလင်းလျှင်

တစ်ရက်အသက်ကြီးသွားပြီကို နံနက်တိုင်း သိပါစေ။

## နှစ်ဘက်မျှ

သင်လမ်းသွားရင်း ရနိုင်သော သင်ခန်းစာမှာ ဘယ်ခြေချည်းလည်း သွားမရ၊ ညာခြေချည်းလည်း သွားမရ၊ နှစ်ဖက်မျှမှ သွား၍ရခြင်းပင် ဖြစ်၏။

## အဆိပ်

အဆိပ်ကို တစ်ခါသာ စားမိပါစေ။

## အိပ်နီးချင်း

အရင်းနီးဆုံးသော ဆွေမျိုးမှာ သင့်အိမ်နီးချင်းသာ ဖြစ်သည်။

## အဆုံးအမ

ဘာသာတရားအသီးသီးမှ ဘုရားတို့၏ဆုံးမ ဩဝါဒ



အတိုင်းသာ လိုက်နာကြပါလျှင် ကမ္ဘာပေါ်တွင် ရုံးတွေ၊ ရဲတွေ ရှိနေစရာ လိုတော့မည် မဟုတ်။

## ငရဲ

ဘာသာတရားတစ်ခုကို ကိုးကွယ်သူသည် အခြားဘာသာတရားတစ်ခုကို လေးစားခြင်းကြောင့် ငရဲမကြီးနိုင်(ပို၍ပင် အကျိုးရှိနိုင်ပေသေးသည်။)

## အရှုံးမရှိ

ယဉ်ကျေးစွာ ဆက်ဆံခြင်း၊ ချေင်စွာပြောဆိုခြင်းအတွက် အရှုံးမရှိပေ။

## အကောင်း

အပြောကောင်းသူတိုင်း အလုပ်မကောင်းတတ်သလို၊ အပြောမကောင်းသော်လည်း အလုပ်ကောင်းသူရှိပေသည်။

## အဆောင်

ရေပူးကို ရေမပါဘဲ ဆောင်ရန်မလို။

## မသိစေနှင့်

သင်၏ဝမ်းနည်းဖွယ်ရာကို သူတစ်ပါးအား မသိပါစေနှင့်။

## သူ့အလုပ်နှင့် ကိုယ့်အလုပ်

နိုင်ငံရေးသမားက နိုင်ငံရေးလုပ်၊ စီးပွားရေးသမားက စီးပွားရေးလုပ်၊ စိုက်ပျိုးရေးသမားက စိုက်ပျိုးရေးလုပ်၊ မွေးမြူ

ရေးသမားက မွေးမြူရေးလုပ်၊ အနုပညာသမားက အနုပညာလုပ်။ (ရောရောထွေးထွေးလုပ်ကြလျှင် ဗွင်ကျယ်ကြမည် မဟုတ်။)

**အဈက်သမား**

အချောင်သမားတို့၏ အဓိကလုပ်ငန်းကား အဈက်စကားပြော၊ ကောဠဟလလွှင့်ခြင်းများသာတည်း။

**ဆိုင်းဘုတ်**

အလုပ်အကိုင်ကြီးမှ ဆိုင်းဘုတ်ကြီးကြီးချိတ်ပါ။

**လောကဓံဆိုသည်မှာ**

လောကဓံတရားမှာ လက်မပါပါ။ သူကမထု ထောင်းနိုင်ပါ။ သင်ကသာ သူ့ကိုနင်းပြီး ကိုယ့်တက်လမ်းကိုယ်ရှာပါ။

**စွဲစွဲမြဲမြဲ**

လူတစ်ယောက်သည် တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲ လုပ်သင့်၏။

**ရှင်း**

အစရှင်းမှ နောင်ရှင်းမည်။

**အစွဲအလမ်း**

ကုန်းသတ္တဝါများကို သနား၍မစားဘဲ နေသူသည် ရေသတ္တဝါတို့ကို ပို၍သတ်စေသူသာ ဖြစ်သည်။



**အရှုံးအမြတ်**

အလုပ်တွင် ညနေတိုင်း စာရင်းပိတ်ကာ၊ အဝင်အထွက် လက်ကျန်တွက်သကဲ့သို့ ညအိပ်ရာဝင်တွင်လည်း သင့်ကိုယ်ရေးကိုယ်တာ ဘဝအရှုံးအမြတ်တွက်ကြည့်ပါ။

**ဆေး**

ဉာဏ် ၃၀ %၊ ဝီရိယ ၃၀ %၊ ဖွဲ့ ၄၀ %ဖြင့် ဖော်စပ်သော ဆေးသည် အောင်မြင်ရေး ဆေးကြီးပင်တည်း။

**ဆောက်**

အဆောက်အအုံ ဆောက်ရာတွင် အမိုးမှစ၍ မဆောက်ပါနှင့်။

**ရွှေနှင့်ကြေး**

ရွှေတွေ ပျောက်ကွယ်သွားပါလျှင် ကြေးတွေသည် မိန်းမတွေ၏ လက်ပေါ်၊ ရင်ပေါ်ရောက်လာမည်သာ။

**အစား**

ကိတ်မုန့်စားနေသော လူစားသည် ပြောင်းဖူးစားနေသော လူထက် ဘယ်နှစ်ရက်ပို၍ အသက်ရှည်နိုင်ပါသနည်း။

**အငှားအရမ်း**

တစ်ဖက်သားက ခင်မင်စွာထားသော ပစ္စည်းကို သင်က မငှားပါနှင့်။

## အရှောင်ကောင်းတိုင်း

ဝိနည်းနှင့် ဥပဒေကို ရှောင်၍သာရတိုင်း ဖောက်ပြန်နေမည်ဆိုလျှင် သင်ဘယ်တော့မှ လူကောင်းမဖြစ်နိုင်။

## လုပ်

ကောင်းကောင်း စားချင်လျှင် ကောင်းကောင်း အလုပ်လုပ်။

## ညှက်

အသက်ရှည်လိုသော် ညှက်ညှက်ဝါးပါ။

## လက်တွေ့တွင်

မိန်းမတို့အကြောင်း ကျွမ်းပြသူတို့၌ ရည်းစားကောင်း မရှိနိုင်။ (မယားကောင်းမရနိုင်။)

## ခေတ်မီဖို့

အဝတ်အစား ခေတ်မီဖို့ထက် လူမှုရေးတွင် ခေတ်မီဖို့လိုသည်။

## မကြာ

သူ့နိုးစားပြမျှား ကြီးပွားချမ်းသာစွာ ကြာကြာနေရသည်ကို မတွေ့ဘူးသေးပါ။



## မျက်စိမရှိသော်

အချစ်တွင် မျက်စိမရှိလျှင် လက်ဖြင့်စမ်းပြီး ချစ်ကြရုံသာရှိ၏။

## အရှုံး

ဟုတ်၊ စားပြီးဆေး ထိုးသူသည် ပထမဆုံး မိမိအသားအနာခံရသည်ကစ၍ ရှုံး၏။ နောက်တကယ် စွမ်းသောအခါတွင် အပြီးသတ်ရှုံး၏။

## မိန်းမ

မိန်းမများကို မည်သည့်အခါမျှ အရိယာပုဂ္ဂိုလ်ဟု မထင်ပါနှင့်။ (အနှုပုထုဇဉ်ဟုဘာထားပါ။)

## စိတ်ရှုပ်

လွယ်ကူသော် အိမ်ထောင်ရေးကိစ္စအတွက် တစ်သက်လုံး ခေါင်းရှုပ်ခံနေလျှင် အခြားလုပ်စရာရှိတော့မည် မဟုတ်ပါ။

## ဖျက်သူ၊ ဖျက်သူ

မိန်းမများ ပျက်စီးရခြင်း၌ ယောက်ျားများကြောင့်ထက်၊ မိန်းမအချင်းချင်းကြောင့် ပျက်စီးရသည်က ပို၍များ၏။

## နတ်သင်

နတ်ယောက်ျားများက လူမိန်းမများကို ကောက်သည်

ဆိုကာ မယားလုပ်ထားပါလျှင် လူယောကျ်ားကလည်း နတ်မိန်းမဖြစ်သော မရွှေဥ၊ ရွှေနဘေစသည်တို့ကို မကောက်ထိုက်ပေဘူးလား။

**အရောင်း**

အချစ်ကိစ္စတွင် အဲရောင်းအဝယ်သဘော မသက်ရောက်ပါစေနှင့်။

**စဉ်းစား**

သမီးရည်းစား ဘဝကပြောခဲ့မိသော စကားများကို လင်မယားရန်ဖြစ်ခါနီး၌ ပြန်စဉ်းစားပါ။

**ယုယုယယ**

လင်မယား နှစ်ဦးဟု ဖွဲ့နှောင်မှုသည် ကာမဂုဏ်မှုထက် ယုယမှုက ပို၍လေးနက်စေသည်။

**ခေတ်ပါတီ**

ခေတ်စားရာ ပါတီမှန်သမျှ လျှောက်လှာတင်၍ ဝင်ခဲ့သူသည် တိုင်းပြည်ကို ချစ်သူဟု ဝေကံဆိုနိုင်မည်လော။

**ရွှေဖိနပ်**

နံ့ဖိနပ်ကို ရွှေမင် မသုတ်ကာပ်ပေ။

**ပညတ်**

အလှအပဆိုသည်မှာ လူတွေက ပညတ်ခေါ်ဝေါ်ခြင်းသာဖြစ်၏။



**ချစ်ဒုက္ခ**

ကမ္ဘာပေါ်တွင် မိန်းမ၊ ယောကျ်ားများစွာ ရှိပါလျက် တစ်ယုံတစ်ဦးအား စွဲလမ်းတမ်းတနေခြင်းမှာ ကိုယ့်ဒုက္ခ ကိုယ်ရှာခြင်းသာမည်၏။

**ရှား**

ရှားပါးခြင်းသည် တန်ဖိုးဖြစ်၏။ (တန်ဖိုးကြီးလိုသော် ရှားပါးအောင်ပြုပါ။)

**အာရုံ**

ကိုယ်ဒီအင်္ဂါတစ်ယုံတစ်ခု ချွတ်ယွင်းသူသည် တစ်ယုံတစ်ခု၌ထူးချွန်တတ်သည်။

**မြေးအဘိုး**

သားသမီးများကို အဘိုး၊ အဘွားတို့နှင့် မနေစေခြင်းသည် အကောင်းဆုံးသော ကျောင်း၌ထားသည်ထက်ပင် ကောင်းသေး၏။

**စဉ်းစားပါ**

ကြောင်နက်မျက်လုံးသည် စားပြီးသည် ကျည်ဆန်ပြီးသည်ဆိုလျှင်၊ ထိုကြောင်သည် ဘာလက်နက်ဖြင့် သေခဲ့ရသည်ကို စဉ်းစားပါ။

## အသက်ကယ်

ငှက်သမား၊ သမှာန်သမားတို့က ဆေးဆရာများ၊ ဒေါက်တာများကို ကယ်ခဲ့ရပေါင်းများပြီ။

## သားဆိုးမိဘ

ဆိုးသွမ်းသော ကလေးများ၏မိဘ အုပ်ထိန်းသူတို့သည် ရှက်တတ်မည်သာဆိုက သတ်သေထိုက်ပေသည်။

## ဖြီး

အစာကို မစားမိလေ့လာရန်နှင့် ဆေးကိုမစားမိ ဖြီးကြည့်ရန် မမေ့ပါနှင့်။

## ပညာဟူသည်

ပန်းချီဆရာ၌ ၁၀၀၀ ကျပ်ရသော ကားတစ်ကား၏ ဆေးဖိုးမှာ ၁၀ ကျပ်မျှသာကုန်၏။ စာရေးဆရာ၏ ဖောင်တိန်တစ်ချောင်းသည် ငွေပေါင်း ၁၀၀,၀၀၀ ကျပ်ထက် မနည်း ရနိုင်သည်။

## စကားတပ်ခွန်း

သင်ဖိုင်သော ဓားကရှုလျှင် သင့်ကိုယ်၌ တစ်ချက်ထက်ပို၍ မထိနိုင်၊ သင့်လျှာက ပြောသောစကားတစ်ခွန်းကြောင့် သင့်အသက်အား ရန်ရှာနိုင်ပေသည်။



## စည်းမဲ့လျှင်

မိန်းမများအပေါ်၌ ထားရှိသော ပညတ်ချက်စည်းကမ်းမလေ့တို့ကိုသာ ခွင့်လွှတ်လိုက်ကြမည်ဆိုလျှင် လမ်းပေါ်၌ အမြင်မတော်မှုတွေ ရောက်လာပေမည်။

## အဝတ်ဆိုသည်

အဝတ်သည် တင့်တယ်မှု၊ လုံခြုံမှုနှင့် အမူအရာကာကွယ်မှုထက် ဘာမျှပို၍ အသုံးမဝင်ချေ။

## ကြံ

ဝ,မရှိဘဲ ဝိလုပ်တ်အောင်ကြံပါ။

## တု

ပစ္စည်းအတု လုပ်ရောင်းသူထံသို့ ငွေတုရောက်လာတတ်သည်။

## အထင်ကြီးမှု

အသက်ကြီးသွားသူများကို ရှေးလူကြီးတွေခေတ်မဒီတော့ဘူးဟု ယူဆလျှင်၊ သင်သည် ကလေးငယ်တို့၏ တပည့်ခံရသာရှိတော့၏။

## စမ်း

သူတစ်ပါးကို နှိပ်စက်မည်ဆိုလျှင် သင့်အသားကို အပ်နှင့်ထိုးကြည့်ပါဦး။

## မတတ်လျှင်

ကားမပြင်ဘတ်ဘဲ ကားမောင်းသူသည် လမ်းတွင် ဒုက္ခတွေ့တတ်သည်။

## တစ်ကြိမ်

သူငယ်ချင်း အပေါင်းအသင်းတို့အပေါ် တစ်ခါသာလျှင် အနိုင်ကျင့် မင်းမူတိုက်သည်။

## စည်းကမ်းဖောက်သူ

အိမ်ထောင်စု တစ်ခုအတွင်းထားရှိသော စည်းကမ်းကို စတင်ဖောက်ဖျက်သူမှာ သင့်ဇနီးပင်ဖြစ်၏။

## သတ္တိကောင်းသူများ

အလောင်းအစားသမားတို့၏ သတ္တိမှာ ငယ်လှသည်မဟုတ်၊ လက်ဝယ်ရှိသမျှ ချလောင်းကစားဝံ့သည်မှာ ထူးခြားလှပေသည်။

## အကျင့်

တိရစ္ဆာန်တို့၏ အမူအကျင့်အားလုံး လူတွေထံမှာရှိသည်။ လူတွေ၏ အမူအကျင့်များ အားလုံးတော့ တိရစ္ဆာန်တိုင်း၌မရှိပါ။

## ချမ်းသာသူ

ငွေများများ လက်ဝယ်ရှိသူတိုင်း လူချမ်းသာမဟုတ်။



## တစ်သန်းတန်

တိတ်တိတ်နေ ထောင်တန်၏ဆိုလျှင် စကားမပြောတတ်သောသူသည် ကစ်သန်းတန်ပေမည်လား။

## မျှမျှ-တတ

မိမိတစ်ယောက်တည်း ကြွယ်ဝချက် ဝေ်နေသော ပတ်ဝန်းကျင်ကို မျှတမစားလျှင် ထိုပတ်ဝန်းကျင်က သင့်အစာကို လုယက်စားတတ်သည်။

## ထာဝရ

တန်ခိုးကြီးစွာ အာဏာတို့သည် အခိုက်အတန့် တဒင်္ဂမျှသာဖြစ်၍ သစ္စာရှိ၍ တည်ကြည်သူသာလျှင် သေပြီးသည့်နောက်အထိ ကျန်ရစ်သော ထာဝရဖြစ်၏။

## အမှား

မမှားသော ရှေ့နေဖြစ်အောင် ကြိုးစားပါ။

## အချိန်

ယနေ့ အရိပ်ခိုနေရသော သစ်ပင်ကြီးတို့သည် မနေ့ကမှ စိုက်ခဲ့သည်မဟုတ်။

## ထကယ့်ထက္ကသိုလ်

စာသင်ကျောင်းမှရခဲ့သော ပညာဖြင့် ကြီးပွားသူထက် လူထုထံမှရရှိသော ပညာဖြင့် ကြီးပွားသူက ကမ္ဘာမှာ ပို၍များ၏။

## ရန်သူ့အတွက်

သင်ကိုင်ဆောင်ထားသော ဓားသည် ရန်သူအတွက် မဖြစ်ပါစေနှင့်။

## အခြေခံပညာ

မည်သည့်ကမ္ဘာကျော် စာရေးဆရာကြီးမှ အေ၊ ဘီ၊ စီ၊ ဒီ ၂၆ လုံးထက် ပို၍မတတ်ကြ။

## နှစ်ထပ်ဒဂါး

အသုံးနှင့်အဖြုန်းကို နားလည်သူတိုင်း၏ ဒင်္ဂါးတို့သည် ၂ ထပ်ချည်းဖြစ်၏။

## စစ်စရိတ်၏အစ

လောဘ၊ ဒေါသ၊ မာန်မာန တရားများကြောင့် ကမ္ဘာပေါ်တွင် စစ်ဘက်၌ ငွေများကုန်နေကြခြင်း ဖြစ်သည်။

## ရှောင်လေသော်လည်း

တိုက်ပွဲတွင် နောက်ဆုံးမှာနေရ၍ ကျည်မထိမှန်နိုင်ဟု မယူဆသင့်။

## အလိမ်

ဥပဒေကို လိမ်နေသူသည် မိမိကိုယ်ကိုလည်း လိမ် နေသူဖြစ်၏။



## လက်တွေ့

ဂမုန်းအပင် (၁၀၀)စိုက်ခြင်းထက်၊ ကြက်သွန်တစ်ပင် စိုက်ခြင်းက လက်တွေ့စားရ၏။

## ပညာကောင်း

ကျောင်းကြီးကျောင်းကောင်း နေတိုင်း ပညာကောင်း မရနိုင်။

## လူလည်

ကမ္ဘာအနံ့လှည့်ဖူးသူတိုင်း လူလည်များ မဟုတ်။

## ရွှေတန်ဖိုး

ရွှေတုံးကို မျိုချခြင်းဖြင့် ဘာမှမကျိုးမရှိနိုင်။

## ကြီး၍လုပ်

အကြံကို ရှေ့ကထားပြီး အလုပ်နောက်က ပေါ်လျှင် မကြီးပွားနိုင် (အကြံသမားထက် အလုပ်သမားက ကြီးပွားမြန်၏)

## ပွဲသွားကျော့ကျော့

စိတ်၏ပျော်ရွှင်မှုအတွက် ခန္ဓာကိုယ်တစ်ခုလုံး ဒုက္ခခံ ကာပွဲအလင်းကြည့်ကြသည်မှာ လျောက်ပတ်သော ပျော်ရွှင်မှု မဟုတ်ပေ။

## လူညံ့

မိန်းမကို ရိုက်နှက်ဆုံးမနေသော ယောကျ်ားသည် လူညံ့ဖြစ်ကြောင်း ကြော်ငြာနေခြင်းပင် ဖြစ်၏။

## အကြောက်၏အမှတ်အသား

လက်နက်များ ပြုလုပ်စုဆောင်းနေသူမှာ မိမိအကြောက်တရား၏ သင်္ကေတဖြစ်၏။

## ဆင်းရဲဆေး

အကြွေးယူတတ်သော အကျင့်သည် ဆင်းရဲစေသည့် ဆေးကိုစားမိခြင်းမည်၏။

## ဝိဇ

ယဉ်သောနွားက မွေးကိုင်း နွားယဉ်ကလေးများ မဟုတ်။

## ကျွမ်းကျင်မှုနှင့် ခွန်အား

ကျွမ်းကျင်သော လုပ်ငန်းအတွက် ခွန်အားမလိုပါ။

## အချစ်ဆိုသည်

မိန်းမကို မယူမီကချစ်ပါ။ ယူပြီးသည့်နောက် မချစ်ပါနှင့်တော့၊ ကိုယ့်ကိုနိုင်သွားလိမ့်မည်။

## နိုင်စက်လိုလျှင်

ဖမ်းမိသော သတ္တဝါကို ထပ်မံ မနှိပ်စက်ပါနှင့်။



## ဒါမှကြိုးစားမည်

မနက်စာအတွက် စိုးရိမ်နေပါလျှင် ညစာအကုန် စားပစ်လိုက်ပါ။

## တရားရှင်

သူတစ်ပါးအား တရားပြနေသူကို မိမိကော မည်မျှ ကျင့်သုံးပြီးသည်ကို စဉ်းစားသင့်၏။

## တံဆိပ်

လည်ပင်း၌ ရွှေကြိုးဆွဲထားခြင်းသည် အရည်အချင်း မပြည့်သော ယောကျ်ား၏တံဆိပ်ဖြစ်သည်။

## မယားအတွက်

မိမိက တစ်သက်လုံး လုပ်ကျွေးရမည့် မယားတစ် ယောက်ရရေးအတွက် အရူက်မဲ့စွာ တောင်းမန်နေစရာမလို။

## အစ်

သင်လုပ်သောအစ်၊ သင့်ကို ပြန်၍ရှုးတတ်သည်။

## ပကာသန

ပကာသန မက်ကာနေခြင်းမှာ ဘဝမသိသေးသော သူများစကားသာ ဖြစ်၏။

## ညီမျှခြင်း

ဝါကြွားခြင်း၊ လိမ်လည်ခြင်း၊ ၂ ရပ်ပေါင်း၏ ညီမျှခြင်းမှာ ရှက်စရာဖြစ်ပေ၏။

## အနေတတ်ပါ

မိမိအား ဒုက္ခပေးနိုင်သူတို့ အထင်မမှားအောင် နေတတ်ဖို့လို။

## ဘီလူးမ ဖက်ရှင်

မိန်းကလေးများ လက်သည်းရှည်ရှည်ထားခြင်းကို ဘီလူးမ ဖက်ရှင်ဟုခေါ်ရန်သာ ရှိတော့သည်။

## ကြော်ငြာ

မြန်မာ့ဆေးကြော်ငြာတိုင်း ၉၆ ပါးပျောက်နိုင်ကြောင်း ဖော်ပြတတ်ပေသည်။

## စားသောက်စရိတ်

ကမ္ဘာတစ်ဝန်းလုံးတွင် ယောက်ျားများဘက်မှ ကုန်သောအရက်ဖိုး၊ မိန်းမများဘက်မှ ကုန်သော အဝတ်အထည်နှင့် အလှပြင်စရိတ်တို့ စုပေါင်းလျှင် တစ်ကမ္ဘာလုံးရှိ လူသာမန်တို့ စားသောက်စရိတ်နှင့် ညီမျှလောက်ပေမည်။



## အမြင်တက်–မြတ်

တရားသဘောတို့သည် နေရာတိုင်းမှာ ရှိသည်ဟု မြင်တတ်လျှင် မြတ်သည်။

## အဝယ်– အပယ်

မလိုဘဲ မဝယ်နှင့်၊ မပိုဘဲ မပယ်နှင့်။

## ခလုတ်ကန်သင်း

ကိုယ့်လမ်းကိုယ်သွားနေသော မီးရထားပင်လျှင် တိုက်မှုဖြစ်နိုင်သေးသော်။ သင့်လမ်း သင်သွားနေပါလျှက် ခလုတ်ကန်သင်း အနှောင့်အယှက် တွေ့နိုင်သည်ကို သတိရှိပါ။

## အသွား–အစား

မလာဘဲ မသွားပါနှင့်။ မဆာဘဲ မစားပါနှင့်။

## အဆောင်အယောင်

အဆောင်အယောင် အခမ်းအနားများကြောင့် ကုန်ကျသောငွေကို စုပုံထားပါလျှင် အများအသုံးဝင်မည့် အဆောက်အဦးတစ်ခုလောက်ရှိခဲ့ပြီ။

## သတ္တိရှိသူ၏သတ္တိ

သတ္တိရှိသူတိုင်း ကြာရှည်သည်းခံတတ်၏။

### နှောင့်

ထုံးစံနှင့် ဓလေ့ကြောင့် အလုပ်ကိစ္စ မနှောင့်နှေးပါစေနှင့်။

### နှောင်တ

နှောင်တဟူ၍ နောင်မှမတရန်အတွက် ယခုမှကြိုတင်စဉ်းစားပါ။

### ပတ်ဝန်းကျင်ကြည့်

အသင် ထမင်းစားမည်ဆိုလျှင် သင့်ပတ်ဝန်းကျင်၌ အဘယ်သူများ ငတ်နေပါသနည်းဟု လှည့်ကြည့်ပါဦး။

### အဖြူညီ

ဆံပင်ထက် မုတ်ဆိတ်ကျင်စွယ်တို့က အနှစ် ၂၀ ငယ်ပါလျက် ဖြူသောအခါတွင် အဘယ်ကြောင့် တစ်ချိန်တည်း ဖြူပါသနည်း။

### တစ်ပေါက်အတွက်သာ

လက်နှစ်ဖက်၊ ခြေနှစ်ဖက်နှင့် ပစ္စည်းဥစ္စာရှာဖွေပါသော်လည်း စားသည့်အခါ ပါးစပ်တစ်ပေါက်အတွက်သာလျှင် ဖြစ်သည်။

### သံသရာလည်

သင်က ပစ္စည်းတစ်ခုပေါ်တွင် ဝိသမလောဘဖြင့် အမြတ်ကြီးစား လိုက်ပါသော် သင်က တစ်စုံတစ်ရာပြန်၍ ဝယ်သောအခါ အမြတ်ကြီးပေးရတော့မည်သာ။ (ထို့ကြောင့် ဈေးကြီးမှု သံသရာလည်သည်။)



### ပုံမြင်

လူ့ဘဝ အဖြစ်အပျက်များသည်ပင် ပုံပြင်များသာ ဖြစ်ပေသည်။

### ကြီး

ကျွဲ၏အသုံးမဝင်သော အသံသည် သေးငယ်သော်လည်း၊ အသုံးဝင်သော ခွန်အားမှာများစွာကြီးမားပေသည်။

### ရာဇဝင်ရေးသူ

ရာဇဝင်ကို မင်းမှုထမ်းတို့ ရေးခြင်းထက်၊ တိုင်းသူပြည်သားတို့ကသာ ရေးအပ်၏။

### လမ်းမှား

မျက်စိလည်ချင် လည်ပါစေ၊ လမ်းမမှားပါစေနှင့်။

### ကမ္ဘာစိုး

အရက်သောက်တိုင်းသာ ညထွက်မည်ဆိုလျှင် ဂေါ်ရင်ဂျီတပေသည် ကမ္ဘာသို့စိုးမိုးပေလိမ့်မည်။

### သူတော်

ကြောင်သူတော်ဟူ၍ ကမ္ဘာပေါ်မှာ သီးခြားမရှိ။

### အာရှောင်

ကြောင်သည် သူ့ကိုယ်သူမှ လှပအောင်နေပြီး သက်သာအောင် နေသလောက် သူများအသက်ကိုမူကား ညှဉ်းပန်းနှိပ်စက်ကာ သတ်ဖြတ်စားတတ်၏။

### ရောဂါ

ခြေဖဝါးနှင့် မြေသားသည် မကင်းကွာအပ်၊ ကင်းကွာသည်နှင့်အမျှ ရောဂါတစ်ခုရတတ်သည်။

### မကင်းကွာအပ်

(မြေကြီး၏ သားသမီးသည် မြေကြီးနှင့် မကင်းကွာအပ်။)

### နောက်လိုက်

မတီထွင်နိုင်သော်နေပါ၊ သူများနောက်က မလိုက်ပါနှင့်။ အတုမလုပ်ပါနှင့်။

### အသိ

ပြောင်းဆန်ပဲ စားကြီးကြီး၊ ကိတ်မုန့်ပဲ စားကြီးကြီး၊ ထမင်းပဲ စားကြီးကြီး အသိတရားကြီးဖို့သာလို၏။

### မတူ

ဆားနှင့်သကြားသည် ရုပ်ခြင်းအားဖြင့် တူသော်လည်း



အရသာအာနိသင်ချင်း ကွာလှချေသည်။ (လူပုံချင်းတူသော်လည်း အရည်အသွေး မတူကြချေ။)

### အရှုံး

သင်ကရိုက်လျှင် သင် တရားခံ၊ သင်အရိုက်ခံရသော် သင် တရားလို၊ ဒေါသ၊ မောဟကြောင့် ဖြစ်ရသော ဤဖြစ်ရပ်ကြောင့် သင်ရှုံး၏။ တိုင်းပြည်မှာ ငွေကုန်၏။

### မသေ

အိပ်နေသော အိပ်မက် မက်ခြင်းကို နိမိတ်ကောက်ရာမလိုပါ။ အိပ်မက် မက်နေခြင်းသည် အိပ်နေသော်လည်း အသက်မသေ သေးကြောင်းပြနေခြင်းသာ ဖြစ်၏။

### အိတ်နှင့်အိမ်

အရက်သမားသည် အိတ်တွင်ပါသမျှ ငွေကိုကုန်စေနိုင်၏။ လောင်းကစားသမားသည် အိမ်တွင်းရှိ ရွှေနှင့်တကွ အိမ်ပါကုန်စေနိုင်သည်။

### တစ်ညာ–တသာ

ဟိုတယ်၌ တစ်ညဖြုန်းခဲ့သော ငွေသည်အိမ်၌ တစ်လ သုံးနိုင်သော ငွေဖြစ်၏။

### မုန်းတိုင်း

မုန်းတိုင်းသည် အခါခပ်သိမ်း ကျရောက်နေမည် မဟုတ်။

## ငြိမ်

လှိုင်းမရှိဘဲ ငြိမ်သက်နေသော ရေပြင်သည် အရုပ်ဆိုးလှသည်။

## တပည့်

သဘောတရားသည် လက်တွေ့၏သားသမီး တပည့်မျှသာဖြစ်သည်။

## မထိလျှင်

သင်ကသာ တရားဥပဒေ ညွတ်ကွင်းသို့ မဝင်လျှင်၊ တရားဥပဒေက သင့်အားလာ၍ ထိပါးမည်မဟုတ်။

## မာ

တောက်ပတိုင်း ရွှေမဟုတ်၊ မာကျောတိုင်း သံမဏိမဟုတ်။

## ဓားနှင့်သံချေး

မသိုးဘဲ ပစ်ထားသော ဓားသည် သံချေးတက်၏ သုံးနေသော ဓားသည် ထက်မြက်လျက်ရှိ၏။ အတတ်ပညာကိုလည်း မသုံးဘဲနေက မေ့ပျောက်တတ်သည်။

## ဘဝသင်တန်း

ရည်းစားများများထားခြင်းသည် ဘဝသင်တန်း တက်နေခြင်းမည်၏။



## စိတ်

စိတ်ပါမှ ကိုယ်ပါသည်။ (စိတ်သည် ရှေ့သွား၊ ကိုယ်သည် နောက်လိုက်။)

## ကွာခြားမှု

ဆင်းရဲခြင်းကို ခံရဖူးလေလေ၊ ချမ်းသာခြင်း၏ အရသာကို ပို၍သိလေလေဖြစ်၏။

## သူသိသည်

ကလေးအား ဘာမှမသိသေးပါဟူသော သဘောဖြင့် သူ့ရှေ့တွင် မလျော်သည့်အမှုကို မပြုပါလေနှင့် (အတုမြင်လျှင် အတတ်သင်တတ်သည်။)

## ခွေး–ကြောင်နှင့်လူ

ခွေးနှင့်ကြောင်တို့သည် ရာသီအရ ၄င်းတို့၏ လများ၌သာ မိတ်လိုက်ကြသည်။ လူတို့က ရာသီမလပ် နေ့ည မရှောင် မိတ်လိုက်တတ်လေရာ အဘယ်သူက လွန်ကဲရာကြပါသနည်း။

## တို

ငွေကြေးနေသည် လူ့အသက်ကို တိုစေ၍ ပညာဉာဏ်က လူ့အသက်ကို ရှည်စေ၏။

## သူ့စကား

စာရေးဆရာသည် သေပြီးသည့်နောက်နှစ် များစွာပင် စကားပြောနေသေး၏။

## ခွန်

ခွန်လွှတ်ကစားခြင်းသည် ကျန်းမာမှု၊ ခွန်အား တိုးတက်မှု၊ အသိဉာဏ်ပွားများမှုတို့အတွက် ဘယ်ဘက်ကမှ အကျိုးမပြု၊ အချိန်ကုန်ငွေကုန်သာ ဖြစ်၏။

## ကျွန်

ဘုရင်တစ်ဦး၏ ဆွေမျိုးများ အားလုံးအနက် ကျွန် တစ်ဦးကားတော့ ရှိမည်သာဖြစ်၏။

## ရှက်

တိုက်သစ်ကြီးတွေ အဆောက်အအုံသစ်ကြီးတွေသည် လည်းကောင်း၏ ရှေ့၌ တောင်းရမ်းစားသောက်နေရသူများ ရှိနေသည်။ ရှက်ဖို့ကောင်းလှ၏။

## တော

လူတွေသည် မူလက တော၌ နေသူများဖြစ်၏။ ထို့ကြောင့် ယခုအထိ သစ်ပင်စိုက်၊ ပန်းပင်စိုက် ဝါသနာပါနေကြခြင်းဖြစ်တန်ရာ၏။



## မတရား

မိမိစိတ်ချမ်းသာမှုအတွက် တိရစ္ဆာန်များကို လှောင်၍ မွေးစားထားခြင်းမှာ ကိုယ်ချင်းမစာရာ ကျပေသည်။

## နွား

နွားမဝယ်လျှင် နွားနို့ရမည်ကိုသာ မကြည့်နှင့်၊ ချေး ယိုသေးပေါက် လုပ်ဦးမည်ကိုလည်းသိပါ။

## မဝနိုင်

နွားအား အစာမကျွေးဘဲနှင့် ဆူဖြိုးသော အသားကို ရမည်မဟုတ်။

## အားပေးပုံ

ဘောလုံးပွဲကို အားပေးခြင်းအတွက် အားကစား သဘောထက် ပိုကဲပြီး ဆဲရေးခြင်း၊ မြှောက်ပေးခြင်းကြောင့် ထိုသူအား ဘာမျှအကျိုးမရှိနိုင်ပါ။

## နိုင်သမျှ

လက်၌ဆန့်သမျှ ကိုယ်နှင့်နိုင်သမျှသာလျှင် ယူပါ။ လက်နှင့်မဆန့် ကိုယ်နှင့်မနိုင်ယူလျှင် မဖြစ်နိုင်ပါ။

## လာ

မဆာဘဲ မစားနှင့်။ မလာဘဲ မသွားနှင့်။

## ကန်း

ဒေါသစိတ် ဖြစ်ပေါ်လာလျှင် မျက်စိစုံကုံးကန်းသွားပြီဖြစ်၏။

## သေရေး

စားရေး၊ ဝတ်ရေး၊ နေရေးတို့တွင်သာ မကြည့်နှင့် သေရေးအတွက်ပါ ကြည့်ထား၊ ရှာထား။

## လိုက်နာ

ဥပဒေပြုသူများသည် ဥပဒေကို အများသူငှာတို့ထက် လေးစားရမည်ဖြစ်၏။

## မျက်နှာ

မနောဖြူစင်သူ၏ မျက်နှာ၌ သနပ်ခါးပေါင်ဒါ ဓိတ်ကပ်လိမ်းသထားသည်ထက် ကျက်သရေရှိ၏

## အတု

ဘယ်နိုင်ငံက ကမ္ဘာကျော် စာရေးဆရာကြီးက ဘယ်လိုရေးသည်ကို အတုခိုးတတ်ခြင်းထက် ကိုယ်ပိုင်ဦးနှောက်မှ ထွက်သော စာတစ်ပုဒ်က တန်ဖိုးရှိ၏။

## ခါး

တမာသီးကို ခါးသည်ဟု အပြစ်မတင်ပါနှင့် တမာပင်က ခါး၍သာ တမာသီးက ခါးရပါသည်။



## မဆဲတတ်

အနုပညာ တူရိယာပစ္စည်းများက ဘယ်သောအခါမှ လူကိုဆဲရေးတိုင်းတာခြင်းမရှိပါ။

## မပြောင်းလဲ

သံပုရာသီးကို အချိုသီးဟု မှည့်ကာမျှဖြင့် ချို၍လာမည်မဟုတ်ပါ။

## မလိမ်မာ

ဆပ်ကပ်ထဲမှ လိမ်မာယဉ်ကျေးသော မြင်းမမှ မွေးသော မြင်းကလေးသည် ယဉ်ပါးမည်မဟုတ်။

## ဖြတ်

အဆိပ်ပင်ကို ခုတ်ဖြတ်လျှင်ထက် မျိုးပြုတ်ဖို့လိုသည်။

## မကင်း

လောက၌ အပြစ်ကင်းသောယောက်ျား၊ အပြစ်ကင်းသောမိန်းမဟူ၍ တစ်ယောက်မှမရှိချေ။

## မလွတ်

အပြစ်အနာ လုံးဝလွတ်ကင်းမှသာ တန်ဖိုးရှိမည်ဆိုလျှင် အဘယ်ပဏ္ဏာမြားမှ ဝယ်ကြတော့မည် မဟုတ်။

## ကောင်း

လုပ်ငန်းကို ပထမဖြစ်အောင်လုပ်၊ နောက်မှကောင်းအောင်လုပ်၊ ထို့နောက် ပို၍ကောင်းအောင်လုပ်။

## ပုတီး

ပုတီးစိပ်ခြင်းသည် တိုင်းပြည်တိုးတက်ရေးမဟုတ်။

## ဗူး

ဘုရားဖူးသွားခြင်းနှင့် ပျော်ပွဲစားသွားခြင်း ခွဲခြားသိဖို့လိုသည်။

## လိုသည်

ခေါင်းဆောင်များကို ချိုးနှိမ်ပြီးနောက် ခေါင်းဆောင်သစ်များပေါ်မလာရန်လည်း လိုအပ်ပေသည်။

## သူ့ကြောင့်

လင်၏အကျင့်စာရိတ္တ ပျက်ရခြင်းသည် မိုက်သောမယားကြောင့်လည်း ဖြစ်တတ်၏။

## ၂ ယောက်လို

မယားကောင်း တစ်ယောက်ဖြစ်ရန် လင်ကောင်း ၂ ယောက်လိုသည်။



## မိုက်

ဖခင်က မိုက်၍နေခြင်းမှာ သားအဘားဖျက်ဆီးနေခြင်းပင်ဖြစ်သည်။

## ဖြတ်ပစ်

ဖအေ၊ မအေကို ကျေးဇူးရှင်ဟု မထင်သော သားသမီးဆိုလျှင် ချက်ချင်းပင် သေခန်းဖြတ်လိုက်ပါ။

## မတူ

ကျောင်းသွားသူသည် ရုပ်ရှင်ရိုက်သွားသူကဲ့သို့ မပတ်စားသင့်ပေ။

## သင်

သူများ အသုဘမပို့လျှင် သင့်အလောင်း သချိုင်းမရောက်နိုင်။

## မရှိ

ကြွားဝါခြင်းသည် ကြွားဝါသူအဖို့လည်း အကျိုးမရှိ ကြားရသူမှာလည်း အရသာမရှိ။

## ရှေ့နှင့်နောက်

ပညာရှိသည် စကားကိုမပြောမီ စဉ်းစား၏။ ပညာမဲ့သူသည် စကားပြောပြီးမှ စဉ်းစားတတ်၏။

## ၇–ဖြုန်း–မွဲ

လွယ်လွယ်ရသူ လွယ်လွယ်ဖြုန်းသော် မွဲသောအခါ ခက်တတ်၏။

## နိုင်ဖို့

တံတားဆောက်သော သစ်သားသည် လှပမွေးကြိုင် ဖို့ထက် နိုင်ခန့်ဖို့သာလိုသည်။

## အေး

ရွှေသားဖြင့်လုပ်သော ထီးရိုပ်သည် မြေသားဖြင့်လုပ် သော ထီးရိုပ်လောက် မအေးမြနိုင်ပေ။

## အုန်းသီး

နတ်တင်သည့် အုန်းသီးကိုသာ အပင်စိုက်ထားမည် ဆိုလျှင် နိုင်ငံခြားမှ အုန်းသီးများဝယ်ရန် မလို၍ နိုင်ငံခြားသို့ ထွက်ငွေများ သက်သာမည်။

## မြန်မာမုန့်

လူမျိုးခြားတို့က လုပ်သောမုန့်မျိုးစုံကို မြန်မာတို့က စားနေကြသည် မြန်မာမုန့်ကို နိုင်ငံခြားသားများ စားချင်အောင် လုပ်ဖို့လို၏။

## ကြည့်ပုံ

မိန်းမက ယောက်ျားအပေါ်တွင် ငုံထိုင်ငွေစသော အရှိန်



အဝါကိုကြည့်သည်။ ယောက်ျားက မိန်းမ ကို အလှအပ ကြည့် သည်။

## မိုက်

မှားနေမှန်း သိပါလျက် ဖွတ်မိုက်နေသူသည် မိုက်သော သူဖြစ်၏။

## မြင်

ပညာရှိသူများသည် မိမိအမှားကို အမြန်မြင်တတ် သည်၊ မမြင်နိုင်သည့်တိုင် ဝန်ခံစကားပြောတတ်သည်။

## ကြွက်နတ်

မြန်မာမိန်းမ အများစုသည် ကြွက်ကိုသာလျှင် ဆံမြိတ် ရှည်သခင်မဟု ကြိုကြိုဖန်ဖန် ခေါ်နေကြရာ ကြွက်ကိုနိုင်သော ကြောင်ကိုလည်း မြီးတံတိုနတ်ဟု ခေါ်ထိုက်ပေသည်။

## ပြောင်း

ကြယ်ပြုတ်ကျလျှင် မင်းပြောင်းမင်းလည်း ဖြစ်တတ် သည်ဟူသော ရှေးအယူအဆသာ မှန်ပါလျှင် ရက်တစ်ပတ်လျှင် မင်းတစ်ပါးလောက် ပြောင်းရပေလိမ့်မည်။

## မသာသစ်

အပျော်ကြူးမှုကြောင့် သေခဲ့ရသော မသာပေါင်းကား

များလှသည့်တိုင်အောင် နောက်ထပ်ပျော်လိုသူတွေ အများချည်း ကျန်နေသေးသည်။

**မေး**

သင်မင်းသားလုပ်၍ကပြ မည်ဆိုလျှင် ကိုယ့်မိန်းမက သဘောကျ၊ မကျကိုလည်း မေးပါဦး။

**သိ**

ခြေဖဝါး နှစ်ဘက်တည်းဖြင့် ရပ်တည်နေနိုင်သည်မှာ အသက်ရှင်နေသေးသော ဝိညာဉ်၏အသိကြောင့်သာ ဖြစ်၏။

**ရပ်**

လှူသေအလောင်းသည် လူရှင်ကဲ့သို့ မတ်မတ်မရပ် နိုင်ပါ။

**မသင်ဘဲတတ်**

မှသားစကားသည် မည်သူကမှ မသင်ပေးရဘဲ မည် သည့်ကျောင်းမှ မသင်ရဘဲနှင့် လူတိုင်းတတ်နေကြလေသည်။

**လာတတ်သူ**

သင်က လုံးဝမဖိတ်ခေါ်သော၊ မလာစေလိုသော ဒုက္ခ သည် သင့်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာတတ်၏။

**မရ**

ခန္ဓာကိုယ်ပျော်မွေ့မှုကို ငွေဖြင့်ဝယ်၍ရ၏။ စိတ် ပျော်မွေ့မှုကိုကား ရွှေနှင့်ပင်လဲ၍မရ။



**သွား**

အသွားမတော်တစ်လှမ်းဟု ဆိုသော် မသွားဘဲ အိမ် တွင်နေလျက်လည်း အမှားတွေ့တတ်သေးသည်။

**၂ ဘက်ကြည့်**

မည်သည့်ကိစ္စမဆို တစ်ယောက်တည်း၊ တစ်မျိုးတည်း မကြည့်ပါနှင့်။ မမျှော်လင့်သည်များ တွေ့ကြုံတတ်ပေသည်။

**အပြန်အလှန်**

လောကကြီးနှင့် ကာလကြီးကို သင်က အပြစ်တင် ပါသော်၊ လောကကြီးနှင့် ကာလကြီးတို့က သင့်အား သနား ပေလိမ့်မည်။

**ရှား**

စာရေးခြင်းကို စီးပွားရေးလုပ်ငန်းဟု သဘောထားပြီး ရေးနေသမျှ စာကောင်းပေကောင်း ရှားနေဦးမည်။

**ထောင်**

ထောင် အကျဉ်းထားက ဆုံးမတိုင်းသာ လူဆိုး၊ သူခိုး တို့ကြောက်မည်ဆိုလျှင် ယခုလောက်ဆိုလျှင် ထောင်တွေ ပျက် လောက်ပြီ။

**အကောက်ကြောင့်**

ကွေးကောက်တွန့်လိမ်နေသော အမြစ်များ၏ ကျေးဇူး ကြောင့် ဝါးကြီး၊ သစ်ကြီးများကို ရသည်။

## ထင်

မိန်းမသည် အိမ်ကိုထောင်ဟု မှတ်သကဲ့သို့ ယောကျ်ားက အလုပ်ရုံကို ထောင်ဟုမှတ်ကြလျှင် မဖြစ်ပေ။

## ငြီးငွေ့စား

မြေဝယ်လိုလျှင် ယခုဝယ်၊ မိန်းမယူမည်ဆိုလျှင် ဖြည်းဖြည်းငြီးစား။

## မကြောက်

ငရဲကြီး ရှစ်ထပ်သည်လည်းကောင်း၊ အကျဉ်းအချုပ်တို့သည် လည်းကောင်း၊ ကြိုးကြိမ်တို့သည်လည်းကောင်း၊ လူမိုက်တို့အား ချောက်ထားသော်လည်း မကြောက်သူတို့ကား ရှိနေဆဲပင်။

## ပတ်ဝန်းကျင်

လူမိုက်သည် မျိုးစေ့ဖြင့် ပေါက်ပွားခြင်းမဟုတ်၊ ဆိုးသော ပတ်ဝန်းကျင်ကြောင့် ပေါ်လာရသူဖြစ်သည်။

## မွေး

သေပြီးသောအခါတွင်မှ မွေးသောအနံ့ထွက်ပါစေ။

## ဆောက်

ကမ္ဘာကျော် အဆောက်အအုံကြီးများသည် ကျောက်ဆောင်ကြီး၊ ကျောက်တောင်ကြီးများကို ထုထွင်းထားသည် မဟုတ်၊ ကျောက်တစ်ခဲခြင်း၊ အုတ်တစ်ချပ်ခြင်း စုဝေးပေါင်းစပ်တည်ဆောက်ထားခြင်း ဖြစ်၏။



## လူမျက်

လမ်းသရဲသည် ပတ်ဝန်းကျင်ဆိုးသွမ်း၍ မဟုတ်ဘဲ။ ဖန်တီးပေါ်ထွက်လာသော လူမျက်တွေသာ ဖြစ်၏။

## ပညာသား

ငွေ ၁၀၀ ကျပ်သုံးသောကီစ္စ၌ ပညာမပါဘဲ ဖြစ်နိုင်သော်လည်း ငွေတစ်ကျပ်ရှာရသော ကိစ္စတွင်မူ ပညာမပါဘဲ မရနိုင်ပေ။

## ပညာရှိမှားလျှင်

ပညာမဲ့သူမှားလျှင် အများ၌နစ်နာဖွယ်မရှိ၊ ပညာရှိကြီးများမှားသော် အများနစ်နာတတ်လေသည်။

## မျက်လှည့်

ဥစ္စာဟူသည် မျက်လှည့်မျိုးဟူသော စကားမှာ မှန်လှပေသည်။ အဘယ်ကြောင့်ဆိုသော် မျက်လှည့်ပညာဖြင့် ငွေရှာလျှင် ရနိုင်သောကြောင့် ဖြစ်၏။

## စမ်းတဝါးဝါး

စမ်းတဝါးဝါး သမားများ လုပ်သော အလုပ်မှန်သမျှ ဘယ်ကိစ္စမှ အောင်မြင်မည်မဟုတ်။

### အမှား

တစ်ခုမှားဖူးသူသည် နောက်တစ်ခု ထပ်၍မှားတတ်၏။ တစ်ခါမှမမှားဖူးသူဟူ၍ကား ကမ္ဘာလူသားတိုင်း၌မရှိချေ။

### ပင်ပန်းမှု

အရက်ကလေးသောက်ကာ အပန်းဖြေရန်အတွက် အရက်ရရှိဖို့အရေး တိုးဝှေ့ရခြင်းမှာ မှန်ကန်သော ပင်ပန်းမှု မဟုတ်ပေ။

### စိတ်ညစ်လို့ အရက်ကိုသောက်

စိတ်ညစ်လို့ အရက်ကိုသောက်သော်လည်း အရက်သောက်၍ စိတ်ညစ်ရသည်များလည်း ရှိတတ်၏။

### စိတ်ယုတ်လျှင်

စိတ်ထားယုတ်မာသူတို့မှာ မည်သို့သော အလှအပ ပင်ခြယ်ထားသည်ဖြစ်စေ၊ အဖိုးတန်အဝတ်အထည် ရတနာ ကိုပင် ဝတ်ဆင်ထားသည်ဖြစ်စေ ချောမောလှပလိမ့်မည်မဟုတ်။

### လုပ်ပြပါ

မိမိက နိုင်းတတ်လျှင် မိမိကိုယ်တိုင်လည်း လုပ်ပြတတ်ရမည်။

### ပျင်းစရာလုပ်

ကိစ္စတစ်ရပ်ရပ်တွင် အားလုံးချောချောမွေ့မွေ့ဖြစ်ခြင်း၊



လွယ်လွယ်ကူကူ အောင်မြင်ခြင်းမှာ ပျင်းရိစရာကောင်းလှသော လက္ခဏာများပင် ဖြစ်၏။

### လူရာဝင်အောင်

ငွေကြေးမည်မျှပင်ရှိရှိ လူမှုရေးကို မကျွမ်းကျင်နိုင်၊ လူမှုရေးကျွမ်းကျင်မှသာ လူရာဝင်နိုင်၏။

### အတူတူမွေး

သူဌေးခြံ၌ မွှင့်သောပန်းနှင့် ဆင်းရဲသားခြံ၌ မွှင့်သော ပန်းတို့သည် အတူတူပင် မွေးကြသည်။

### သက်သတ်လွတ်ရှောင်သူများ

ပိုးစစ်လုံချည်မှာ ပိုးကောင်ကလေးများကို ပထမ သတ်ပြီးမှ ယက်လုပ်ရသည်ဖြစ်၍ သက်သတ်လွတ်ရှောင်သူများ သိဖို့ကောင်းသည်။

### ဘွဲ့ထူးရှင်မ

မိန်းမတစ်ယောက်အဖို့ ဘာဘွဲ့တွေပင်ရစေကာမူ၊ ကြက်သွန်ကိုမှ ဆီမသတ်တတ်သေးလျှင် ဘွဲ့ထူးနှင့် မတန်သေးချေ။

### အသစ်ဟူသည်

တအုပ်သည် မဖတ်ဘူးသေးသမျှ အသစ်ချည်းသာ

ဖြစ်သကဲ့သို့၊ အချစ်သည်လည်း ထိုနည်းလည်းကောင်းပင်၊ မချစ်ရသေးလျှင် အသောစ်ချည်းသာ ဖြစ်တော့သည်။

### ပင်ပန်းမှု

ကြီးပွားမှုအတွက်လည်းကောင်း၊ အောင်မြင်မှုအတွက်လည်းကောင်း ပြုလုပ်ရခြင်းသည် ဆုတ်ယုတ်မှု၊ ဆုံးရှုံးမှု ပြုလုပ်ရသလောက် မပင်ပန်းကြချေ။

### အခက်အခဲ

အခက်အခဲမပါသော အောင်မြင်မှု မှန်သမျှ ဆားမပါသော ဟင်းကဲ့သို့ပင်တည်း။

### ကြိုးစားလျှင် ဘုံးဘုံးလဲ

အားကစားသမားတို့ ကြိုးစားလွန်းလျှင် ဘုံးဘုံးလဲ ကာကျတတ်၏။

### မျောက်နှင့်လူ

လူနှင့်တူလှသော မျောက်သတ္တဝါ၏ မျက်နှာသည် အဘယ်အခါမှ ပြောင်းလဲခြင်းမရှိ၊ လူမှာမူကား မျက်နှာထား အပြောင်းအလဲ အလွန်မြန်တတ်ပေ၏။

### မသာ

သူများနည်းတူဟူသော ယုံကြည်ချက်ရှိသူများသည် ဘယ်အခါမှ သူများထက်သာမည် မဟုတ်ပေ။



### မိဘအမြင်၊ သားသမီးအမြင်

မိခင်၊ ဖခင်တိုင်းသည် မိမိသားသမီးကို ငယ်သည်ဟု ထင်တတ်ကြသော်လည်း သားသမီးတို့ကမူ မိမိတို့ လူလား မြောက်ပြီဟု ထင်တတ်ကြ၏။

### ကဗျာဆရာကျွမ်း

ကဗျာဆရာတိုင်း နူးညံ့သိမ်မွေ့သည်မဟုတ်။

### သိန်းဆုလေလား

နောက်ပိုးအလုပ်သည် ထီထိုးသည်နှင့်တူ၏။ များများ ပိုးလေရိုဖို့ နီးလေဖြစ်၏။ သို့သော်လည်း ငါးရာဆုလော တစ်သိန်း ဆုလော မပြောနိုင်ပေ။

### မ ရှာဖွေခြင်းဟူသည်

ဇနီးလောင်းကိုရှာဖွေရခြင်း၊ ခင်ပွန်းလောင်းကို ရှာဖွေရခြင်းတို့မှာ စာအုပ်ဆိုင်ရှေ့တွင် စာအုပ်ကောင်းတစ်အုပ် ရှာရခြင်းထက် ခက်၏။

### ပွဲတင်သံ

ကိုယ်အော်ဟစ်လိုက်သော အသံကပင် ပွဲတင်သံ ထပ်ကာ ကိုယ့်ကိုယ်ကို ပြန်၍ပြောင်သလို ဖြစ်တတ်သေးလျှင် သူတစ်ပါး အကြောင်းပြောမိလျှင်ကား ထိုထက်ပင် ပွဲတင်ထပ် မည်သာတည်း။

## အိမ်သာဝေါဟာရ

အိမ်ထက်မသာပါပဲလျက် အိမ်သာဟုခေါ်နေသော ဝေါဟာရကို ပြုပြင်ရန် စဉ်းစားထိုက်လှပေသည်။

## ဟန်ဆောင်မှု

မျက်စိမမှုန်ဘဲ မျက်မှန်တပ်သူများ မကြာခင် မျက်စိ တကယ်မှုန်လာ တတ်လေသည်။

## ကျားသာ တရားခံ

တရိတ္ဆာပျက်ပြားသွားသော မိန်းမဝိုင်းက ယောကျ်ား များကိုသာ အပြစ်ဖို့ပြောလေ့ရှိကြသည်။

## နို့ကွဲအမေ

နို့ဖူးတိုက်သော မိခင်အား အမေရင်းဟု အောက်မေ့ သင့်ပါသလား။

## ဖို့သော်– ဖုံးသော်လဲ

ကျောက်ပေါက်မာထဲ၌ ရွှေမှုန့်၊ ငွေမှုန့်ဖို့၍ ပြည့်နိုင် မည်မဟုတ်။ ဒုစရိုက်သမားတို့အဖို့ ရွှေ၊ ငွေဖြင့် ဖုံးသော်လည်း အပုပ်နံ့ပျောက်သွားမည်မဟုတ်။

## ရာဇဝတ်မှုနှင့်မ

ရာဇဝတ်မှုဖြစ်ရသော ယောကျ်ားတိုင်းသည် မိန်းမ ကိစ္စနှင့် တစ်ခုမဟုတ်တစ်ခု ပတ်သက်နေလေ့ရှိပေသည်။



## ဝံ့ရဲသူ

မိမိသားမယားအတွက် အပင်ပန်းခံ၍ အလုပ်မလုပ် လိုသော အရက်သမား ဘိန်းစားတို့သည် အရက်ဆိုင်နှင့် ဘိန်း ခန်း၌ သူတောင်းစားကဲ့သို့ တောင်းရမ်းဝံ့လေသည်။

## ဂုဏ်ဒြပ်

အရည်အချင်း အတတ်ပညာသည် သင့်ကိုသတ်မှတ် ၍ရသည်။ ဂုဏ်ဒြပ်သည် သူတစ်ပါးက သတ်မှတ်ခြင်း ဖြစ်၏။

## ဖတ်သူဆရာ၊ ရေးသူတပည့်

စာဖတ်သူသည် ဆရာဖြစ်၏။ စာရေးသူသည် တပည့် သာ ဖြစ်ကြသည်။ ဖတ်သူတို့ အကြိုက်များမည့်စာကို ရွေး၍သာ ရေးနေကြရသော ခေတ်ကြောင့်တည်း။

## ဓလေ့ကောင်း

အပျိုဘဝက အလွန်လျှို့ဝှက်ခဲ့သော်လည်း ကလေး အမေဖြစ်လာသောအခါတွင် လူရှေ့သူရှေ့၌ ဘုံးဘောလအော နို့တိုက်တတ်ခြင်းများကို ပြုပြင်သင့်ကြပေပြီ။

## သွက်သွက်လက်လက် တင့်တင့်တယ်တယ်

သွက်လက်ချက်ချာသူတိုင်း လူပုံအလယ်၌ တင့်တယ် စမြဲဖြစ်ပေသည်။

## သွေးဘဏ်၊ နို့ဘဏ်

အလွန်တရာလျှင် အာနိသင်ရှိလှသော လူနို့ကို မပြည့်စုံသော ကလေးငယ်များအတွက် သွေးဘဏ်စုသကဲ့သို့ နို့ဘဏ်လည်း စုထိုက်ပေပြီ။

## အစားတစ်လုပ်

ထမင်းစားရန်အတွက် ချွေးထွက်သံယို ရှာဖွေရပါလျက်၊ ထမင်းစားသောအခါတွင် စိတ်အေးချမ်းသာ မစားရပါလျှင် အဘယ်မှာ ချွေးထွက်ရကျိုး နပ်ပါတော့အံ့နည်း။

## သူ့ကို သူ့လိုမွေး

ကြက်ကိုကြက်လိုမွေး၊ နွားကိုနွားလိုမွေး၊ မယားကို မယားလိုမွေး။

## စိတ်ခေါ်ခြင်း

မိန်းကလေးအဖို့ အဝတ်အစားလျော့လီမှုများ၊ ရာဇဝတ်မှု တိုးပွားမှုကို အားပေးခြင်းမည်၏။ သို့မဟုတ် ယောက်ျားတို့အား ဖောက်ပြားပါလော့ဟု စိတ်ခေါ်ခြင်းလည်း မည်၏။

## ဝအောင် လှအောင်

ဝအောင် လှအောင် ကျန်းမာအောင် အစာစားသူများ၊ သွားကိုသန့်ရှင်းအောင် တိုက်ဖို့လည်း သတိမမေ့သင့်။



## အသက်တိုစေလို

သဘာဝတရားကပေးသော ပဋိသန္ဓေနေခြင်းကို တားဆီးခြင်းမှာ ကိုယ့်အသက်ကို တိုစေခြင်းဖြစ်၏။

## မျှော်ကြည့်မနေနှင့်

တောင်ထိပ်ကို မျှော်ကြည့်နေခြင်းထက် ခြေတစ်လှမ်းစ၍ တက်လိုက်ခြင်းက မြန်မြန်ရောက်ဖွယ်ရှိသည်။

## ကြောက်ဖွယ်ရာမှာ

တိုးတက်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ဆုတ်ယုတ်ခြင်း ၃ မျိုးအနက် ရပ်ဆိုင်းခြင်းမှာ ဆုတ်ယုတ်ခြင်းထက် ကြောက်ဖွယ်ရာဖြစ်၏။

## ရွှေအိုးနှင့်မြေအိုး

မြေအိုးဖြင့် ချက်သောထမင်းထက် ရွှေအိုးဖြင့် ချက်သော ထမင်းက ပို၍မကောင်းနိုင်။

## အမြတ်လိုလျှင်

ဆုံးရှုံးမှုတစ်ခုအတွက် စိတ်ညစ်နေမည့်အစား အခြားအသစ်တစ်ခုရမှုကို ကြိုးစားခြင်းက အမြတ်ပေါ်၏။

## တိုက်ပွဲအဆင့်ဆင့်

လူ့ဘဝသည် ပဋိပက္ခတိုက်ပွဲများဖြင့် ပြွမ်းနေသည်။

မွေးကတည်းက အခက်အခဲ နှင့်စခဲ့၏။ အသက်ရှင်သန်ရန် သူငယ်နာရောဂါတို့ကို တိုက်ခိုက်ခဲ့ရ၏။ ပညာတတ်ရေးအတွက် အခက်အခဲ အမျိုးမျိုးကို တိုက်ခိုက်ခဲ့ရ၏။ အိမ်ထောင်ကျရေး အတွက် တိုက်ခိုက်ရ၏။ အသက်ရှည်ရေး၊ ကျန်းမာရေးအတွက် တိုက်ခိုက်ရ၏။ စီးပွားရေး၊ ကြီးပွားရေးအတွက် တိုက်ခိုက်ရ၏။ နောက်ဆုံးတွင်ကား သေမင်းနှင့် တိုက်ရင်းပင် ဘဝကို အဆုံး သတ်ရတော့သည်။

## အဝေးနှင့်အနီး

ခူးရန်ခက်လှသော တောင်ထိပ်ပေါ်မှပန်းထက် လက်လှမ်းမှီသော မြေပေါ်မှပန်းကို ခူးဆွတ်နိုင်ရန် ကြိုးစားပါ။

## သတ္တိရှိသင့်သည်

အများဖတ်ရှုရန်၊ အသိဉာဏ်ရှိရန်၊ ပျော်ရွှင်ရန်၊ ကြီးပွားချမ်းသာရန်ရေးသော စာရေးဆရာများသည် မိမိကြီးပွားမှုကိုလည်း ရှေ့ရှုသင့်သည်။

## အပြောကောင်းမှ အကြောင်းထင်

ပညာမည်သို့ပင်တတ်တတ်၊ အရည်အချင်းမည်မျှပင် ရှိရှိ၊ သဘောသကာယ မည်မျှပင်ကောင်းကောင်း၊ အပြော မကောင်းလျှင် အရာမရောက်နိုင်။

## အခက်ကြီးလျှင် အလွယ်နည်းဖြင့် ပြီးတတ်၏

အခက်အခဲကြီးများကို ဖြေရှင်းပြီးပြေစေသော နည်းတို့မှာ အလွယ်ကလေးများဖြင့်သာ ပြီးမြောက်တတ်လေသည်။



## နွားနို့

နွားနို့ကို နှမြောလျှင် နွားမကို မရောင်းပါနှင့်။

## အမြစ်သည်သာ အခြေခံ

သစ်ပင်၏အမြစ်သည် ထိုအပင်၏ ကြီးထွားသန်မာမှု၊ အသီးအပွင့်ရမှုအတွက် အကျိုးပြုသူဖြစ်၏။ ထိုသစ်ပင်အား ရေခြောက်နေလျှင် အပင်သည် မကြီးနိုင်၊ မသီးနိုင် အခြေခံ လူဟန်းစား ဖူလုံမှုရှိမှ တိုင်းပြည်စည်ပင်သာယာသည်။

## နွားမ

နွားနို့ကိုလိုသော နွားမအား ပြုစုကျွေးမွေးရပေမည်။

## ရဲနိုင်မှ

ကမ္ဘာကျော်ဖြစ်လိုလျှင် တစ်စုံတစ်ခုကို စွန့်စားရဲ၊ စွန့်လွှတ်ရဲမှသာ ဖြစ်နိုင်ပေသည်။

## အတွေ့အကြုံများသူ

အခက်အခဲကြီးများကို ကျော်လွှားမှုကိစ္စအတွက် ဆိုလျှင် အသက်ကြီးသူများနှင့် တိုင်ပင်ပါ။

## သားနှင့်သမီးကို

သားသမီးများကို မိခင်ဖခင်တို့က သူငယ်ချင်းကဲ့သို့ လည်းကောင်း၊ မိတ်ဆွေသင်္ဂဟကဲ့သို့လည်းကောင်း၊ ဆရာ

တပည့်အဖြစ်လည်းကောင်း ပေါင်းသင်းလျှင်ကား ပြဿနာ အရုပ်ရုပ် ဖြစ်ပေါ်မှုနည်းပေလိမ့်မည်။

## အသစ်အဟောင်း

အစာဟောင်း မစွန့်ပစ်ဘဲ အစာသစ်ကို မဝါးမျိုနိုင်။

## အမှောင်ခန်းဗို့ အဆင်ဆန်း

လူ၏မျက်စိသည် ပန်းချီနှင့်ဘယ်အခါမျှမကင်း၊ မှောင်ထဲ၌ အသုံးပြုမည့် ဆောင်ကိုပင်လျှင် အသွေးအဆင် ရွေးကြသေးသည်။

## ငွေဘီး

ယာဉ်ရထားများအနက် ငွေဘီးတပ်သော ရထားသည် အမြန်ဆုံးဖြစ်၏။

## ကွဲရချက်နာ

ချစ်သူ ၂ ဦးတို့ လင်မယားအရာမြောက်ရေးအတွက် မလေ့ထုံးစံကြောင့်၊ ဆွေရေးမျိုးရေးကြောင့် ချစ်သူချင်းကွဲခဲ့ကြသည်ကား မနည်းလှပေ။ ထို့ထက် ပေဒင်ကိုယုံစားလွန်းမှုကြောင့် ကွဲရချက်ကား ပို၍နာကျဉ်စရာ ကောင်းလှ၏။

## ရိုက်ပုံရိုက်နည်း

သားသမီးကို ရိုက်နက်ခြင်းမှာ မိမိ၏ဒေါသကို ဖြေ



သိမ့်သည့် သဘောမရောက်စေဘဲ၊ သ း သမီးက အမှားကို သိမြင်စေသည့် သင်ခန်းစာပေးခြင်းမျိုးက ပို၍ထိရောက်၏။

## မြင်းမှမြည်း

သင့်လက်မှ လွတ်သွားသော မြင်းသည် ပြန်လာသောအခါ၌ မြည်းဖြစ်၍ နေတတ်ပေသည်။

## မမျှော်နဲ့

သားသမီးကို ပြုစုကျွေးမွေးခြင်း၊ ပညာသင်ပေးခြင်းတို့အတွက် မိမိအကျိုး မျှော်ကိုးမနေပါနှင့်။

## ပြုတ်သူ

အလုပ်ပြုတ်ရသော အကြောင်းများသည် အလုပ်ပြုတ်သူ၏ အပြစ်ကြောင့်သာလျှင် ဖြစ်ပေသည်။

## ရွှေနှင့်သံ

ရွှေသည် မီးနှင့်တွေ့ဖန်များလေ သတ္တိလျော့နည်းလေလေဖြစ်၏။ သံမှာမူကား မီးနှင့်တွေ့ဖန်များလေလေ သတ္တိထက်မြက်လေလေ ဖြစ်၏။

## အဆုံးနှင့်အစ

အိမ်ထောင်ပြုခြင်းမှာ ယောကျ်ားအတွက် ဘဝကိုဆုံး ေ ၍ မိန်းမအတွက် ဘဝကိုစမြင်းဖြစ်၏။

## နည်းနည်းပြော

သူ့စကားကို များများကြားချင်လျှင် သင်က ဘာမျှ မပြောပါနှင့်။ သင်ကပြောနေသမျှ သူ့စကားကို ကြားရမည် မဟုတ်။

## အရုပ်ဆိုး

ခေါင်းစုတ်ဖွားထားခြင်း၊ ပုဆိုးခါးချိတ်ဝတ်ခြင်းတို့မှာ ဝတ်သူအဖို့ မည်မျှအရသာရှိသည်ဟု ထင်သည်ကို မသိရသော်လည်း ကြည့်ရသူတို့မှာမူ အလွန်အရုပ်ဆိုးလှပေသည်။

## တေး

ဂါထာပေး တေးဖြစ်ဆိုသော်လည်း တေးပေး သော်လည်း ဂါထာမဖြစ်ပါ။

## မှတ

နာခေါင်းက လေကိုစား၏။ ပါးစပ်က အစာကိုစား၏။ ဒွယက ကာမကိုစား၏။ လေကိုမူ များများရှူ။ အစာကိုမူ မှန်မှန် စား။ ကာမကိုကား လားလားမရှောင်။

## လူ့အကျိုးလိုလျှင်

အနုမြူဟိုက်ဒရိုဂျင်ဗုံးတွေ၊ ဂြိုဟ်တုတွေ အောင်မြင်သောနိုင်ငံများအတွက် ဝက်သက်၊ ကြက်ညှာ၊ ကင်ဆာစသော ရောဂါများ လုံးဝမဖြစ်စေသည့် ဆေးဝါးများလည်း အောင်မြင်ထိုက်ပေသည်။



## အထက်နှင့်အောက်

အထက်လူကို ဖော်လံဖားပြီး အောက်လူကို မနှိပ်စက်ပါနှင့်။

## လူ

လူသည် ခွေးချေးကဲ့သို့ ရွံစရာမကောင်းဘဲနှင့် လူလူချင်း ရွံစရာဖြစ်အောင် မလုပ်ပါနှင့်။

## အဖျက်

မိန်းမကို အလှက ဖျက်တတ်၏။ ယောက်ျားကို ငွေက ဖျက်တတ်၏။ မင်းမှုထမ်း အချို့ကို အာဏာကဖျက်တတ်၏။

## အလှဖျက်

တင့်တယ်သော မျက်နှာ၏ လှပသော ပါးစပ်မှ မလျောက်ပတ်သော စကားကို မဆိုသင့်။

## ကံ

တိုက်ပွဲကြားမှာ ကျည်ဆန်ရှိရာသွားလျှင် သင့်ကံသည် ဘယ်နည်းနှင့်မျှ ကောင်းမည်မဟုတ်။

## မိုက်မဲသူ

ပြည်သူ့ပစ္စည်းကို ဖျက်ဆီးသူသည် မိမိခေါင်းကို မိမိထုသူကဲ့သို့လည်းကောင်း၊ မိမိအဝတ်အထည်ကို မိမိ မီးရှို့သူကဲ့သို့လည်းကောင်း မိုက်မဲလှစွာ၏။

### ခေါင်းပုံဖြတ်ထက်ဆိုးသူ

ဗိသုကာရှင် ကလေးများအပေါ် ဝင်ကြေးယူကာ စီးပွား ရှာသော အလုပ်မှာ ခေါင်းပုံဖြတ် လုပ်ငန်းထက်ပင် ဆိုးသေး သည်။

### ဂါထာအစွမ်း

ဂါထာမန္တာန်တို့သာ စွမ်းမည်ဆိုလျှင် သကြန် အမြောက်ကိုလည်း လူတို့ကြောက်ရွံ့ပေလိမ့်မည်။

### အကျိုး

အိမ်ထောင်ပြုခြင်းဖြင့် နိုင်ငံတော်အကျွက် ကောင်း သော မျိုးဆက်ပြန့်ပွားရေး၊ လူမျိုးအတွက် တစ်ဘက်တစ်လမ်း မှအကျိုးရှိရေးကို ရည်မှန်းသင့်ပေသည်။

### အဓိပ္ပာယ်ရှိအောင်

အိမ်ထောင်ပြုခြင်းသည် အချစ်စိတ်ကိုဖြေဖျောက်ခြင်း၊ ကာမဆန္ဒကို ဖြေရှင်းခြင်းမျှဖြင့်ဆိုလျှင် အဓိပ္ပာယ်မဲ့လှချေသည်။

### အထင်ကြီးလာလျှင်

ပညာရှိဟု အများက အထင်ကြီးလေလေ ပညာရှိမှာ ကျောင်းသားကဲ့သို့ ပညာသင်ရလေလေ။

### အချည်းနှီးပညာရှိ

ပညာရှိဆိုသော်လည်း လူအကြည်ညိုမခံရသော် အချည်းနှီးသာတည်း။



### ဘဝင်

ပညာရှိမှန်လျှင် ဘဝင်မမြင့်ဘတ်ပါ။

### နွားချေး

နွားချေးသည် ရွံရှာဖွယ်ရာ ဖြစ်သော်လည်း လူသား တို့အတွက် များစွာအသုံးဝင်သည်။

### အသံ

မိမိအသံ မိမိမကြားဘဲ သီချင်းမဆိုပါနှင့်။

### မရောအစ်

ရွှေ၊ ငွေ၊ ကြေးစသည်များကို ရောစပ်ကျိုသော် အမည်မရှိ တန်ဖိုးမရသော သတ္တုတစ်ခုသာ ဖြစ်လာပေမည်။

### အစွမ်း

တစ်ခုစီ တစ်ခုစီ အကောင်း၊ တစ်ခုစီ တစ်ခုစီ အစွမ်း တို့ကို မျှတစွာ သင့်တော်သလို ပေါင်းစပ်ခြင်းမှာ ဆေးဖြစ်လာ လေသည်။

### ဆေး

လူတစ်ဦး ပညာတစ်မျိုးတည်းသာဖြစ်၍ ပညာသည် အပေါင်းစုဆောင်းထားသည့် ပညာရပ်၊ အတတ်ပညာတို့သည် လူ့ဘောင်သစ်အတွက် ဆေးဖြစ်၏။

## မကောင်း

ဝက်၊ ကြွက်၊ ဘဲ၊ ဆိတ်၊ ငါးစသော အသားများချည်း စုပေါင်းချက်ပြုတ်သော် ကောင်းမည်မဟုတ်၊ အကောင်းတွေစုထားဝိုင်း ကောင်းပါမည်လော။

## စိုးမိုးသူ

ကမ္ဘာတွင် ငွေသူဌေး၊ ရွှေသူဌေးတို့က စိုးမိုးခြင်းမဟုတ်၊ အစွမ်းအစ ဉာဏ်ရည်ရှိသူသာ စိုးမိုး၏။

## ဝကျ

ပျို့လျှင် လှရမည်။ အိုလျှင် ကျရမည်။ ပျို့လျက်နှင့်မလှ၊ အိုလျက်နှင့် မကျသော ဝကျသည်မည်၏။

## လမ်းသရဲထက် အရှုးကမြတ်၏

လူဆိုး၊ လူလိမ်၊ လမ်းသူရဲဟု အခေါ်ခံခြင်းထက်၊ အရူးအနှမ်းဟု အခေါ်ခံရသည့်ကပင် မြတ်ပေသေးသည်။

## နဖူးစာ

နဖူးစာဆိုသော မြန်မာစကားပုံကြောင့်သာ မတူမတန်ညားကြရခြင်းအတွက် ဖြေစရာအတွက် ရှိပေတော့သည်။

## အရာဝင်၏

ကျပ် ၂၀ တန်ကို မအမ်းနိုင်၊ မဖျက်နိုင်သောအခါတွင် လိုအပ်သော ငါးပြားက ၂၀ တန်ထက် အရာဝင်၏။



## မသိ

ပတ်ဝန်းကျင်ကောင်းပါလျှက် ပျက်စီးရသော လူမိုက်သည် ခွေးလောက်မှပင် အသိတရားမရှိချေ။

## မျှရှိခံ

ပြည်သူ့ပစ္စည်းတစ်ခု ပျက်စီးခြင်းအတွက် တစ်ပြည်လုံးမျှ၍ ခံရခြင်းဖြစ်၏။

## ကိုယ်မချို

လူနေမှု ကျဉ်းကျပ်လေလေ တစ်ဦးကိုတစ်ဦး သက်ညှာလေလေဖြစ်၏။

## အကြိုက်

မင်းအလိုသို့ လိုက်တိုင်း မင်းကြိုက်မဖြစ်နိုင်။

## စုပေါင်းမင်္ဂလာ

လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ဒေသအလိုက် မင်္ဂလာအစုံများ စုပေါင်းကာ မင်္ဂလာဆောင်မှုများ ထွန်းကားခေတ်စားလာလျှင် စရိတ်ကုန်လည်း နည်းပါး၍ ချစ်သူအချင်းချင်း ကွေ့ကွင်းမှုများ နည်းပါးလာပေမည်။

## သဘာဝ

သံပုရာသီးကို ချိုအောင်လုပ်နိုင်စေဦးတော့ ထန်းလျက်ကိုချဉ်အောင် မလုပ်နိုင်ပေ။

## ပညာမဲ့သူ၏ဘဝင်

ပညာမဲ့သူများ၌ အတော်အတန် အောင်မြင်မှုရလာသောအခါ ဘဝင်မြင့်သောရောဂါ အလျှင်အမြန် စွဲကပ်တတ်၏။

## ကြောက်စရာ

အိမ်ထောင်ပြုခြင်းလောက် ကြောက်စရာကောင်းသော အလုပ် ယောက်ျားတို့တွင် မရှိချေ။

## သတ္တိရှိသူသာ

သတ္တိရှိသော ရဲရင့်သူတိုင်း အိမ်ထောင်မပြုကြလေ။

## မလွတ်စေနှင့်

မိန်းမသည် ယောက်ျားကို ဖမ်းဆီးတတ်ဖို့ထက် လွတ်မထွက်အောင် ထိန်းသိမ်းဖို့လိုအပ်သည်။

## သေရက်

သေရည် သေရက်ဆိုသော စကားမှာ တော်တော်မှန်ဟန်ရှိလေသည်။ သေရည်များများ သောက်သူသည် သေရက် မြန်မြန်နီးသောကြောင့်ပင်တည်း။

## ဆန္ဒ

ရာနိုင်နှုန်းပြည့် သာယာစုံပြေသော အိမ်ထောင်ရေးဟူ၍ ကမ္ဘာပေါ်တွင် မရှိပါ။



## ရသ မပြောင်း

အဖွဲ့ဝင်ဖြစ်မှ စာမှုကိုထည့်ပေးသော စာသည် ရသမြောက်သည်ဟု မဆိုနိုင်။

## မကျန်စေ

မကောင်းမှု တစ်ခုကို ဖြတ်တောက်လျှင် တစ်စွန်းတစ်စမကျန်ပါစေနှင့်။

## ကင်းလျှင်

အပေါင်းအသင်းကင်းသော ပညာရှိသည် ပွဲလယ်မတင့်နိုင်။

## မတူလျှင် မယူနှင့်

အဆင့်အတန်းချင်း၊ အသိဉာဏ်ချင်း၊ ကျန်းမာရေးချင်း၊ ခံယူချက်ချင်း မညီမျှသမျှ တယ်လင်မယားမှ တာရှည်မမြဲနိုင်။

## ချော်တာမှု

မီးခြစ်ဆံနောက်ထပ် ကုန်မည်ကို နမြော၍ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် မီးညှိသောက်နေသော ချော်တာခြင်းမျိုး ကားများယွင်းလှပေစွ။

## စိုက်ပျိုးရေးသင်ပါလား

ကျေးရွာနေပုဒ်၌သာ အမြဲနေမည့်သူသည် နိုင်ငံခြားဘာသာစကားကို သင်ကြားနေခြင်းမှာ အချိန်ကုန်ရုံသာရှိပေမည်။

## သေဖျာမကြောက်

လူတို့သည် သေသည်ကို ကြောက်ခြင်းထက် သေခါနီး ရောဂါဖိစီးရာ၌ ဒုက္ခကိုကြောက်ခြင်းက ပိုမှန်ပေမည်။

## သင့်တာဝန်

သိတတ်သော မြင်း၊ နွားတို့သည် နှင်တံကို အတို့မခံဘဲ ကိုယ့်တာဝန်ကိုယ်ကျေသကဲ့သို့သာ။

## ကင်ဆာ၊ လင်ဆာ

ကင်ဆာ ရောဂါထက် ကြောက်ဖွယ်ကောင်းသော ရောဂါမှာ လင်ဆာ ရောဂါဖြစ်တန်ရာပေသည်။

## စိုးမိုးလို

တိုင်းပြည်တစ်ခုနှင့်တစ်ခု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ စစ်တိုက်ကြခြင်းမှာ တစ်ဖက်တိုင်းပြည်တွင်းရှိ လူများအားလုံး သေကြေခြင်းကို အုပ်ချုပ်လိုခြင်း၊ ထိုဒေသကို စိုးမိုးလိုခြင်းစသော နယ်ချဲ့လိုစိတ် လောဘကြောင့်သာ ဖြစ်ပေသည်။

## ရေနံဆီမီးဖို

ရေနံဆီမီးဖိုဖြင့် ချက်ပြုတ်သော ထမင်းဟင်းများကြောင့် နောင်သောအခါတွင် ရောဂါဘယတစ်ခု ရနိုင်၊ မရနိုင် ဆိုသည်ကို သုတေသနဆရာတို့က လေ့လာရန် မသင့်ပါလော။



## ရနံ့

ပန်းပေါင်းဝတ်မှုံ အထုံရနံ့တို့ စုပေါင်းထားသော အစိုင်အခဲကို လူတိုင်းနှစ်သက်လောက်သော အမွှေးရနံ့ရှိသော်လည်း လူကောင်းလူတတ်များသာ စုပေါင်းထားသော အဖွဲ့အစည်းတိုင်းမှာ မမွှေးတတ်ပေ။

## နမူနာ

မွင့်လန်းစဉ်အခါက မွှေးယနံ့သင်းပုံချင်း တူကြသော်လည်း အချို့ပန်းတို့မှာ ညှိုးနွမ်းသောအခါ နံစော်သွားတတ်သော်လည်း၊ စကားစိမ်း၊ စကားဝါ၊ ဒေါနု၊ သရဖီစသော ပန်းတို့မှာကား ခြောက်သွေ့သွားသည့်တိုင်အောင် မွှေးနေဆဲပင် ဖြစ်၏။ (ဤနမူနာကို လူတိုင်းက ယူထိုက်လှပေသည်။)

## သတ်

တစ်တိုင်းပြည်လုံးမှ လူများကိုသာ သေအောင်တိုက်နိုင်မှုကြားလည်း တစ်ယောက်တည်းသော သူ၏စိတ်ကို သေအောင်မူကား တိုက်ခိုက်နိုင်သူမရှိပေ။ (အိုက်ခမန်းကို ကြည့်ပါ)

## ရှောင်

အစားများလျှင်လည်းကောင်း၊ အစားများလျှင်လည်းကောင်း ဘေးဥပါဒ်ဖြစ်တတ်လေသည်။ အစားနည်းလျှင် အစားရှောင်လျှင် ဘေးဥပါဒ်လည်း ကင်းနိုင်သည်။ အသက်လည်း ရှည်နိုင်လေသည်။

## တစ်ချက်

အစားမတော်တစ်လုပ် အသွားမတော် တစ်လှမ်း ဆိုသည့် စကားပုံတွင် အသွားမတော် တစ်ချက်ဟု ဖြည့်စွက်ရန် မသင့်ပါလား။

## မကောင်း

မိန်းမတွေ မကောင်းကြောင်း ရေးသူများမှာလည်း မိန်းမနှင့် မကင်းနိုင်ကြသည်ကိုလည်း တွေ့ရှုကြ၏။

## ကွပ်ကဲ

သံဖြင့်လုပ်သောစို့က သံပြားကိုဖောက်ဖြတ်နိုင်၏။ ကျောက်မှဖြစ်သော စိန်က ကျောက်ကိုပင် ခွဲစိတ်နိုင်သည်ကဲ့သို့ လူကဖြစ်သော လူကလူကိုပင် အုပ်ချုပ်ခြင်း၊ ကွပ်ကဲခြင်းဖြစ်ပေသည်။

## အကျိုး

ပြောဆိုရန် ဘက်မရှိသော တစ်ယောက်ထည်းထည်း တတ်မြောက်နေသည့် ဘာသာစကားရပ်သည် အဘယ်မှာလျှင် သင်ရကျိုးနပ်ပါအံ့နည်း။

## စာထဲမှာသာ

ဝတ္ထုထဲတွင် ဇာတ်လိုက်မင်းသား၊ မင်းသမီး ပေါင်းများစွာကို ပေးစားတတ်သော ဝတ္ထုရေးဆရာတိုင်း မိမိကိုယ်တိုင် မိန်းမရအောင် မပိုးတတ်သူလည်း ရှိတတ်ပေသည်။



## ဂီတဓာတ်ခံ

တရားစာရွတ်ဖတ်သံကိုပင်လျှင် အသံကောင်းကောင်း နှင့် ဆွဲဆွဲငင်ငင်ဖတ်မှ ကြိုက်ကြခြင်းမှာ လူတိုင်း၌ ဂီတဓာတ်ခံ ရှိခြင်းကို ပြခြင်းပင် ဖြစ်၏။

## ကုမရ

မြွေကိုက်ခံရလျှင် ဆေးကု၍ရနိုင်သေး၏။ ငွေကိုက်ခံ ရသော် ဆေးကု၍မရပါ။

## မခက်ပါ

စန္ဒယားခလုတ်ကို နှိပ်ရခြင်း၊ ဘောလုံးကို ကန်ရ ခြင်းတို့သည် စောင်းကြိုးကိုခတ်ရခြင်း၊ ခြင်းလုံးကို တော့ရခြင်း တို့ထက် မခက်ခဲလှပေ။

## မှတ်ဉာဏ်

စာမတတ်သော မိန်းမများသည် ကတတ်လှသော မိန်းမများထက် မှတ်ဉာဏ်လည်းကောင်း၏။ ဈေးတွက်လည်း မြန်၏။

## သူရူး

လမ်းပေါ်၌ အမှတ်မထင် ဟိုဝင်သည်ထွက် ရည်မှန်း ချက်မရှိ သွားနေသူကို သူရူးဟုခေါ်တတ်ကြ၏။ ပညာရေး၊ စီးပွားရေးစသော ကိစ္စများကို ရည်မှန်းချက်မထားဘဲ ရောက်

တတ်ရာရာ လုပ်နေတတ်သူကိုလည်း သူရူးဟုပင် ခေါ်ထိုက်ပေသည်။

### သဘာဝ

စစ်တပ်များစွာကို အုပ်ချုပ်ရသော စစ်ဗိုလ်ကြီးများသည် ရာပေါင်းများစွာသော စစ်သားတို့အား တစ်ခွန်းတည်းသောအမိန့်ဖြင့် တည်စေနိုင်သော်လည်း၊ မိမိ၏ဇနီးကိုမူကား တိုတောက်ပိုပြောမှသာ ကိစ္စတစ်ခုပြီးတတ်လေသည်။

### ကြောက်စိတ်ဖျောက်နည်း

ကြောက်စိတ်ဝင်လာသည့်အခါ၌ ကိုယ်လက်လှုပ်ရှားမှု၊ သွေးမှုလှုပ်ရှားမှုတစ်ခု ပြုလုပ်လျှင် ကြောက်စိတ်ပြေနိုင်လေသည်။

### ရဲလွန်းလျှင်

ကြောက်လျှင်လွှဲ ရဲလျှင်မင်းဖြစ်ဟုဆိုသော်လည်း၊ ရဲလွန်း၍အဖမ်းခံရသူများမှာ မနည်းလှပေ။

### လူချည့်သာဆိုလျှင်

သတ္တလောကဟုခေါ်သော သတ္တဝါလောကတွင် အခြားသော သတ္တဝါတွေမရှိဘဲ လူတွေချည်းသာရှိမည်ဆိုလျှင် အလွန်ပင် ခြောက်သွေ့ပျင်းရိဖွယ်ကောင်းလှမည်သာ။



### ထီးထည်း

တစ်ယောက်ထီးတည်း ကြာကြာနေကြည့်သော အခါတွင် အဖော်၏တန်ဖိုးကို ပို၍သိလာလေတော့သည်။

### အိုလွယ်

ရှိအပ်သော လောဘထက် ပိုမိုကာ ဝိသမလောဘ ရမက်ကြီးသူတို့မှာ ရုပ်ဆင်းအဂါ အိုလွယ်လှပေသည်။ စိတ်အေးနားအေးနေတတ်သူနှင့် နှိုင်းယှဉ်ကြည့်ပါ။)

### ကြက်တူရွေး

ကြက်တူရွေးသည် စကားပြောတတ်၏။ သို့သော် သူ့အား စကားပြန်ပြောသော် နားမလည်ပေ။

### အချစ်ဟူသည်

အချစ်ဟူသော ကိစ္စတွင် ဇာသက်အကြီးအငယ်၊ အရွယ်အကြီးအငယ် ရွေးစရာမလို၊ မေတ္တာရင်းသော ပဓာနပင်ဖြစ်ပေသည်။

### ဘာမှမဟုတ်

မိမိအလုပ်ကို မလုပ်ဘဲ ဝိန်ဖောင်းရှုရှိက်ကိုချည်း ထိုင်ပြောနေသူသည် အိမ်သူမယား၏ မျက်စောင်းထိုးခံနေရသည်ကို မသိချေ။

## စွမ်းအား

ပျားရည်နှင့် အရသာတူအောင် အတုပြုလုပ်နိုင်သော်လည်း ပျားရည်အစစ်၏ အာနိသင်စွမ်းအားကို တူအောင်ကိုကား မပြုနိုင်ကြပေ။

## မနှစ်မျှော်တန်ရာ

ပျောက်သွားသော တစ်ကျပ်တန် ပစ္စည်းကို တစ်ရက်အကုန်ခံ၍ ရှာဖွေနေခြင်းထက်၊ ထိုတစ်ရက်အတွင်း ၁၀ ကျပ်ရအောင် ရှာခြင်းက ပို၍မှန်ကန်ပေလိမ့်မည်။

## ဝါသနာ

ကျော်ကြားနေသော ပုဂ္ဂိုလ်မှန်သမျှ မိမိမျှော်မှန်းခဲ့သော ဝါသနာပါသည့်အလုပ်ကို မရှက်ကြောက်လုပ်ခဲ့သောကြောင့်ဖြစ်၏။

## အကျင့်သိက္ခာ

လူတစ်ယောက်အား ဆာလောင်နေသောအခါတွင် ဟင်းကောင်းဟင်းညွှံစုံလင်စွာဖြင့် ထမင်းကျွေးကြည့်ခြင်းဖြင့် ၎င်း၏အကျင့်သိက္ခာကို အကဲခတ်နိုင်လေသည်။

## ချက်သည်ကြိုးရှုးရှင်

လူ့ခန္ဓာကိုယ်ဝမ်းဗိုက်တွင်ရှိသော ချက်သည် ယခုအခါ ဘာမျှအသုံးဝင်သော ဒြပ်မဟုတ်သော်လည်း လူ့ဘဝ



အစ အမေ့ဝမ်းတွင်းရှိစဉ်ကမူကား ချက်သည်၍ အသက်၏အဓိကဖြစ်ခဲ့လေသည်။

## ချိုဆိုပေမဲ့

နှုတ်ချိုလျှင် သျှိုတစ်ပါးဟု ဆိုသော်လည်း အလွန်နှုတ်ချိုလွန်းလျှင် အယုံအကြည်မဲ့ပြီး လူလိမ်ဟု အထင်ခံရတတ်လေသည်။

## ငွေသည် ပဓာနမဟုတ်

ငွေကိုဖြုန်းတိုင်း သုံးတိုင်း ပျော်သည်မဟုတ်၊ ငွေမကုန်ဘဲ ပျော်နိုင်သည်များလည်း နေရာအနှံ့အပြားတွင် ရှိပေသေးသည်။

## တစ်ခုတည်းမဟုတ်

အကောင်းသည်လည်း တစ်ခုတည်းမလာ၊ အဆိုးသည်လည်း တစ်ခုတည်းမလာ၊ ဘာမဆို အစုအပြုံလိုက် ရောက်လာတတ်လေသည်။

## ဤသို့ခေါ်လျှင်

လင်မယား နှစ်ယောက်သည် တရားအားထုတ်ကာ ကမ္ဘဋ္ဌာန်းဘာဝနာ ပွားများနေကြစေကာမူ တစ်ယောက်နှင့်တစ်ယောက် ဟဲ့... အပုပ်ကောင်ကြီး၊ ဟဲ့... ခန္ဓာကိုယ်မကြီးဟု ခေါ်[illegible] စိတ်ဆိုးကြမည်သာ ဖြစ်ပေသည်။

### မယ်ကင်းကျေးဇူး

မန်လည်ဆရာတော်က မဃဒေဝ ဣတ္ထိယကဗ္ဗာ၌ မိန်းမတွေကို အပြစ်ဆိုခဲ့သည်ကဲ့သို့၊ သီလရှင် မယ်ကင်းက ပုရိသများအား အပြစ်ဖို့ကာ မရေးခဲ့သည်မှာ ယခုခေတ် ယောကျာ်းများ ကံကောင်းခြင်းတစ်ရပ်ပင် ဖြစ်၏။

### ဂီတအသံ

ဂီတနှင့်တေးကို လူတိုင်းပင် နှစ်သက်ကြသည်မှာ ငယ်စဉ်ကပင် ဖြစ်၏။ ကလေးသူငယ်တိုင်းသည် တေးဆို၍ ချော့လျှင် နှစ်သက်ကာ အိပ်ပျော်တတ်ကြသည်မှာ သာဓက ပင်တည်း။

### တစ်ချောင်းပင်

အတုနှင့်အစစ်မှာ အနားကပ်၍ လွဲနေခြင်းဖြစ်၏။ မတူအောင်တုသောကြောင့် ပေါ်သည်သာဖြစ်၍ တူအောင်တု နိုင်သောကိစ္စများမှာ လူမသိရချေ။

### မမြင်ရ

လူမအားသည်ကိုကား ကြည့်မြင်ရ၏။ စိတ်မကောင်း သည်ကိုကား ကြည့်မြင်၍မရ။

### စုတတ်သော်

ပစ္စည်းရွှေငွေကို အနည်းငယ်ချင်းစုဆောင်းသည် ကဲ့သို့ အချိန်ကိုလည်း အနည်းငယ်ချင်း စုဆောင်းနိုင်လေသည်။



### ကိုယ့်စိတ်ကိုယ်မသိ

သူတစ်ပါးစိတ်ကို သိရန်အတွက် လေ့လာရသည်မှာ ခက်သလောက်၊ ကိုယ့်စိတ်ကိုယ်သိရန် လေ့လာရသည်က ပို၍ ခက်လေသည်။

### အချစ် နှစ်မျိုး

သမီးရည်းစားဘဝတွင် လင်မယားချစ်ကြပြီး လင် မယားဖြစ်လာသောအခါတွင် မောင်နှမချစ် ချစ်ကြလျှင် အိမ်ထောင်ရေး အဆင်ပြေဖွယ်တစ်ရပ် ဖြစ်ပေသည်။

### သတ္တိကြောင်

တစ်နေ့လုပ် တစ်နေ့စား သမားများပင်လျှင် အိမ်ထောင်ပြုရဲကြသေးပါလျက် လူလတ်တန်းစား အချို့ အိမ် ထောင်မပြုရဲသည်မှာ သတ္တိကြောင်လွန်းရာ ကျပေသည်။

### ကြာသော်ပျော့တတ်သည်

သူ့သဘော လိုက်လျောညီထွေ ကျင့်တတ်စေဆို သော်လည်း၊ လူတကာ၏ အလိုသို့ လိုက်လွန်းသောအခါ လူပျော့လူညံ့ဖြစ်၍ လာတတ်ပေသည်။

### သနားသောစိတ်

လူသည် ရုပ်ထက်စိတ်က အလုပ်ပို၍လုပ်ရလေသည်။ ရုပ်က အားလပ်ခွင့်ရှိသော်လည်း စိတ်ကအမြဲ အလုပ်လုပ်၍

နေသည်။ ထို့ကြောင့် ရုပ်ကြီးက အိပ်နေသော်လည်း စိတ်က အိပ်မက် မက်ခြင်းဖြစ်လေသည်။

## လူ့သဘောသဘာဝ

လူသည် တစ်ဦးတည်းနေလိုသော သဘောမရှိ အရအဝေးနှင့် နေလိုကြသည်။ အသစ်အသစ်သော မိတ်ဆွေကိုလည်းကောင်း၊ အတွေ့အကြုံကိုလည်းကောင်း တမ်းတကြသည်။

## လူတယ်လို့သာထင်

မိမိကိုယ် မိမိ ဝတ်ဆင်သမျှ လှသည့်ချည်းထင်တတ်ကြပြီး၊ သူတစ်ပါး အဝတ်အဆင်ကို အပြစ်တင်တတ်သူလည်း ရှိပေသေးသည်။

## နံမင်မှု

မိန်းမတစ်ယောက်သည် ကိုယ်လက်အင်္ဂါ တစ်စုံတစ်ရာ ချို့ယွင်းသူအား ချစ်သည်ဆိုရာ၌ ချစ်သည်ဆိုခြင်းထက် အထူးအဆန်းတစ်ရပ်ကို နံမင်ခြင်းဟုဆိုသည်က ပို၍မှန်ဖွယ်ရာ ရှိလေသည်။

## အတု

လူသည် ကြောင်ကဲ့သို့စား၍ ကြက်ကဲ့သို့ အိပ်ကာ ခွေးကဲ့သို့ကျင့်ပြီး၊ လူကဲ့သို့နေပါဟုဆိုလျှင် တိရစ္ဆာန်နှင့် နိူင်းရကောင်းလားဟုဆိုကာ စိတ်ဆိုးလေမလားမသိ။



## စိတ်နှင့်အကျင့်

စိတ်ထားပင် ကောင်းသော်လည်း ပေါ့ရွတ်ရွတ်၊ အေးစက်စက် လုပ်ဆောင်နေက ဘစ်ဖက်သားက အထင်မှားတတ်လေသည်။

## သိမ်တတ်မှကျိတ်တတ်၏

တကယ်ပါဗျာ၊ အဟုတ်ပြောတာပါဗျာဟု၄င်း၊ ဘုရားစူးရစေ့၊ မိုးကြိုးပစ်ရစေ့ဟု ကျိန်တွယ်ခြင်းသည် မိမိလိမ်လည်ပြောတယ်ကြောင်း ဝန်ခံခြင်းပင် ဖြစ်၏။

## သူတို့ကုန်ကြမ်း

စာရေးဆရာတို့အတွက် ကုန်ကြမ်းပစ္စည်းရရန်မှာကား အိပ်ခေါင်းထဲ အောင်း၍စိမ်ခံနေ၍မရ ဘဝအတွင်းဆင်းကာ ဘဝအတွေ့အကြုံ မျိုးစုံကို ရှာဖွေခြင်း၊ ပျော်သလိုနေခြင်းတို့သည် ကုန်ကြမ်းပင် ဖြစ်၏။

## လွှဲချားမှု

စာပေရေးသားခြင်းဖြင့် အသက်မွေးသူတို့သည် ပထမ ထုတ်ဝေသူ (သို့မဟုတ်) အယ်ဒီတာတို့ ကြိုက်နှစ်သက်သော စာမျိုးဖြစ်၍၊ ဒုတိယပုံနှိပ်တိုက် စာစီဆရာတို့ အကဲ့ရဲ့လွတ်ပြီးလျှင်၊ တတိယ ဖတ်ရှုသူတို့အတွက် စိတ်နှင့်ထိတွေ့မှု လွှဲချားမှု ဖြစ်ရပေမည်။

## အတွေ့အတွက်

မိန်းမကလည်းကောင်း၊ ယောက်ျားကလည်းကောင်း ချစ်ပါသည်ဆိုခြင်းမှာ မိမိအတွက် ချစ်ခြင်းသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မိမိ ကာမဂုဏ်ခံစားမှု၊ မိမိကြည်နူးသာယာမှု၊ မိမိစိတ်အာရုံပြေဖျောက်မှု၊ မိမိကြွားဝါမှုအတွက်သာ ဖြစ်ခြင်းကြောင့်တည်း။

## မလိုက်လျှင် ရပ်၍စောင့်မည်

ယောက်ျားသည် အလိုက်သမား၊ မိန်းမသည် အပြေးသမားဖြစ်သော်လည်း ယောက်ျားကိုလွတ်အောင် ပြေးခြင်းမဟုတ်၊ မလွတ်အောင် ပြေးခြင်းသာ ဖြစ်လေသည်။

## လူကတစ်ဖက်စီး

[illegible]နံစပါးစသော အဆီအံနှစ်တို့ကို စားနေသောလူများကို အင်အားပြည့်ရန်အတွက်ဆိုကာ ကောက်ရိုး၊ မြက်ခြောက်၊ ဖွဲစသည့် အနှံတို့ကို စားရသည့် နွားသား၊ ကျွဲသားတို့ကို ပရိတင်းပါသည်ဟုဆိုကာ စားနေကြသည်မှာ တရားပါ၏လော။

## မဆီမဆိုင်

ဒီပစ္စည်းကလေးက အမေ့လက်ထက်ကတည်းက ပစ္စည်းလေးမို့ ဆိုခြင်းမျိုးဟာ မဆိုင်ရာတန်ဖိုးထားနေခြင်းသာ ဖြစ်ပေသည်။



## အသိကတခြား

တရားစာတွေ အော်ကျယ်အော်ကျယ် ရွတ်သူတိုင်း တရားသဘောပေါက်သည် မဟုတ်ပေ။

## ဝယ်၍မရတာ မရှိသေး

ကမ္ဘာပေါ်တွင် ဝယ်၍မရသော ပစ္စည်းဟူ၍ မရှိပေ။ ရွာများ၊ ကျွန်းများ၊ လူများကိုပင် ဝယ်နိုင်ချေသေးသည်။

## လေ့လာစရာ

မီးရထားဖြင့် ခရီးသွားရင်း လူ့လောက၏ အခြေအနေ၊ လူတွေ၏ စိတ်နေသဘောထားကို များစွာလေ့လာနိုင်လေသည်။

## အတွေ့အကြုံကြောင့်

မိန်းကလေးတစ်ယောက်အား သားနှင့်အဖ ပြိုင်၍ပိုးသည်ဆိုငြားအံ့၊ ဖအေက သားထက်ပို၍ စွံမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အတွေ့အကြုံရှိခဲ့ဖူးသောကြောင့်တည်း။

## ကျားသာကြောက်စရာ

တစ်ခါတစ်ရံတွင် အဖေနှင့်သမီး၊ မောင်နှင့်နှမ မှားယွင်းကြသံများကို ကြားရသော်လည်း သားနှင့်အမိ၊ အစ်မနှင့် မောင်တို့ မှားယွင်းသည်ဟူ၍ကား မကြားဘူးချေ။

## အလင်းမှစခဲ့၏

ကာမဂုဏ်မှုသည် စိတ်ကွယ်ရာ၌ ပို၍ဖောက်ပြန်သည် ဆိုသော်လည်း လူစည်ကားရာ အလင်းထဲ၌ စတင် ပန္နက်မရိုက်ခဲ့ဘဲနှင့် မဖြစ်နိုင်ပေ။

## များသော်

ရေကိုမှီ၍ ရှင်သန်ကြီးထွားရသော မြေပေါက်သစ်ပင်များပင်လျှင် ရေဝင်ကြာသောအခါ ရေလောင်းများသောအခါ သေတတ်ပေသည်။

## ဘူးသီးနှင့်စပျစ်သီး

စပျစ်သီး ၁ ပေါင်ကို ၁ ကျပ်လောက်အထိ ဈေးပေါသော်လည်း လူတိုင်းအတွက် အကျိုးမသက်ရောက်ပေ။ ဘူးသီး၊ ခရမ်းသီးစသော ဟင်းချက်စရာများ ဈေးကျမှသာလျှင် လူတိုင်း အကျိုးရှိနိုင်လေသည်။

## ချွတ်ယွင်းသော်လည်း

နားလေသူမှာ မျက်စိလျှင်၍၊ မျက်စိကွယ်သူမှာ နားလျှင်သကဲ့သို့၊ လူတို့တွင် အင်္ဂါတစ်ခု ချို့ယွင်းသော် တစ်ခုခုက ပို၍ အစွမ်းထက်တတ်လေသည်။

## အသားကိုမရိုက်

မယားကိုဆုံးမခြင်း၌ အသားကိုရိုက်နှက်ခြင်းထက် အသည်းကို ရိုက်နှက်ခြင်းက ပို၍ထိရောက်လေသည်။



## အိုးနှင့်အချစ်

မိုးနှင့်သရက်၊ အိုးနှင့်ကြွက်ကို အဟောခက်သလို၊ အချစ်၏သဘောကိုလည်း အဟောခက်လှသည်။

## ဘဝတက္ကသိုလ်

တက္ကသိုလ်မှ အောင်စာရင်း၌ပါပြီးသည့်နောက်ဝယ်၊ ဘဝတက္ကသိုလ်သို့ ဆက်၍ ဖြေရဦးမည်သာ ဖြစ်၏။

## အမှန်ချည်းသာပြောလျှင်

ကမ္ဘာပေါ်ရှိ လူသားများသည် တစ်ဦးနှင့်တစ်ဦး ပရိယာယ်ကြွယ်စွာ လိမ်ညာနေကြသောကြောင့်သာ သင့်မြတ်နေကြခြင်း ဖြစ်လေသည်။ တကယ်သာ တစ်ဦးနှင့်တစ်ဦး စိတ်ထဲရှိသမျှ အမှန်တွေချည်းသာ ပြောကြလျှင်မူကား ရန်ပွဲများ ခဏခဏ ဖြစ်ပွားနေမည်သာ ဖြစ်ပေသည်။

## မာနနှင့်သမာဓိ

အလုပ်လက်ရှိဖြစ်စဉ်က မာန်မာနမောက်ကြွသောသူသည် အလုပ်ပြုတ်သောအခါ၌ ငိုယိုတတ်၏။ အလုပ်ရှိစဉ်က မာန်မာနမရှိသူသည် အလုပ်ပြုတ်သော်လည်း မတုန်လှုပ်ပေ။

## ခေါင်းခါလိမ့်မယ်

သကြိန်တွင်းအတွက် ကုန်ကျမည့် ပျော်ပါးမှုမှန်သမျှ၏ ကုန်ကျငွေများကို တစ်မျိုးသားလုံး အသုံးကျမည့်ကိစ္စရပ် အတွက် အသုံးပြုမည်ဆိုလျှင် အားလုံးခေါင်းခါကြပေလိမ့်မည်။

## မတုံ့ပြန်နိုင်က

ကုလီလုပ်ကာ သားသမီးတို့အား တက္ကသိုလ် အရောက် ပို့နိုင်သော မိဘအား တက္ကသိုလ်မှ အောင်မြင်လာသော သားသမီးတို့က ပြန်၍မကျွေးနိုင်သေးလျှင် ရှက်စရာကောင်းလှစွာ၏။

## အရေးနှင့်အရွတ်

ကဗျာကို ရေးတတ်သော်လည်း ထိုကဗျာကိုပင် မရွတ်ဆိုတတ်သူ ရှိသကဲ့သို့၊ စာကိုရေးသော်လည်း ပညာရှိမဟုတ်နိုင်။

## အစာ

သံထည်၊ ကြေးထည် စသောပစ္စည်းများဖြင့် တည်ဆောက်ထားသော စက်ကိရိယာပင်လျှင် လိုအပ်သော လောင်စာဆီ၊ စက်ဆီစသော အစာအာဟာရတို့ကို လုံလောက်အောင်ကျွေးမှသာလျှင် ကောင်းစွာလည်ပတ်-အလုပ်လုပ်သည့်ကဲ့သို့၊ လူသားတစ်ယောက်အားလည်း လုံလောက်သော အစာမှန်သမျှကို ပေးကျွေးမှသာလျှင် ကောင်းစွာအလုပ်လုပ်နိုင်ပေမည်။

## ဆေးနှင့်အသီး

အသက်ရှည်ဆေး၊ ရုပ်ဆင်းနုပျိုသော ဆေးများအတွက် နိုင်ငံခြားဆေးများကို အားကိုးသည်ထက် မြန်မာပြည်ထွက်လတ်ဆတ်သော သစ်သီးများက ပို၍ကောင်းပါသည်။



## လူပို

ငါက ကျောင်းသားပဲ ကျောင်းသူပဲဆိုကာ မိဘလုပ်ငန်းကို မလေ့လာ၊ အိမ်မှုကိစ္စကိုလည်း ဘာမှမကူညီသော ကျောင်းသား၊ ကျောင်းသူသည် လူပိုသာဖြစ်၏။

## ဝန်လေး

ဝတ္ထုတိုတစ်ပုဒ်ကို နေ့ချင်းပြီးရေးရန် ဖြစ်နိုင်သော်လည်း နီတိကောင်းတစ်ပုဒ်ရရေးမှာ ဝန်လေးလှပေသည်။

## တရားသမဆိုပြီ

အထက်ဆရာကြီးအမိန့်အရ ဘုရားသို့သွားကာ တရားအားထုတ် ရပါသည်ဆိုသော ဂိုဏ်းဝင်မိန်းမအချို့တွင် သားဖျက်ရသူများသည် ပါပေသေးသည်။

## အသံချဲ့စက်

ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တရှိသော ဘုရားကိုရှိခိုးသောအခါတွင် အသံချဲ့စက်ကြီးကိုသုံးသည်မှာ ဘုရားအား နားလေးသူကဲ့သို့ ပြုမူရာကျလေသည်။

## အဆန်းဟူသည်

တောသူတောသားများအတွက် မြို့သည် အဆန်းအပြားပေါ်များသည်ကဲ့သို့၊ မြို့သူမြို့သားများအတွက်လည်း တောတွင် အဆန်းအပြားများစွာ တွေ့ရမည်သာ ဖြစ်ပေသည်။

## နားချင်လို့

သမ်းဝေခြင်းသည် ခန္ဓာကိုယ်က အားလပ်ခွင့် တောင်းဆိုခြင်းဖြစ်၏။

## အနိုင်

အရောင်နုကို အရောင်ရင့်က ဖုံးလွှမ်းနိုင်၏။ အသံသေးကို အသံကြီးက ဖုံးလွှမ်းနိုင်၏။ ပေါ့သော အရသာကို ငံသော အရသာက ဖုံးလွှမ်းနိုင်၏။ ပျော့သောအနံ့ကို ၎င်းထက် ပြင်းသော အနံ့ဖြင့် တိုက်က ပျောက်ပျက်နိုင်၏။

## ခြင်ဆေး

အမွှေးရှည်ပေါက်သော သတ္တဝါများကို ခြင်မကိုက နိုင်သကဲ့သို့၊ အကယ်၍သာ လူသားများ၌ အမွှေးရှည်များ အားလုံးပေါက်နေခဲ့ပါသော် ခြင်ကာကွယ်ရေးဆေးများ လိုအပ် တော့မည် မဟုတ်ပါပေ။

## ရခဲပါဘိ

သူငယ်ချင်းကောင်း တစ်ယောက်၊ မိတ်ဆွေကောင်း တစ်ယောက်ရရန် ရှာရသည်မှာ ရည်းစားတစ်ယောက်ရရန် ပိုးပန်းရသည်ထက် ခက်၏။

## လျှို့ဝှက်သူက

ပေါ်လွင်ထင်ရှားအောင် ကြွဆောင်ကြူးစားနေသော



မိန်းကလေးထက်၊ လျှို့ဝှက်သိပ်သည်းစွာနေသော မိန်းကလေး များကို ယောက်ျားကောင်းများက ပို၍နှစ်သက်၏။

## ဝိဇ္ဇာတဲ့လေ

အရူးထကာ ထင်ရာမြင်ရာလုပ်ပြီးနေသူကို ဝိဇ္ဇာဟုဆိုကာ ကိုးကွယ်နေသော အရူးများ ယခုအထိ ရှိနေသေးသည်။

## တစ်ယောက်တည်းသာကြည့်

အရာရာတိုင်းတွင် အောင်မြင်သည့်ဘက်မှသာ ကြည့်ပါ။ တွေးပါ။ လုပ်ပါ။ သို့မှသာ တော်ရုံကျ၏။

## တန်ဖိုးကိုသိဖို့

မီးခြစ်တစ်ဗူး၏ တန်ဖိုးမှာ ၅ ပြားသာဖြစ်၏။ တစ်ဆံ၏တန်ဖိုးမှာ ပြောပလောက်အောင် တန်ဖိုးမရှိသော်ငြားလည်း အပြာဘက်တွင်သော်လည်းကောင်း၊ အပျက်ဘက်တွင်သော်လည်းကောင်း၊ အသုံးပြုတတ်လျှင် အနဂ္ဃထိုက်တန်လေ ဖြစ်လေသည်။

## လူကြောက်

မယားကိုစိတ်ဆိုး၍ လူရှေ့သူရှေ့တွင် အိုးနှင့်ပန်းကန်တို့ကို ရိုက်ခွဲတတ်သော လင်သည် အိပ်ယာဝင်သောအခါတွင် မယားအား ရှိခိုးတတ်လေသည်။

## ပေးကမ်းသင့်၊ မသင့်

ဒုက္ခိတမဟုတ်သော တောင်းရမ်းစားသူအား ပိုက်ဆံ

ပေးခြင်းသည် သနားရာမရောက်၊ သူတောင်းစား သက်ရှည်စေခြင်းသာဖြစ်၏။

## ရဲသောသမီး

ဖေဖေ၊ ကျွန်မတော့ ဘယ်သူ့ကိုချစ်နေပြီဟု ပွင့်လင်းသောသမီးများ ပေါ်များလာသောအခါတွင် နိုးရာလိုက်သောသတင်းများရှားပါး၍ သွားပေလိမ့်မည်။

## ဖိုးဖိုးချင်လေ ဟန်လုပ်လေ

အလွန်ဟန်လုပ်၍ အလွန်ကြွေးလုပ်သော မိန်းမသည် ငှင်း၏ဖောက်ပြန်စိတ်ကို သိုသိပ်ဖုံးဖိထားခြင်းသာ ဖြစ်သည်။

## ဝါးမျိုးအုံ

သင်က အချိန်ကို မဝါးမျိုသော အခိုက်တွင် အချိန်က သင့်ကို ဝါးမျိုနေလေသည်။

## ယခု

ယခု ဆိုသောစကားသည် ယခု ပင်ဖြစ်၍၊ ယခုကို လိုသော် ယခုပင်လုပ်ပါ။

## ပွင့်လင်းမှုကျေးဇူး

မိဘများရှေ့၌ပင် လူပျိုလှည့်ခွင့်ပြုထားသော ဒေသများ၌ မုဒိန်းမှုဖြစ်ပွားခြင်းမျိုး မရှိသလောက်ပင် ရှားလှသည်။



## လုပ်ချိန်၌လုပ်

အလုပ်ချိန်၌ ပေါ့ဆစွာနေပြီး၊ အိပ်ချိန်မှ အလုပ်လုပ်သောအကျင့်မှာ ကောင်းသောအကျင့် မဟုတ်ချေ။

## အော် မိန်းမ

မင်းအဖေ အိပ်နေတယ် မဆူကြနဲ့ဟု အော်၍ပြောသော မိန်းမသည် လိမ်မာစွာဖြင့် လင်ကိုနိုးလိုက်ခြင်းဖြစ်သည်။

## ထီးနှင့်လူ

မိန်းမသည် မည်မျှပင် ထွားကျိုင်းဝဖြိုးစေကာမူ ယောကျ်ားဆောင်းထီးကို ဆောင်းလျှင်ကြည့်မကောင်းသလို၊ ပိန်ပေသာပုသော ယောကျ်ားမှာလည်း မိန်းမဆောင်းကို ဆောင်း၍ကြည့်မကောင်းချေ။

## စုပေါင်း၍မဖြစ်

နာရီသံချောင်းကို ၂၄ နာရီစာ စုပေါင်းကာ ခေါက်၍ မဖြစ်နိုင်ပေ။

## ရေချင်းမတူ

ဒေဝီစိတွင်းရေသည် မြစ်ရေ၊ ချောင်းရေလောက် သစ်ပင်များကို မရှင်သန်နိုင်ချေ။

## သေးငယ်သော်လည်း

ဘမ်းပေါ်တွင် အမှိုက်ပင်လိုက်သောသူသည် နိုင်ငံ

တော်ဘတ်ဂျက်၌ ရာနှုန်းမည်မျှ ထိုးကိုက်သည်၊ ခံမိ ဆောင်ရသော အခွန်မည်မျှပါသွားသည်၊ အခြားထုထောင်ရေး၊ လူမှုရေးလုပ်ငန်းများ၌ မည်မျှလျော့ပါးသွားသည်ကို တွက်ဆာဒိသူ မဟုတ်ပေ။

## သင်ပေးရို့

ကိုယ်ဝန်စောင့်ရှောက်နည်း၊ သားသမီးမွေးမြူနည်း၊ စောင့်ရှောက်နည်းတို့ကို အမျိုးသမီးကျောင်းများတိုင်း၌ သင်ကြားပေးထားပါမူ ကလေးအသေအပျောက် ယခုထက် နည်းပေလိမ့်မည်။

## စိတ်ချင်းမတူ

ဆင်းရဲသားများ အားလပ်လျှင် အဝတ်အစားဝယ်ရန်နှင့် ပွဲလမ်းသဘင်ကြည့်ဖို့လောက်သာ စိတ်ကူး၏။ နေရှင်များ အားလပ်လျှင်ကား ဘယ်ကောင်းမလေး ဖျက်ဆီးရပါ့မလဲဟု စိတ်ကူးကြ၏။

## ဘဝစက်ဘီး

စက်ဘီးစီးခြင်းသည် လူ့ဘဝနှင့်တူလှ၏။ မြန်မြန်နင်းလျှင် မြန်မြန်သွား၏။ နှေးနှေးနင်းလျှင် နှေးနှေးသွား၏။ မနင်းဘဲ နေလျှင် ရပ်သွားပြီးလဲတော့၏။ (လူ့ဘဝ စီးပွားရေးသည်လည်း ဤအတိုင်းပင်)



## ရဲတိုင်းမအောင်

ကြောက်လွဲ ရဲမင်းဖြစ်သော်လည်း အရဲလွဲ၍ မင်းမဖြစ်ဘဲ မသာဖြစ်သူများ မနည်းလှတော့ပေ။

## မလွတ်လပ်

ဆင်းရဲသား အများစုသည် ပွဲလမ်းသဘင်ဖြင့် ပျော်ရွှင်၍လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း၊ စိတ်လွတ်ကိုယ်လွတ် နေနိုင်ကြသော်လည်း နေရှင်များ၌မူကား ပစ္စည်းဥစ္စာခြောက်ကာ စိတ်လွတ်ကိုယ်လွတ် မရှိလှချေ။

## သဘာဝကိုမမှီ

သိပ္ပံပညာ၊ လောကဓာတ်ပညာတို့သည် သဘာဝပစ္စည်းကို တုရုံသာတုနိုင်ပြီး၊ တူအောင် မလုပ်နိုင်ချေ။

## ဖဲနှင့်လူ

လူ့ဘဝတစ်လျှောက်သည် ဖဲရိုက်နေကြသည်နှင့်တူ၏။ ရှုံးလိုက် နိုင်လိုက်နှင့်ပင် သံသရာလည်နေ၏။

## ကလေးနှင့်ရှယ်အို

သက်ကြီးရွယ်အိုများကို ပြုစုခြင်းသည် ဘာသာရေးအရသာလျှင် ကောင်း၏။ ကလေးသူငယ်ကို ပြုစုခြင်းသည် **နိုင်ငံတော်အတွက်** ပျိုးထောင်ပေးခြင်းဖြစ်၏။

## သူ့နေရာနှင့် သူ့နေရာ

ခါးပိုက်နှိုက် ကပ်ကြေးကိုက်တိုင်း လူလည်များ မဟုတ်။ ၄င်းတို့ အ,သည့် ကိစ္စများ ရှိသေးသည်။

## စိတ်

စိတ်မာလျှင် ကိုယ်မာ၏။ ကိုယ်မာမှုလည်း စိတ်မာနိုင်၏။

## အငယ်နှင့်အကြီး

အချစ်ကိုလိုသော် ကိုယ့်ထက်ကြီးသူကိုရှာပါ။ ကာမကိုလိုသော် ကိုယ့်ထက်ငယ်သူကို ရှာပါ။

## ရေနှင့်လေ

ရေသည် နိမ့်ရာသို့ စုန်ဆင်း၍ လေသည် မြင့်ရာသို့ ဆန်တက်လေသည်။

## ကံတရား

လင်ရခြင်း၊ မယားရခြင်းသည် အလွန်ပင် ကံတရား ဆန်လှစွာ၏။ ကောင်းမည်ဟုမှန်းလျှက် ဆိုးတတ်ပြီး၊ ဆိုးမည်ဟု ထင်လျှက် ကောင်းတတ်လေသည်။

## သူ့နေရာနှင့် သူ့နေရာ

အယ်ဒီတာတိုင်း နာမည်ကျော် စာရေးဆရာ မဟုတ်ကြ။ သို့သော် နာမည်ကျော် စာရေးဆရာများ၏ စာများကိုကား ဝေဖန်တည်းဖြတ်နိုင်တတ်လေသည်။



## သောတရှပေန

စက္ခုရှပေန သံဝါသဆိုသော စကားသည် လူတိုင်းနှင့် မသက်ဆိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မျက်မြင်မှာလည်း အချစ်စိတ်ရှိသောကြောင့်တည်း။

## ဘုန်းနိမ့်သလား

မိန်းမတွေ အထက်ကနေ၍ ဘုန်းနိမ့်သည်ဆိုလျှင် ၂ ထပ်တိုက်၊ ၃ ထပ်တိုက်၊ ၄ ထပ်တိုက်အောက်မှ ယောကျ်ားများသည် လုံးဝပင် ဘုန်းရှိကြတော့မည် မဟုတ်ပေ။

## တစ်ယောက်မှမရှိ

မိမိဘဝကို မိမိအားရကျေနပ်သူဟူ၍ ကမ္ဘာပေါ်တွင် မရှိချေ။

## ကြာတော့ဟောင်း

လင်နှင့်မယားသည် ရိုးရိုးအေးအေး နေသည့်မှာ ကြာလျှင်ပျင်းတတ်၏။ ဘာမဆို အသစ်အဆန်း ကလေးများ ထွင်ပေးလျှင် စိုပြေသာယာလာပြန်၏။

## ဒါကြောင့်

မိန်းမတိုင်းသည် အဝတ်အထည်ကာစ အသစ်အဆန်း

အပြောင်းအလဲကို ကြိုက်တတ်၏။ သို့ကြောင့် ဖောက်ပြန်မှုများ ပေါ်ပေါက်နေခြင်းဖြစ်၏။

## ခွန့်မှစားရသည်

ခွန့်စားဆိုသော မြန်မာစကား၏ အဓိပ္ပာယ်မှာ ခွန့်မှ စားရသည်ဟူ၍ ပေါ်လွင်ပေသည်။

## သူ့နေရာနှင့်သူ

ကိုယ့်ကိုယ်ကိုဖော် မသူတော်ဟူသော စကားသည် နေရာတိုင်းတွင် မမှန်ကန်ချေ။ လိုအပ်သည့်အခါတွင် ထုတ်ဖော်ရမည်ဖြစ်၏။ မြတ်စွာဘုရားပင်လျှင် လိုအပ်သောအခါ၌ အဟံ ငါဘုရားသည်ဟု မိန့်မြွက်ခဲ့သည်။

## သမာဓိ

ချစ်သူနှစ်ဦး ကြည်နူးနေခြင်းသည်လည်း သမာဓိ တရားဝင်နေခြင်း တစ်မျိုးပင် ဖြစ်လေသည်။

## တစ်ခါတရံ

မယားကို တစ်လျှောက်လုံး အလိုလိုက်ထားလျှင် ငြီးငွေ့တတ်၏။ တစ်ခါတရံ မယားကိုတားမြစ်ခြင်း၊ ဆုံးမခြင်း ပြုသည်ကို မယားက အချစ်ပိုတတ်၏။

## သူ့ကြောင့်

ကမ္ဘာပေါ်တွင် အယူဝါဒကွဲပြားခြင်း၊ အသားအရောင်



ကွဲပြားခြင်းတို့ကြောင့် ဖြစ်ပေါ်သော ပဋိပက္ခမှုများထက် လူတန်းစား (အခွင့်အရေးရှိသူ၊ အခွင့်အရေးမဲ့သူ၊ ဆင်းရဲသူ၊ ချမ်းသာသူ) ကွဲပြားသောကြောင့် ဖြစ်သော ပဋိပက္ခက ပို၍များပြားသည်။

## မနိမ့်ကျပါ

သခင်သည် ဖက်ခွက်စားဟု ခေါ်ခြင်းမှာ ယုတ်ညံ့နိမ့်ကျခြင်းမဟုတ်၊ သူတစ်ပါးထက် ထူးမြတ်ကြောင်း ဂုဏ်တင်ခြင်းသာဖြစ်၏။

## ကြောက်သူရှိမှ

တာဝန်ကို တာဝန်ဟုမထင်သူအဖို့ မိမိအထက်မှ ကြောက်ရသူတစ်ဦးရှိနေခြင်းသည် ထိုသူအဖို့ တက်လမ်းရှိနေခြင်းပင် ဖြစ်သည်။

## ဗဟုသုတ

အိမ်ခေါင်းထဲ အောင်းကာနေသူထက် လမ်းပေါ် လျှောက်သွားနေသူက လောကအတွေ့အကြုံ များလှပေသည်။

## ပညာဟူသည်

အင်္ဂလိပ်စာ၊ နိုင်ငံခြားစာတစ်လုံးမှ မတတ်သော်လည်း၊ အောင်မြင်သော ပညာသည်မှာ အများအပြားရှိပါသည်။

## သူ့ထက်သာ

အကြံတူသူကို ရန်သူဟုသဘောထားကာ ရန်လုပ်နေခြင်းထက် သူ့ထက်ကိုယ်ကသာအောင် ကြိုးစားသင့်လေသည်။

## မရှိသေး

တစ်သက်လုံး မရှုံးခဲ့တဲ့ ချန်ပီယံဖြစ်နေသော လက်ဝှေ့သမားဟူ၍ တစ်ဦးတစ်ယောက်မှမရှိ။

## ရှေ့သို့

လူသည် ဘာမဆိုကြိုတင်သိမြင်လိုစိတ်ရှိကြ၍သာ မီးရထား၊ မော်တော်ကား စီးကြသောအခါ ရှေ့သို့ကြည့်လိုကြခြင်းဖြစ်ပေသည်။

## မြင်တတ်လျှင်

ကျားကစားခြင်းကို အဘိဓမ္မာလိုမြင်လျှင် လောကီရေးကိစ္စများတွင် လွန်စွာပင် အသုံးဝင်လေသည်။

## မျက်နှာသေ

မျောက်သည် လူ၏အပြုအမူ မှန်သမျှကို လုပ်နိုင်သော်လည်း မျက်နှာအမူအရာကိုကား ပြောင်းလဲနိုင်စွမ်း မရှိချေ။

## ဘယ်သူ့ကြောင့်နည်း

စာအုပ်များ တစ်ဝက်ဈေးသို့ ရောက်ရခြင်းမှာ စာရေးဆရာကြောင့်လော၊ စာဖတ်ပရိသတ်ကြောင့်လော၊ ထုတ်ဝေသူကြောင့်လော။

## လူကြီးမိုက်တော့

ကလေးမိုက်လျှင် ဆုံးမ၍ ရနိုင်သေး၏။ လူကြီးမိုက်လျှင်ကား ဆုံးမ၍မရနိုင်တော့ချေ။



## ကြွားဝါ

ကြွားဝါပြောဆိုတတ်သော သူများသည် သူတစ်ပါး ကြွားဝါပြောဆိုသည်ကို မကြိုက်တတ်ပေ။

## အညီတရား

လူတန်းစားပေါင်းစုံတို့အား တူညီမှုပြုပေးနိုင်သော တရားသည် အချစ်စစ် အချစ်မှန်ပင် ဖြစ်ပေသည်။

## တားမြစ်လျှင်

ဖောက်ပြန်ချင်လှသော လင်အား မယားငယ်ယူခြင်းကို တားမြစ်ထားလျှင် ထိုလင်အား ထို့ထက်ဆိုးသောနည်းဖြင့် ဖောက်ပြားစေသည်ဟု ဆိုနိုင်၏။

## ချစ်ရာမှ မုန်းသော်

ယောကျ်ားများသည် မိန်းမများအပေါ်၌ ချစ်နေစဉ်အခါတွင် သူစီးသွားသော ဖိနပ်သံကလေးကိုပင် စောင်းသံထင်မှတ်ပြီး၊ မုန်းပြီဆိုသောအခါ၌ ကိုကိုရယ်ဟူ၍ ခေါ်သံကိုပင် အမြှောက်သံ ထင်မှတ်တတ်၏။

## သတ္တိသည်လည်းအကျင့်

ကမ္ဘာပေါ်တွင် စစ်ထဲလို့ဝင်သူတိုင်း သတ္တိကောင်းလှသည်မဟုတ်၊ စစ်ထဲရောက်မှ သတ္တိကောင်းလာသူ များစွာရှိလေသည်။

## အ႑ သုံးလုံးသင်

ပညာတတ်ပြီးသော်လည်း အ႑သုံးလုံးသင် ထိုက်သေးသည်။ ထို အ႑သုံးလုံးမှာ (အ)လုပ်ကိုလုပ်၊ (အ)သုံးကို ရှောင်ကာ (အ)ကြွားအဝါ ကင်းစေခြင်း ဖြစ်ပေသည်။

## မရောင့်ရဲနိုင်

ချောင်းအသွယ်သွယ် မြစ်အရပ်ရပ် ပင်လယ်အဖြာဖြာတို့မှ စီးဆင်းဝင်လာသော သမုဒ္ဒရာတို့သည် ပြည့်လျှံတင်းတိမ်သည်ဟူ၍ မရှိသကဲ့သို့၊ မတည်ငြိမ်သော မိန်းမတစ်ဦးအား ယောကျ်ားများစွာက ဝိုင်းအုံ၍ချစ်ကြသော်လည်း တင်းတိမ်ရောင့်ရဲပြည့်လျှံသည်ဟု မရှိပေ။ ဖောက်ပြန်လိုသော ယောကျ်ားတစ်ယောက်မှာလည်း မိန်းမများစွာနှင့် နေရသည့်တိုင်အောင် တင်းတိမ်ရောင့်ရဲသည်ဟူ၍ မရှိပေ။

## လင်မယားကုန်ကြမ်း

အချစ်သည် လင်မယား နှစ်ဦးအတွက် ကုန်ကြမ်းဖြစ်၍ သာယာသော အိမ်ထောင်ရေးမှာ ထွက်ကုန်(ကုန်ချော() ဖြစ်အပ်လေသည်။

## ငွေဝယ်မယား

အိမ်ထောင် ရှင်မကောင်း မယားထူး၊ မယားမြတ်ကို ငွေဖြင့် ဂုဏ်ဖြင့် ဝယ်၍မရ၊ မေတ္တာဖြင့် ပညာဖြင့် ဝယ်မှသာ ရနိုင်ပေသည်။



## ဈေးဝယ်

ယောကျ်ားတိုင်း၌ မိန်းမစိတ် အနည်းအများပါသကဲ့သို့ မိန်းမများတွင်လည်း ယောကျ်ားစိတ်အနည်းအများ ပါရှိလေသည်။

## အသေးကို အကြီးလုပ်

လူအများစု နားလည်ပြီးသော အကြောင်းအရာကလေးများကို အသေးစိတ် အကျယ်ချဲ့ကာ ရေးသားသောစာတို့ကို လူကြိုက်များတတ်ပြီး အကြောင်းအရာ နက်နက်နဲနဲ သိမှတ်စရာများကို ရေးသောစာများကိုကား လူကြိုက်နည်းတတ်လေသည်။

## ၂ ယောက်ဆိုလျှင်

သခင်နှစ်ယောက် အုပ်ချုပ်သော ထမင်းချက်သည် လည်းကောင်း၊ ဥယျာဉ်မှူးသည် လည်းကောင်း၊ ကောင်းစွာ ဆောင်ရွက်တော့မည် မဟုတ်ချေ။

## ဘာခေါ်မလဲ

ယခုအခါ အချို့သော ဝေါဟာရတို့ကို ပြောင်းလဲသုံးစွဲနေပြီးဖြစ်၍ မီးရထားဆိုက်နားရာ ဌာနကို ဘူတာဟူ၍ မဆိုမဆိုင်ခေါ်နေခြင်းကိုလည်း မြန်မာဆန်ဆန် ပြောင်းထိုက်ပေပြီ။

## သုံးမျိုးစပ်

မြန်မာအများစုသည် ပါးစပ်က တရုတ်အစာကို

ကြိုက်၏။ နားရွက်က ကုလားသီချင်းကို ကြိုက်ကြပြီး၊ ခါးက အင်္ဂလိပ် အမေရိကန်အဝတ်ကို ကြိုက်ကြ၏။

## အသစ်

ပြီးပျက်အုံသော တိုက်အိုကြီးကို ရသည်ထက် နိုင်ငံ့သော တဲငယ်သစ်ကိုရခြင်းက စိတ်ချမ်းသာ၏။

## စိတ်နယ်နိမိတ်

ကမ္ဘာလောကသည်လည်းကောင်း၊ စကြာဝဠာသည် လည်းကောင်း၊ အတိုင်းအတာရှိသေး၏။ စိတ်အကျယ်အဝန်း သည် အတိုင်းအတာမရှိချေ။

## လူတန်းစားစစ်

တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် တိုက်ကြသောစစ် သည် ရာစုနှစ်များအတွင်း၌သာ ဖြစ်တတ်သော်လည်း လူတန်း စားစစ်ကား ထာဝရရှိနေတတ်သည်။

## ရေချို–ရေငန်

ချောင်းမြစ်များစွာတို့မှ ချိုလှစွာသော ရေတို့သည် ပင်လယ်ထဲသို့ စီးဝင်ရောက်ရှိသွားသောအခါတွင် မချိုနိုင် တော့ဘဲ အားလုံးငန်၍ သွားရလေတော့သည်။

## အမှန်တရား

အချစ်သည် ပညတ်ချက် ဟန့်တားချက်၊ တားမြစ် ချက်မရှိချေ။ မည်သူက မည်သူ့ကိုမဆို ချစ်နိုင်ခွင့်ရှိလေသည်။



## မိန်းမညှို့တံဆိပ်

အိမ်၌ပေရေခြင်း၊ ခြံ၌မသာယာခြင်း၊ သစ်ပင်တို့ မစိုပြေခြင်းတို့မှာ အိမ်ရှင်မ ပျင်းကြောင်း၊ ဖျင်းကြောင်း အမှတ် တံဆိပ်ဖြစ်ပေသည်။

## အသံ

သွပ်၊ ကြေး၊ သံစသည်တို့၌ အတုံးအခဲဘဝတွင် အသံမထွက်သော အ,အများဖြစ်သော်လည်း အပြားဖြစ်လာသော အခါတွင် အထိအလှုပ်ရှိသည်နှင့်အမျှ အသံအလွန်ထွက်လေ သည်။

## အနုအရင့်

စာဖတ်သက်ဝါနု သေးသောသူများက ဝတ္ထုရှည်ရှည် ကိုသာ ဖတ်လိုကြပြီး၊ စာဖတ်သက်ရင့်လာသောအခါတွင်မူ ဆောင်းပါးတိုတိုများ၊ မှတ်စုများကိုသာ ဖတ်ချင်တော့သည်။

## ကိုယ့်ဆေး

ဆေးတစ်ပုံဖော်စပ်ပြီး သူတစ်ပါးကို ကျွေးကာစမ်းသပ် နေသော ဆရာမျိုးကို မည်သို့သဘောထားအပ်ပါသနည်း။

## မှုသားလက်ာ

မှုသားမပါ လင်္ကာမချောဟုဆိုသော် လင်္ကာမှန်သမျှ လိမ်ညာထားသော မှုသားဝါဒချည်း ဖြစ်နေလေသလော။

## ကျောက်နှင့်ကြောက်

မြန်မာလူမျိုးများစွာတို့သည် ကျောက်ဒရောဂါကို ကြောက်ကြသည်ဆိုသော်လည်း ကျောက်ဆေးထိုးရန်ကိုလည်း ကြောက်တတ်ကြပေသည်။

## ထိုရောဂါ

ဘဝင်မြင့်ခြင်းမှာ မစားရ၊ မသောက်ရနှင့် လူမုန်းခံရသော ရောဂါဆန်းပင်ဖြစ်၏။

## သူ့ကြောင့်

ဖြစ်တတ်သော သဘာဝတရားကြောင့် လောင်သော မီးများထက်၊ မသမာသူ၊ ပေါ့ဆသူတို့ကြောင့် လောင်ရသော မီးကပို၍ များလေသည်။

## ကျင့်သူများ၏

ကိုယ်ချင်းစာဟူသော စကားကိုပြောကြ၏။ သို့သော်လည်း ကိုယ်တိုင်ကျင့်သုံးသူကား ရှားလှချေသည်။

## ဓါး

ဓါးလှဖို့ထက် စားနိုင်ဖို့ ပို၍လို၏။

## အရှည်ကြီး အကြာကြီး

ရာဇဝင်ဆရာကြီး ဂျစ်ဘန်းသည် ရောမထီးပျက်စီးခြင်းဟူသော စာအုပ်ကို နှစ် ၅၀ ကြာမျှရေး၏။ ပန်းချီဆရာ



ကြီး ဂျော့ဘန်ကရော့သည် အမေရိကန် ရာဇဝင်ကားကို ၁၅ ကြိမ် ထပ်မံရေးပြီး၊ ခရစ်တော်၏ နောက်ဆုံးည စကားကို ၇ နှစ်ပတ်လုံးရေး၏။ လောကဓာတ်ဆရာကြီး နယူတန်သည် လေးတွဲခြင်းသဘောကို အနှစ် ၂၀ ကြာ ကြံစည်တွေးတောခဲ့၏။ နော့အားဝက်စတားသည် အဘိဓာန်ကြီးကို ၄၆ နှစ်ကြာမျှ ပြုစုခဲ့၏။ လောကဓာတ်သိပ္ပံဆရာကြီး သောမတ်စ်အယ်ဒီဆင်သည် တစ်သက်လုံးပင် ပစ္စည်းများစွာကို အထပ်ထပ်ကြံဆ လုပ်ကိုင်ခဲ့သည်။

## ဘာကြောင့်မို့

စာရေးဆရာ အများစုမှာ ဆင်းရဲမွဲတေ၍ နေကြသည်ကိုအပြစ်တင်ရန် မရှိပါ။ စာရေးဆရာတို့သည် စာရေးလို၍ စာရေးကြခြင်းဖြစ်၍ ငွေကြေးချမ်းသာလို၍ စာရေးကြခြင်း မဟုတ်သောကြောင့်တည်း။

## တီထွင်သူ

(နယူတန်) ဟူသောစကားလုံး၊ (ဒီဇယ်)ဟူသော စကားလုံး၊ (စတင်း)ဟူသော စကားလုံးတို့သည် စတင်တီထွင်သော ပညာရှင်ကြီးတို့၏ နာမည်များဖြစ်ကြလေသည်။ နယူတန်သည် လေးတွဲခြင်းဓာတ်ကို တွေ့သူ။ ဒီဇယ်မှာ ဒီဇယ်စက်ကို တီထွင်သူ။ စတင်းမှာ စတင်းသေနတ်ကို တီထွင်သူ။

## အက

မြန်မာအကကို မြန်မာတိုင်း အခြေခံ က၍နေသည်ကို

မသိကြသော အကာ၏အခြေခံဖြစ်သော ဘယ်ခြေညာလက်ဖြင့် လမ်းလျှောက်နေသောကြောင့်ပင် ဖြစ်၏။

**သိ**

သဘာဝတရားကို ဆန့်ကျင်ကာ ပြုလုပ်ထားသော အစားအစာတို့ကြောင့် ရောဂါဘယဖြစ်တတ်ကြသည်ကို သိသူ နည်းပါးလှလေသည်။

**စာ**

မြန်မာစကားကို ကောင်းစွာမဖတ်တတ်သူတို့အတွက် စကားပြောကဲ့သို့ ရေးကြလျှင် စာကောင်းစွာတတ်မြောက်အောင် ကြိုးစားသူတို့ နည်းပါးသွားပေလိမ့်မည်။

**သို့သော်**

လူသည် စဉ်းစားတတ်သည့် သတ္တဝါဖြစ်သော်လည်း စဉ်းစားသည့်အတိုင်း လုပ်သည်က နည်းလှပေသည်။

**တတ်သူနှင့်ကြီးပွားသူ**

စာကြီးပေကြီးတတ်သူက ပညာဟုမထင်သော သေး သေးဖွဲဖွဲ လုပ်ငန်းကလေးများဖြင့် ကြီးပွားချမ်းသာသူမှာ စာကြီး ပေကြီးတတ်သူတို့ထက်ပင် များနိုင်ပေသည်။

**ကိုယ့်စိတ်နှင့်ကိုယ်**

မိမိ စိတ်ကိုမှ မိမိမထိန်းနိုင်သူသည် သူတစ်ပါးကို ထိန်းသိမ်းနိုင်မည်ကား မဟုတ်ချေ။



**မရှိနိုင်**

သားသမီးသည် မည်မျှပင်စာတတ်၍ မည်သည့် အတန်းပင် အောင်မြင်သည်ဖြစ်စေ၊ မိဘ အဘိုး အဘွားတို့၏ အတွေ့အကြုံကိုကား မရှိနိုင်ပေ။

**ကုန်နိုင်ပေါင်**

ယောက်ျားနှင့် မိန်းမမှာ ဓာတ် ၄ ပါးချင်း၊ ၃၂ ကောဋ္ဌာသချင်း၊ ရုပ်နာမ် ၂ ပါးချင်းတူပါလျက်၊ ရောဂါထူပြော ပုံချင်းမတူ။ သဘာဝချင်း ဆန့်ကျင်သောကြောင့် မိန်းမနှင့်ပတ် သက်သော ဆေးလာစရာ ကျမ်းစာတွေ၌ အဘိဓမ္မာတွေမှာ မကုန်နိုင်ဘဲ ရှိတော့သည်။

**ချောက်ချားမှု**

ဆင်းရဲစဉ်က အိပ်အပြင်ဘက် အိပ်ရဲသူသည် ငွေကြေး ရှိလာသောအခါတွင် အိပ်တံခါးပိတ်၍ အိပ်သော်လည်း စိတ် ချလက်ချ မပျော်နိုင်ပေ။

**ဒါတွေသာ ပြောမည်**

ဘတ်စ်ကားပေါ်တွင် သာလိကာကိုသာ ကြာကြာ တင်ထားလျှင် ဆက်ဆင်း ဆက်ဆင်း နောက်မှတက်တက်၊ နောက်ကားပါတယ်၊ မျက်စိနဲ့ကြည့်ဦး အကြွေပေးပါ။ ဘဲကြိုး ဆွဲပါ။ ဟိုထား... ဆွဲဟူ၍ ပြောတတ်လာပေလိမ့်မည်။

**တစ်ခါတရံဆိုသော်လည်း**

မီးသတ်သမားများသည် တစ်ခါတရံမှသာ မီးသတ်ရ

သော်လည်း အခါမလပ် အိပ်နေရင်းပင် တာဝန်ရှိကြလေသည်။ တစ်ခါတရံပင် ရန်သူနှင့်ရင်ဆိုင်ရသော်ငြားလည်း အပွန်းကြီးမား သော အန္တရာယ်နှင့် ရင်ဆိုင်ရခြင်း ဖြစ်လေသည်။

## မနာလို မရှုစိမ့်

သူများ ချမ်းသာခြင်း၊ ပြည့်စုံခြင်းကို မနာလို မရှုစိမ့်တဲ့ ပျက်စီးစေလိုသော စိတ်ထက် မိမိ ထိပေါက်လျှင် မည်သို့ နေလိုက်မည်ဟု စိတ်ကူးယဉ်သည်က ကောင်းသေး၏။

## လဲဂို

စနစ်ကောင်းဖြင့် တစ်ခေတ်ပြောင်းလာချိန်မှာ စိတ်ကို လည်း အသစ်နှင့်အဟောင်းလဲဂို လိုပေသည်။

## လူကအစုံစား

သတ္တဝါတိုင်းက လူသားကိုစားသည်မှာ နည်းပါး သော်လည်း လူကသာ သတ္တဝါတိုင်း၏ အသားကိုသည်မှာ များလှလေသည်။

## မြည်းစရာ

အချစ်ဟူသော အရာသည် အချို့အတွက် ဆေးဖြစ်၏။ အချို့အတွက် အဆိပ်ဖြစ်၏။ အချို့အတွက်မူကား အရက် နှင့်မြည်းစရာသာ ဖြစ်တော့သည်။

## နားထောင်မကောင်း

ယခုအခါ တချို့သော လူငယ်တို့က တုံးသည်ဟု



လည်းကောင်း၊ ဖွတ်ကြားဟုလည်းကောင်း၊ သုံးနှုန်းနေကြ ခြင်းမှာ နားထောင်၍ ကောင်းသော စကားလုံးများ မဟုတ်ပေ။

## ကိုယ့်ကိုယ်ကိုလိမ်

စာမေးပွဲ အောင်လက်မှတ်ကိုဝယ်၍ အတန်းတက် သော ကျောင်းသားမျိုးသည် တစ်သက်လုံး မိမိ ကိုယ်ကို မိမိ လိမ်မိသည်ကိုကား သိဟန်မတူ။

## မကောင်းနိုင်

တစ်ချိန်က ရဲဘော်ရဲဘက် မွဲဖော်မွဲဘက် ဖြစ်ခဲ့သော် လည်း အလုပ်ရှင်၊ ငွေရှင်ဟူ၍ ဖြစ်လာသောအခါတွင် စိတ်သား ပြောင်းသွားတတ်သူများလည်း ရှိတတ်လေသည်။

## ဆိပ်ကမ်း

ပျက်သော ဆိပ်ကမ်းကို မဆိုက်တဲ့နှင့် အောင်မြင်သော ဆိပ်ကမ်းသို့ မရောက်နိုင်ချေ။

## ဗိုကြောက်စရာ

ရိုးရိုးကျားသည် လူသားကိုချည်း စားလိုသည်မဟုတ် သော်လည်း၊ သမန်ကျားမှာမူ လူသားကိုသာ စားတတ် လေသည်။

## ဗိုကောင်း

ဘဝအတွေ့အကြုံ အသိနှင့်ရေးသော စာသည်

ဘာသာခြားစာအုပ်ကြီးမှ မိုငြမ်းပြုသော စာထက်များစွာ သာလွန်ကောင်းပေသည်။

## လျှာမှာမချို

သူတစ်ပါးအား နိုင့်သောစီးနင်းပြောရသောကြောင့် မိမိ၏လျှာ၌ ချိုသောအရသာ မခံစားရပေ။

## အများအကျိုး

တစ်ယောက်တည်း ဖွလုံမည့်အလုပ်ထက် ပတ်ဝန်းကျင်ပါ စားရမည့် အလုပ်မျိုးကို လုပ်သင့်လှပေသည်။

## ချစ်ပါသည်ဆိုတိုင်း

အရာဝတ္ထုပေး၍လည်းကောင်း၊ သပြာကြေး ငွေပေး၍လည်းကောင်း၊ အခွင့်အရေးပေး၍လည်းကောင်း ချစ်စမ်းပါဟု ဆိုသော်လည်း တကယ့်အချစ်ကိုကား ရမည်မဟုတ်။

## ဒီအတု

အင်္ဂလိပ်တို့ထံမှ ဝတ်တု၊ စားတုကို ပြုခြင်းထက် လူ့ကျင့်ဝတ် အတုကလေးများကို ခိုးထိုက်လှပေသည်။

## အိပ်မက်မှတ်ကျောက်

သိပ္ပံနည်းများ၊ လောကဓာတ်နည်းများ၊ မည်မျှပင် ထွန်းကားစေကာမူလည်း အိပ်မက်ကို မှတ်ကျောက်တင်၍ ထားနိုင်သည့် အရာဝတ္ထုကိုကား မတီထွင်နိုင်သေးချေ။



## မျက်စိအစား

လူတစ်ယောက်၌ မျက်စိကန်းသောအခါ လက်နှင့်ခြေထောက်တို့သည် မျက်စိဖြင့်လာ၏။

## နားအစား

နားကန်းသောအခါတွင် မျက်စိနှင့် နှာခေါင်းသည် နားဖြစ်လာ၏။

## ခြေ၏အစား

ခြေပြတ်သောအခါ လက်သည် ခြေထောက်ဖြစ်၍ လာ၏။

## လက်၏အစား

လက်နှစ်ဘက်စလုံး မရှိသောအခါ ခြေထောက်ကို လက်အစား အသုံးပြုလာကြ၏။

## အစားထိုးမရသည်ကတော့

သို့သော် စိတ်၌တစ်စုံတစ်ရာ ဖြစ်လာသည့်အခါ ဘွင်ကား ဘာနှင့်မျှ အစားထိုး၍ မရတော့ပေ။

## ဘဝစာမေးပွဲ

လူတို့တွင် အကြွပ်အတည်းသည် လိုအပ်သော အတွေ့အကြုံတစ်ရပ် ဖြစ်ပေသည်။ အကြွပ်အတည်း မတွေ့ဘူးသေးသမျှ မည်သည့်အခက်အခဲကိုမျှ ဖြေရှင်းနိုင်မည် မဟုတ်ပေ။

## မျက်မှောက်

ဝဋ်လည်သည်ဆိုခြင်းမှာ နောင်ဘဝတွင်မဟုတ်၊ ယခု မျက်မှောက်မှာပင် ကြုံတတ်လေသည်။

## ငွေခေတ်ပျက်လျှင်

ငွေကို တန်ဖိုးအဖြစ်ထား၍ သုံးနေရသော ခေတ်မကုန် သေးသမျှ လူတို့သည် ငွေရှိရန်သာ အာရုံစိုက်ပေလိမ့်မည်။

## သုံးလေကောင်းလေ

အကြံဉာဏ်သည် သံနှင့်တူသည်၊ သံသည် မီးနှင့်တွေ့ ဖန်များလေ မာလေ၊ မသုံးဘဲထားလေ ပျော့လေ၊ သံချေး ကက်တတ်လေသကဲ့သို့ အကြံဉာဏ်သည်လည်း မသုံးဘဲ ထားက အားနည်းသွားတတ်ပေသည်။

## ဖောက်ပြန်တတ်သည်

လူငယ်အချို့သည် အသက် ၃၀ မှ ၄၀ ကြားတွင် စီးပွားဖြစ်ကွန်းလာသောအခါတွင် ဖောက်ပြန်မှုတွင် ရေးရှု တတ်လေသည်။

## မှောင်ခို၊ အရောင်းနှင့်အဝယ်

မှောင်ခိုကုန်ကို ရောင်းနေသူတို့သည် သူတို့အသုံး လိုသော ပစ္စည်းများကိုလည်း အဆမတန်ပေးဝယ်ရတော့မည်ကို သိပြီး ရပ်တန်းက ရပ်သင့်ကြသည်။



## ဝမ်းစာရေးနှင့် ကျန်းမာရေး

ဝမ်းစာရေးအတွက် ကျန်းမာရေး မပျက်သင့်ပေ။

## တစ်ခဏ

ပြုပြင်၍ရသော အလှအပသည် တစ်ခဏသာ တည်မြဲနိုင်လေသည်။

## ဘဝကို မပျက်စေနှင့်

ကျောင်းသား၊ ကျောင်းသူဘဝ၌ လိုအပ်သည်ထက် ပိုမိုပြီး အဆောင်အယောင် အခမ်းအနားနှင့်ထားခြင်းသည် တစ်ဘဝလုံးအတွက် အကျင့်လုပ်ပေးရာရောက်၍ လျောက်ပတ် ခြင်းမရှိပေ။

## အဝတ်နှင့်ခေသ

အဝတ်အစားသည် တိုင်းပြည်၏ ရာသီဥတု အပူ အအေးအရ သင့်တော်လျောက်ပတ်သလို ဝတ်ဆင်ကြရခြင်း ဖြစ်ရာ၊ မိန်းမများသည် အလှအပဘက်သို့ လွန်ကဲသွားသော အခါ ဒေသဥတုနှင့် မညီတော့ဘဲ ကျန်းမာရေး ထိခိုက်လာတတ် လေသည်။

## ဆံပင်ကိုကြည့်လျှင်

ရှေးခေတ်က မိန်းကလေးများကို ဝတ်စားဆင်ယဉ်မှု ဖြင့် အရွယ်ကိုသိရှိနိုင်သည်၊ ဦးစွန်းပုတ်နှင့်ဆိုက ကလေး၊

သံတောက်နှင့်ရိုက်က အပျို၊ ဒုပ်လုံးသွင်းပြီးလျှင် အိမ်ထောင်ပြုနိုင်ချိန်ဟု သိနိုင်လေသည်။

## အဖျက်

နိုင်လွန်၊ ကက်ထရွန်၊ နစ်ထပ်ဖာ၊ ပါတိတ်တွေ အပြိုင်ဝယ်ပြီး ဆန်းသမျှ ဝတ်ချင်စိတ် မကုန်သေးသူများသည် ခေတ်ကြီးကို နောက်သို့ပြန်ရန် အတင်းဆွဲနေသူများသာ ဖြစ်သည်၊

## ရောဂါနှင့်မကောင်း

လူတိုင်းတွင် ရောဂါပိုးမွှား အနည်းနှင့်အများ ရှိကြသည့်ချည်းပင် ဖြစ်၏။ သွေးအားကောင်း၍ ကျန်းမာရေးကောင်းနေလျှင် ရောဂါပိုးများက ရှုံး၍ ကျန်းမာနေခြင်းသာ ဖြစ်သည်။ သွေးအားလျော့သွားသောအခါ ရောဂါပိုးများက စီးလာခြင်းဖြစ်သည်။ သို့ကြောင့် အသက်ကြီး၍ သွေးအားလျော့သောအခါ ရောဂါကနိုင်ပြီး သေဆုံးခြင်းဖြစ်ပေသည်။

## တူရိုနို့လား၊ လူရိုနို့လား

တတ်ပုံရိုက်ခံလူ အများစုသည် မိမိပုံကို မိမိနှင့်တူရန်ထက် နဂိုထက် ပို၍လှစေသည်ကို လိုလားတတ်ကြသည်။

## တာဝန်ပေးမှု

ကျောင်းသား၊ ကျောင်းသူတို့အား ပုံမှန်အနေသာထားပြီး၊ ဘဝအတွေ့အကြုံအဖြစ် တစ်စုံတစ်ရာသော တာဝန်(အလုပ်)ကို လုပ်စေခြင်းမှာ အကောင်းဆုံးပင် ဖြစ်သည်။



## အတိုအရှည်

လူ့ဘဝသည် ဘဝမကျေနပ်သူအတွက် ရှည်လျား၍ ဘဝကျေနပ်မှုအတွက် တိုတောင်းလေသည်။

## လျှာရှည်သူ

ရန်ကုန်မြို့တွင် အများသုံးတယ်လီဖုန်း ပြောသူတို့သည် ကိုယ်ပိုင်တယ်လီဖုန်း ပြောသူတို့ထက် ပို၍လျှာရှည်တတ်ကြလေသည်။

## အမှားတွေ့သော်

ရာထူးရှိသူတို့မှာ မှားယွင်းသောအခါတွင် တန်ခိုးအာဏာဖြင့် ဖုံးအုပ်ပစ်တတ်ကြသည်။ ငွေရှင်၊ ကြေးရှင်၊ နေရှင်တို့ မှားယွင်းသောအခါတွင် ငွေကြေးဖြင့် ဖုံးအုပ်တတ်ကြသည်။ ဆရာဝန်များ၊ ဆေးဆရာများ မှားယွင်းသောအခါတွင်ကား မြေကြီးဖြင့် ဖုံးအုပ်ပစ်တတ်ကြမြဲသာတည်း။

## ချီးမွမ်းတစ်သက် ကဲ့ရဲ့တစ်သက်

ချီးမွမ်း ခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက် ဆိုသည်မှာ မမှန်ချေ။ ချီးမွမ်းခံရလျှင်လည်းကောင်း၊ ကဲ့ရဲ့ခံရလျှင် လည်းကောင်း၊ တစ်သက်တာတွင် အမှတ်ထင်နေရမည်သာ ဖြစ်ပေသည်။

## သိသူနည်းသည်

မြန်မာစာ သင်ပြသူတိုင်းသည် ဘာ့ကြောင့် ဝ,ဆွဲ

သည်၊ ဘာ့ကြောင့် ရ့ရစ်သည်၊ ဘာ့ကြောင့် ယ့ပင့်သည်၊ ဘာ့ကြောင့် နောက်ပစ်သည်၊ ဘာ့ကြောင့် ဟ့ထိုးသည်၊ ဘာ့ကြောင့် ဝိုင်း့ချသည်၊ ဘာ့ကြောင့် ဘမှောက်ချကာသည်တို့ကို ကား မသိကြလေကုန်။ (အချို့ မြန်မာ ဆရာများသာ သိကြသည်။)

## မသိလျှင် မပြည့်စုံ

မိမိရေးသား ဖတ်ရှုနေရသောစာ၏ အခြေအမြစ် ပေါင်းစပ်ပုံ၊ ဖွဲ့စည်းပုံများကို မသိပါဘဲ၊ အရမ်းရေးဖတ်နေခြင်းမှာ တစ်နည်းအားဖြင့် မပြည့်စုံခြင်း တစ်ရပ်ပင် ဖြစ်ပေသည်။

## ငွေပေးပြီးလွှမ်း

ဇာတ်ပွဲများ၊ ရုပ်ရှင်များတွင် အပူတိုက်လွှမ်းခန်း၊ ဆွေးခန်းများပါမှ ကြိုက်သူ၊ နှစ်သက်ရာများသည် ငွေကြေး အချိန်ကုန်ခံကာ စိတ်ဒုက္ခကို ရှာခြင်းတစ်မျိုးပင် ဖြစ်ပေသည်။

## ချက်တတ်မှကြိုက်

ဟင်းကောင်းကိုမှ ကြိုက်တတ်လျှင် ဟင်းကောင်းကို လည်း ချက်တတ်ရပေမည်။

## မှောင်ခိုခေတ်

နိုင်လွန်စပို့ရှပ်သည် တစ်ရာငါးဆယ်ကျပ်ပေး၍ ဝတ် နိုင်သူများက ဂုဏ်ရှိသည်ဟု ယူဆနေသမျှ မှောင်ခိုခေတ်မှာ ဆိတ်သုဉ်း၍သွားမည် မဟုတ်ချေ။



## သူနှင့်မကောင်း

ဘာကိစ္စမဆို၊ ဘာမဆို ဂဏန်းသင်္ချာနှင့် မကောင်းပေ။ ထမင်းစားခြင်း၊ အိပ်ခြင်း၊ အဝတ်လျှော်ခြင်း၊ အိမ်ထောင်ပြုခြင်း၊ ချစ်ခြင်းကအစ မည်သည့်ကိစ္စမဆို ဂဏန်းနှင့် မတွက်ကောင်း နိုင်ချေ။

## အဝတ်တို့၏သရဖူ

ဖိနပ်သည် အဝတ်အစားအနေ အောက်ဆုံးအလွှာ ဖြစ်သော်ငြားလည်း သူမပါလျှင် မဖြစ်ချေ။ တစ်ကိုယ်လုံး မည်မျှ အဖိုးတန်သော အဝတ်အဆင်၊ လက်ဝတ်တန်ဆာ ဖွာဒယာပင် ဝတ်ဆင်ထားစေကာမူ ဖိနပ်မပါလျှင် လုံးဝကြည့်၍ မလှတော့ပေ။

## လျှာ

မိမိ၏ အရည်အချင်းကို ဖော်ပြနိုင်သည်ကား စကား ပြောသင့်သလောက်သာ ပြောခြင်းဖြစ်၍ မိမိ၏ဂုဏ်သိက္ခာကို လျှော့ချစေသည်ကား စကားများများပြောခြင်းပင် ဖြစ်သည်။

## ငွေနှင့်စာ

ငွေလိုချင်၍ ရေးရသောစာထက်၊ ရေးချင်၍ ရေး ရသောစာကပို၍ ကောင်းလေသည်။

## အညီအမျှပင်

အချို့ စာရေးဆရာများ အချင်းချင်းတွေ့ဆုံကြသည့် အခါ၌ စာပေအကြောင်း ဆွေးနွေးချက်နှင့် အရက်သောက်သည့် ကိစ္စ ဆွေးနွေးချက်များ အညီအမျှပင် ဖြစ်ပေလိမ့်မည်။

## အလုပ်နှင့်သတင်း

ယခင်အစိုးရများသည် သတင်းစာ၌ သတင်းပါပြီးမှ လုပ်ငန်းကို စ၏။ ယခု အစိုးရသည် လုပ်ငန်းကို စတင်လုပ်ကိုင်ပြီးမှ သတင်းစာ၌ သတင်းပါသည်က များ၏။

## ပိတ်၍မရ

မမြင်လိုသော် မျက်စိကိုပိတ်ရန် မျက်ခွံရှိ၏။ မပြောလိုသော် ပါးစပ်ကို ပိတ်ထားရန် နှုတ်ခမ်းရှိ၏။ မကြားလိုသော် နားကိုပိတ်ထားရန် ပစ္စည်းမပါချေ။ ထိုကဲ့သို့ပင် စိတ်ကိုပိတ်ထား၍လည်း မရနိုင်ပေ။

## ဝိုပြီးမချို

ထန်းလျက်နှင့်သကြား ၂ မျိုးပေါင်း၍ စားသော်လည်း ဝို၍မချိုနိုင်တော့ပေ။

## သူဝိုးနှင့်သူ

ပုစဝ်လုသော ရှေတ်သီးကို ဖျက်ဆီးနိုင်သည့် ပိုးမှာ ၂ထိုင်ရှတ်သီးမှပင်ဖြစ်၍၊ ချိုမြလှသည့် ကြံပင်ကို ဖျက်သည့် ပိုးမှာလည်း ကြံပင်မှပင် ဖြစ်သည်။ လူကိုဖျက်နိုင်သူမှာလည်း လူထဲမှပင် ဖြစ်ပေသည်။

## အလှနှင့်ခနှ

မိန်းမက ယောကျ်ားအား အလှကိုပြ၍ ပိုးပန်းတတ်ပြီး၊ ယောကျ်ားကမူ မိန်းမကို ခနှနှင့်စွမ်းအစကိုပြပြီး ပိုးပန်းတတ်၏။



## လူပြိန်းနှင့်ပညာရှိ

အိမ်ထောင်မဲ့သော ပညာရှိတတ်၊ အိမ်ထောင်ရှိသော လူပြိန်းက လောကအဖို့ပို၍ အဓိပ္ပာယ်ရှိလေသည်။

## စိတ်အားလည်းပါသည်

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဖြစ်နေသော ကားစီယပ်စ်ကလေးသည် ကာယစွမ်းအားထက်၊ စိတ်ဓာတ်စွမ်းအားကြောင့်လည်း နိုင်ခဲ့ခြင်းဖြစ်လေသည်။

## ဗဟုသုတအတွက်

နားရွက်သည် အမြဲပွင့်နေ၏။ ပိတ်ရန်အတွက် ကိရိယာပစ္စည်းမပါ။ ဤသည်ကပင်လျှင် ဘာမဆို အမြဲတန်းကြားနေစေရန်အတွက် သဘာဝဖန်တီးပေးခြင်းဖြစ်ရာ ဗဟုသုတကိုစုဆောင်းသင့်လှပေသည်။

## စနစ်နှင့်ခေတ်

မိမိသမီးအား သမက်နှင့် သဘောမတူ၍ မွေးလာသော သားသမီးကို ခေါ်ယူထားသော ယောက္ခမတို့၏ လုပ်ပုံကို ခေတ်သုံးစကားလုံးနှင့် ဆိုရလျှင် 'ကုန်ကြမ်းပေး၊ ကုန်ချောယူ' ဟူသော စနစ်နှင့်တူလေသည်။

## သူ့နမူနာ

စိတ်အားသည် အရေးကြီးလှပေသည်။ နေကာသည် ပင်လယ်ထဲတွင် ကြာကြာနေနိုင်သည်မှာ စိတ်အားကြောင့်လည်း ဖြစ်ပေသည်။

## စာနှင့်ရုပ်ရှင်

စာအုပ်ဆိုင်များရှေ့တွင် လူမစည်သော်လည်း၊ ရုပ်ရှင်ရုံပေါက်တွင်ကား လူစည်ကားတတ်၏။

## သေခါနီးအောင့်ထား

သေခါနီး လူအချို့သည် စိတ်အားဖြင့် အောင့်၍ထားလျှင်အတော်အတန် အချိန်ရတတ်လေသည်။ (အလွမ်းအမင်းတွေ့လိုသူ ရောက်လာမှ ဇီဝိန်ချုပ်တတ်သော သဘော)

## ဝတ်တတ်မှ

လူတို့တွင် အဝတ်သည် အရေးကြီး၏။ မိမိ အဆင့်နှင့်သင့်တော်သော အဝတ်ကိုဝတ်မှ တင့်တယ်ခံ့ငြား၏။ ဘိုသီဘတ်သီဝတ်လျှင် နိမ့်ကျ၍ လွန်ကဲစွာဝတ်လျှင် ကဲ့ရဲ့ဖွယ်ပင်ဖြစ်တော့၏။

## ပညာရှိလော

သူတစ်ပါး၏ လက်စလက်န လက်ရာကို အပြစ်ပြ၍ဝေဖန်တတ်တိုင်း ပညာရှိမဟုတ်။ မိမိ၏လက်စွမ်းလက်စကို အများကြိုက်မှု၊ အများအကျိုးရှိမှု ဖြစ်မှသာ ပညာရှိမည်ပေမည်။

## မိန်းမစိတ်

အချို့သော ဈေးသည် မိန်းမတို့၏ စိတ်တွက်သည် ဂဏန်းသင်္ချာ ဆရာတစ်ယောက်ထက်ပင် မြန်တတ်လေသည်။



## မှောင်နို့သမား

မည်သူမဆို မိမိနှင့် တန်ရုံသင့်ရုံသုံးစွဲ ဝတ်စားမှသာလျှင်ကောင်း၏။ လျှော၍ဝတ် လျှော့၍စားလျှင် ကျန်းမာရေးနှင့်သိက္ခာသည်ကျ၍၊ ပိုစားပိုဝတ်လျှင် ဘေးလူတို့က မှောင်ခိုသမားလားဟု အထင်မှားတတ်လေသည်။

## တစ်ခါနိုး တစ်ခါမိ

လင်ဖြစ်သူ တစ်ကြိမ်ဖောက်ပြန်လျှင် အလွန်ပေါ်လွင်တတ်ပြီး၊ မယားဖြစ်သူ ၂ ကြိမ်ဖောက်ပြန်လျှင်မူကား လူသိနည်းပါးလှပေသည်။

## ပုံပြင်ဆိုသည်မှာ

ပုံပြင်ဆိုသည်မှာ သဘာဝအတိုင်း မဖြစ်နိုင်သော အထူးအဆန်းတို့ကို ကြံဖန်ရေးသားထားခြင်းပင် ဖြစ်လေသည်။ ယောကျ်ားများသည် မိမိကျူးလွန်ခဲ့မှုကို ဖြောင့်ချက်ပေးတတ်ကြသော်လည်း မိန်းမများမူကား မိမိတိတ်တဆိတ် ကျူးလွန်ခဲ့မှုများကို အရိုးထဲတွင် ဝှက်ထားလေ့ရှိကြသည်။

## ဝေဖန်ရေးသမား

အစားကောင်း ကြိုက်သူသည် အစားကိုကောင်းအောင် ချက်တတ်ရပေမည်။ ဝေဖန်သူများသည် မိမိဝေဖန်သည့် ပညာရပ်ပေါ်တွင် နှံ့စပ်ကျွမ်းကျင်ရပေမည်။ မကျွမ်းကျင်ဘဲ ဝေဖန်ပါက မိမိ၏ညံ့သော အရည်အချင်းကို ဖော်ပြမိခြင်းသာ ဖြစ်ပေလိမ့်မည်။

## ကလေးလိုနေ

အလုပ်ပင်ပန်း နွမ်းနယ်သူများအတွက် အကောင်းဆုံးသော နားနေနည်းမှာ မိမိကိုယ်ကို ကလေးသူငယ်ပမာ နေလိုက်ခြင်းသည် အကောင်းဆုံးဖြစ်၏။

## သတိထားစရာ ယောက်ျားများ

မိမိ၏ခင်ပွန်းယောက်ျား သတင်းစာဖတ်စဉ် နားရေးကြော်ငြာကို ဂရုစိုက်ဖတ်လေ့ရှိလျှင်၊ သူများမယားများတော့ အသက်သုံးဆယ် လေးဆယ်နဲ့ သေလိုက်ကြတာ၊ တယ်ကံကောင်းတဲ့ လူတွေပဲဟု စိတ်ထဲက မှတ်ချက်မချဘူးဟု မည်သူပြောနိုင်မည်နည်း။

## ချစ်ဇနီးသို့

အချို့သော စာရေးဆရာတို့သည် မိမိပြုစုရေးသားသော စာအုပ်နိဒါန်း၌ မိမိဇနီးအား ကျေးဇူးတင်ကြောင်း ဖော်ပြသည်မှာ တကယ့်ကျေးဇူးရှင် အစစ်ဖြစ်သော စာတတ်ပရိသတ်အားကျော်လွှန်ရာ ကျရောက်နေပေသည်။

## ဘဝ နှစ်ခု

မိန်းကလေးတစ်ယောက် အိမ်ထောင်ကျခြင်းမှာ ဘဝတစ်ခုမှာ ကျွတ်သွားခြင်းဖြစ်၍၊ ယောက်ျားအဖို့ကား ဘဝတစ်ခု ထပ်၍ တိုးလာခြင်း ဖြစ်ပေသည်။

## တစ်ဦးခေါင်း တစ်ပညာ

အကောင်းဆုံးသော ဆုံးဖြတ်ချက်သည် အများစုက

F 10A



ဆုံးဖြတ်သည်ထက်၊ တစ်ဦးတစ်ယောက်က ချမှတ်ခြင်းမှာ အကောင်းဆုံးဖြစ်၏။

## လကမ္ဘာသို့

လကမ္ဘာကို ရှာဖွေနေကြခြင်းမှာ သိပ္ပံပညာတိုးတက်မှု ဘက်မှသာလျှင် အောင်မြင်မှုဖြစ်၍၊ နယ်ချဲ့မှုအတွက် လောဘ တက်ကြလျှင်ကား ကောင်းကြမည်မဟုတ်ပေ။

## ရှက်တတ်လာလျှင်

တရားဝင် တင်သွင်းခြင်းမပြုသော ဖိမ်ခံပစ္စည်းကို သုံးစွဲသူများကို သူခိုးလက်ခံသူများဟု အများရှုံ့ချသော ခေတ်ရောက်လာလျှင် မြန်မာပြည်မှ နွားများနိုင်ငံခြားသို့ အရောက်သက်သာမည်။

## ယောက်ျားစိတ်

ယောက်ျားများသည် မိမိချစ်သူကို မရမီက ကမ္ဘာပေါ်တွင် အလှဆုံးဟု ထင်ခဲ့ကြသော်လည်း၊ အိမ်ထောင်ကျ၍ သားသမီးများရပြီးနောက်တွင် မြင်ရသမျှသော မိန်းမတိုင်းသည် အိမ်က ဇနီးထက်လှနေသည်ဟု ထင်ကြလေသည်။

## လူလိမ်မှာ ကိရိယာမလို

လက်မှုပညာရပ် အသီးသီးကို လုပ်ဆောင်သူတိုင်းတွင် လက်နက်ပစ္စည်းကိရိယာ စသည်တို့မှာ မပါလျှင်ဖြစ်စေ၊ မရှိလျှင် မဖြစ်ကြသော်လည်း ပါးစပ်မျှလောက်ဖြင့် အလုပ်ဖြစ်ကြ

သူများမှာကား ဘာမျှမလိုဘဲ၊ ပါးစပ်က ပြောရုံသာပြောလေသည်။

## အမြင့်အနိမ့်

မိမိကိုယ်ကို မိမိရှိသည့် အဆင့်ထက်မြင့်၍ ပြောရခြင်းထက်၊ မိမိအား တစ်ဖက်သားက နှိမ့်၍အတွက် ခံသည်က တော်သေး၏။

## တည်တံ့အောင်

နှုရှယ်ချိန်တွင် လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစား၍ အိမ်ထောင်ကျသောအချိန်တွင် ထိုအောင်မြင်မှုကို တည်တံ့အောင် အားထုတ်ရပေမည်။

## လူပြိန်းက အများနည်း

အချစ်နှင့် ပတ်သက်လာလျှင် လူပြိန်းတို့မှာသည်ထက် ပညာရှိများက ပို၍မှားတတ်သည်။

## တစ်ခုတည်းနဲ့ပြီး

စစ်ပွဲတွင် တစ်ဖက်ရန်သူ၏ လူအင်အား၊ လက်နက်အင်အားအလိုက် မိမိဖက်မှ လိုအပ်သလိုပြင်ဆင် တိုက်ခိုက်ရသော်လည်း၊ မိန်းမတစ်ယောက် အတွက်မူကား မည်သည့် လက်နက်မှ မလိုတော့ဘဲ၊ လျှာတစ်ချောင်းတည်းဖြင့်ပင် ပြီးစီးနိုင်လေသည်။

## သူ့ကျေးဇူးမကောင်း

ဒုတိယကမ္ဘာစစ်ကြီး၏ သည်ဘက်တွင် တွေ့ရသောကျ၍



ပြားချောက်ဆယ်တန် တစ်ခေတ်ထွန်းခဲ့ခြင်းမှာ ယနေ့တပတ်ပရိသတ် ပွားများလာခြင်း၊ စာရေးဆရာများ တိုးပွားလာခြင်းတို့အတွက် အထောက်အကူများစွာ ဖြစ်ခဲ့ပေသည်။

## စာအုပ်စုံတွဲများ

စာအုပ်လောကတွင် မကြာမီကာလက မြန်မာပြည်သား နဝိုလီယံ အတ္ထုပ္ပတ္တိ၊ အကယ်ဒမီ ကိုလွန်းမွေ့ စသည်တို့တစ်ပြိုင်တည်း နှစ်မျိုးထွက်လာသည်မှာ စာရေးဆရာတို့၏ စာပေစေတနာကြီးများပေလော။

## စာအုပ်ခေတ်

၁၉၆၅ –၆၆ စာအုပ်ခေတ်ကို သတိထား၍ မှတ်တမ်းပြုသင့်ပေသည်။ ဆိုရှယ်လစ်ခေတ်တွင် စီးပွားရေး ရှုထောင့်မှ နေ၍ တစ်ဦးက ပုံပြင်စွဲလျှင် ပုံပြင်စာအုပ်တွေ တစ်ပြုံကြီးထွက်လာ၍၊ တစ်ဦးက စစ်ဆိုလျှင် စစ်စာအုပ်တွေ ဖြစ်လာကြသည့်ခေတ်ဖြစ်သည်။

## စာအုပ်ဟောင်း

စာအုပ်ဟောင်းများထားသော မည်သည့်ဂိုဒေါင်မှ ခြစား၍၊ ပျက်စီး၍ ရေထဲသွန်ပစ်ရသည်ဟု ယခုအထိ မကြားသေးပါဘူး။

## အပျိုဆိုတာ ဘာလဲ

လင်အကြောင်း၊ သားအကြောင်း၊ အိမ်ထောင်ရေးအကြောင်း၊ အချစ်အကြောင်း၊ ယောကျ်ားများအကြောင်းတို့ကို

ပြောဆိုလုပ်ကိုင် နေကြရသော ရုပ်ရှင်ထက်၊ ဇာတ်သဘင်တို့မှ ဇာတ်ဆောင်များအဖို့ကား အပျိုဟူသော အမည်သည် ဂုဏ်ယူစရာမဟုတ်ပေ။

## အားကိုးစရာ

ထောင်ထဲသို့ ရောက်နေကြသော လူကြီးလူကောင်းဆိုသူတိုင်းမှာ စိပ်ပုတီးမြဲတတ်ကြသည်။

## လျှို့ဝှက်အစ်ရာ

အဘယ်ယောက်ျား၏ ဇနီးမိန်းမတစ်ယောက်မျှ မိမိငယ်စဉ်က မည်သူနှင့် လွန်ကျူးမိကြောင်း ပြောပြခဲ့ဖူးပါသနည်း။

## လူ့ခန္ဓာ

လူ၏ခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံ၊ သွေး၊ လေလှည့်ပတ်ပုံတို့မှာ အလွန်တရာ ရှုပ်ထွေးနက်နဲလှသည်ဖြစ်ရာ ကျွန်းမာသည့်ဘက်နှင့် သေဆုံးမည့်ဘက် ချိန်စက်၌ကြည့်လျှင် သေဆုံးမည့်ဘက်က အလေးများပေလိမ့်မည်။

## စတင်သူနှင့် ဆုံးစေသူ

အချစ်ကိစ္စတွင် ယောက်ျားများက ပထမစတင်ရသော်လည်း အဆုံးသတ်ခြင်းကိုမူကား မိန်းမက စတင်တတ်လေသည်။

## စာတွေ့နှင့်လက်တွေ့

မိန်းမအကြောင်းများကို စာတစ်စောင် ပေတစ်ဖွဲ့ဖြစ်လာလျှင် ယောက်ျားများက ဝိုင်းဝန်းဖတ်ရှုလေ့လာကြသော်



လည်း ယောက်ျားများအကြောင်းကိုကား မိန်းမများက လေ့လာသည်ကား နည်းပါးလှချေသည်။

## ထိုဦးနှောက်

ပျင်းရိသော ဦးနှောက်သည် ပျက်စီးမည့် စက်ရုံ(အလုပ်ရုံ)နှင့်တူ၏။

## ရဲလိုသူနှင့်ကြောက်လိုသူ

ယောက်ျားကလေးများ လူပျိုဖော်ဝင်သောအခါ စွန့်စားလိုစိတ်များ ဝင်လာပြီး၊ မိန်းကလေးများ အပျိုဖော်ဝင်လာသောအခါတွင် ကြောက်စိတ်ရှက်စိတ်များ ဝင်လာတတ်လေသည်။

## တအုပ်ပေါင်းများ

တအုပ်ပေါင်းများ၊ ဈေးကွက်ပေါ်လာခြင်းသည် တန်ရာတန်ဖိုးပေး၍ မဖတ်နိုင်ကြသူများ စာဖတ်နေကြရပေသည်။

## ကြောက်စိတ်၏ တစ်စိတ်တစ်ဒေသ

လိမ်၍ပြောခြင်း၊ ဆင်ခြေပေးခြင်း၊ အားနာခြင်းစသည်တို့မှာ ပျော့ညံ့ခြင်း၊ ကြောက်ရွံ့ခြင်းတို့၏ တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။

## မမြဲတတ်သည့် စုံတွဲ

အားအားရှိလျှင် သူတစ်ပါးအိမ် သွားတတ်သော

မိန်းမ၊ သားသမီးကို မခင်တွယ်တတ်သော မအေ၊ ကွယ်ရာတွင်စားလာပြီး အိမ်ရောက်မှ ရှေးများသော လင်တို့ကား ဘယ်အခါမှ မြဲကြမည် မဟုတ်ပေ။

## ကျားနှင့်မ

အိမ်ထောင်ကျခြင်း၌ မိန်းမအဖို့ရှိပြီး ဒုက္ခတစ်ဝက်လျော့သွားခြင်းဖြစ်၍ ယောကျ်ားအဖို့ရှိပြီး ဒုက္ခတစ်ဝက် ပိုလာခြင်းဖြစ်ပေသည်။

## သူ့အစွမ်း

သူရဲဘောနည်းသော၊ သတ္တိကြောင်သူတိုင်း ရက်စက်ကြမ်းကြုတ်တတ်လေသည်။

## မထားနှင့်

နှ[illegible]ကား၊ မယား ဤသုံးပါးကို ဆွေမျိုးမိတ်သင်္ဂဟအိမ်တွင် သွား၍မထားလေနှင့်။

နွားကိုထားသော် နိုင်သည်ထက် ပိုနှိမ်တတ်သည်။ ကားကိုထားသော် လိုသည်ထက် ပို၍မောင်းတတ်သည်။ မယားကိုထားသော် များစွာသော အကြောင်းတို့ ပေါ်တတ်သည်။

## နုတ်၍မရ

ဆူးစူးလျှင် နုတ်၍ရသည်။ မိန်းမတို့၏ ဖောဖွာခရုံ အထိအတွေ့ စူးမိလျှင် နုတ်၍မရနိုင်တော့ချေ။



## အသက်ကြီးလေ အစိုးကြီးလေ

ယောကျ်ားများအဖို့ အသက် ၁၆ နှစ်တွင် ပိုးပန်းရန် ရွယ်သူများသာရှိ၍ အသက် ၄၀ ရောက်သောအခါ အသက် ၁၆ နှစ်မှ အသက် ၄၀ ရွယ်အထိ ပိုးပန်းရန် နယ်ကျယ်လာလေသည်။

## ဥစ္စာအစ်နှင်း

ဖိုမိုမယားအား ချစ်လွန်း၍ ရသမျှဥစ္စာပစ္စည်း အမြဲတစေအပ်နှင်းခဲ့လျှင်၊ ထိုမယားသည် လင်ကိုနိုင်ကော့မည်ဟု မှမျှမှတ်ပါလေ။

## အန္တရာယ်

အဆိပ်ရှိသော မြွေနှင့်နီးကပ်စွာ နေခြင်းသည်လည်းကောင်း၊ ဆိတ်ကွယ်ရာ အရပ်၌ မိန်းမသားတစ်ဦးနှင့် နီးကပ်စွာနေခြင်းသည်လည်းကောင်း အန္တရာယ်ရှိခြင်းမှာ တူညီပေသည်။

## သတ္တိ

သတ္တိရှိသူသည် တစ်သက်တွင် တစ်ခါသာသေပြီး၊ သတ္တိကြောင်သော သူရဲဘောနည်းသူတို့မှာ မကြာခဏ သေတတ်လေသည်။

## လမ်းပေါ်မှ ၅ ပြား

ရာဇဝတ်မကင်းသော ရွှေစင်တစ်သိန်းဖြင့် တစ်သက်

လုံးထိုင်ကာ ကောင်းကောင်းစားနေခြင်းထက်၊ လမ်းပေါ်မှ ကောက်၍ရသော (၅)ပြားစေ့ဖြင့် ဝယ်စားရခြင်းက အရသာရှိပေမည်။

### အချစ်ဂိုဒေါင်

မိန်းမတစ်ယောက်အဖို့ အချစ်စိတ်ကို ဂိုဒေါင်၌ သိုလှောင်ထားသမျှကို အကုန်မထုတ် တဘ်သော်လည်း၊ ယောကျ်ားများကမူကား အိတ်ထဲမှ ရှိသမျှ အချစ်ကိုထုတ်၍ သုံးတတ်လေသည်။

### လီ၍လီ၍ နည်းနည်းချစ်

အချစ်ကို တစ်လုံးတစ်ခဲတည်းထုတ်၍ တစ်ခဏ ချစ်ခြင်းထက်၊ နည်းနည်းစီလီ၍ ကြာကြာချစ်ခြင်းက ကောင်း၏။ ရှိသမျှငွေကို တစ်ကြိမ်တည်း သုံးခြင်းထက် မျှမျှတတ သုံးစွဲသည့်နည်းကဲ့သို့တည်း။

### အခမဲ့ရသော အဖိုးတန်

အကျင့်စာရိတ္တပျက်စီးမှုကို ငွေဖြင့်ဝယ်မှရနိုင်သော်လည်း၊ အကျင့်စာရိတ္တ ကောင်းမွန်မှုအတွက်ကား အခမဲ့ရနိုင်လေသည်။

### အိတ်နဲ့ပါးစပ်

ငွေအိတ်ကိုဖွင့်မှ ပါးစပ်ဖွင့်နိုင်သည်။

### ခရုနဲ့ပျား နတ်သားထက်သာ

နတ်သားဖြစ်ခဲ့သော် နတ်သမီးများ တစ်ဖက်လျှင် ၅၀၀



စီဖြင့် စံစားသည်ဆိုခြင်းမှာ စာတွေ့သာဖြစ်၏။ တိရစ္ဆာန်ဗေဒကို လေ့လာကြသူများ၏ တွေ့ရှိထားချက်မှာ ပျားမသည် ပျားသီးပေါင်းများစွာဖြင့်လည်းကောင်း၊ လက်ျာရစ်ရှိသော ခရုထီးသည် လက်ဝဲရစ်ရှိသော ခရုမတစ်သောင်းခြံရံ၍လည်းကောင်း စံစားနေကြောင်း သိရှိရသည်မှာ နတ်သားထက် ထိုတိရစ္ဆာန်တို့က သာကြောင်း ထင်ရှားနေ၏။

### တနင့်စကား

စာမတတ်သော သူသည် စာတတ်သူထက် စကားပို၍ တတ်၏။

### ပြောလေပြောလေ

အရူးစိတ် အနည်းအကျဉ်း ဝင်နေသူသည် စကားများများပြော၏။ တောင်စဉ်ရေမရ အရေမရ အဖတ်မရ ပြောတတ်လေသည်။

### သောက်မည်မဟုတ်

မြင်းတစ်ကောင်ကိုခေါ်လျှင် လာကောင်းလာပေမည်။ သို့သော် ရေကိုသောက်ရန်ကိုကား သင်တတ်နိုင်မည်မဟုတ်။

### သူယဲ့သူ့အသိတရားနဲ့

လူတို့က တိရစ္ဆာန်တို့သည် ဘာမှမသိမတတ်ဟု မှတ်ယူခြင်းမှာ မှားလှပေသည်။ တိရစ္ဆာန်တိုင်းတွင် သူ့ဘာသ

အတွက် သူကို သိကြသော်လည်း လူတို့က ဂသိခြင်းသာ ဖြစ်သည်။

## လင်းယုန်ပမာ

လင်းယုန်သည် မည်သည့်အခါမှ ၂ ကောင်ပျံလေ့ မရှိ၊ တစ်ကောင်တည်းသာ ပျံလေ့ရှိ၏။ သိုး၊ ဆိတ်တို့မူကား အအုပ်အစုလိုက်မှသာ သွားရဲလာရဲ၏။

## သုံးနှစ်မဟုတ်လို့

ရှေးခေတ်က သုံးနှစ်သုံးမိုး ပိုးပန်းချစ်ကြသော စုံတွဲများထက်၊ ယခုခေတ် ခုတွေ့၊ ခုကြိုက်၊ ခုညားဖြစ်ကြသော စုံတွဲများက အကွဲများကြလေသည်။

## မိဘဖျက်

မိမိ သားသမီး အလိမ်အညာကိစ္စ၌ ပါဝင်မိသော မိဘသည် ထိုကလေး၏ တည်ငြိမ်ခဲ့သော သမာဓိကို ဖျက်ဆီးခြင်းဖြစ်၍ ဘဝတစ်လျှောက်အတွက် ပျက်စီးသွားတတ်လေသည်။

## နေရာနှင့်နေရာ

ကျောင်းဆရာတွင် ဗဟုသုတ ကြွယ်ဝလေလေ တိုင်းပြည်အတွက် အကျိုးများလေလေဖြစ်ပြီး၊ လူဆိုးသူခိုးတွင် ဗဟုသုတများလေလေ တိုင်းပြည်၌ ထိခိုက်ခံလေသာတည်း။



## လေးနက်မှသာ

ဒဿကျောဝတ်ကုန် အချိုးမှမ်းခံရခြင်းထက် လေးလေးနက်နက် အဝေဖန်ခံရသည်က ကောင်းလှပေသည်။

## ဘဝနှင့်လိုအပ်ချက်

အသက်ငယ်ရွယ်စဉ်မှာ ကိုယ်လက်ကြံ့ခိုင်ဖို့လိုသည်။ ပျိုရွယ်စဉ်တွင် လှပဖို့လိုသည်။ အိမ်ထောင်ပြုစဉ်တွင် ပစ္စည်းပြည့်စုံဖို့လိုသည်။ အသက်ကြီးလာသောအခါတွင်ကား ကောင်းကောင်းစားပြီး အေးအေးနေရန်လိုသည်။ သေသောအခါ၌ကား မြန်မြန် သချိုင်းကုန်းရောက်ဖို့သာလိုသည်။

## တစ်ခွန်းနှင့်တစ်နှစ်

အရူးတစ်ယောက်၏ မေးခွန်းတစ်ခုသည် ပညာရှိတစ်ယောက်အဖို့ တစ်ခါတရံတွင် တစ်နှစ်စဉ်းစား၍ ဖြေရတတ်၏။

## တူတတ်ပုံ

အရူးတစ်ယောက်၏ စိတ်ကူးသည် သိပ္ပံပညာရှင်ကြီးတို့၏စိတ်ကူးနှင့် တူသည့်အခါ တူတတ်လေသည်။

## ရဖို့နှင့်မြဖို့

အလုပ်မရမီက အလုပ်ကို ရအောင်ရှာတတ်လျှင် အလုပ်ရသောအခါတွင် အလုပ်ကိုကျေပြွန် ကျိုးနွံစွာ မြဲအောင်လုပ်ဖို့ လိုအပ်လှပေသည်။

## ပညာနှင့်ငွေရှာ

ပညာတတ်ခြင်းနှင့် ငွေရှာတတ်ခြင်းမှာ တခြားစီဖြစ်လေသည်။

## အမိုက်အမှောင်

အမိုက်အမဲဆိုသော စကားမှာ မှန်တတ်လှပေသည်။ အဘယ်ကြောင့်ဆိုသော် မိုက်သောသူသည် မဲသော မှောင်မိုက်မှုကိုပြုတတ်သောကြောင့်တည်း။

## အချစ်ဟူသည်

အချစ်နှင့် မေတ္တာကား ခြားနားလှပေသည်။ တစ်နည်းအားဖြင့် ကိလေသာချစ်၊ လင်မယားချစ်ကို အချစ်ဟုထားပြီး၊ မေတ္တာကို မောင်ချစ် နှမချစ်ဟု ထားကြပါစို့။

ကိလေသာချစ်သည် အတ္တချစ်ဖြစ်၍ ချစ်သည်။ တပ်မက်သည်၊ စွဲလမ်းသည်၊ ကွေ့ကွင်းရသောအခါ ပူပန်တတ်သည်။ မေတ္တာမှာကား ပရချစ်ဖြစ်၍ ချစ်သည်။ သနားသည်၊ ထောက်ထားငဲ့ညှာသည်။ မိမိချစ်သူ၏ ကောင်းသတင်းကို ဝမ်းသာသည်။ မိမိနှင့် ကွေ့ကွင်းရသည့်အခါ မပူမပန်ဘဲ ဥပေက္ခာပြုနိုင်သည်။ ဤကားအချစ်နှင့် မေတ္တာခြားနားချက်တည်း။

## နဖူးစာ ကမ္ဘာလည်

လှည်းခေတ်၊ လှေခေတ်၊ မြေလျှင်ခေတ်က နဖူးစာသည် ရွာသာလည်ခဲ့၏။ မော်တော်ကားခေတ်၊ မီးရထားခေတ်၊ သင်္ဘောခေတ်တွင် နဖူးစာသည် မြို့လည်ခဲ့၏။



လေယာဉ်ခေတ် ရောက်သောအခါတွင် နဖူးစာသည် နိုင်ငံလည်ခဲ့၏။ ဒုံးပျံခေတ်၊ ဂြိုဟ်တုခေတ်သို့ရောက်၍ လပေါ် ဂြိုဟ်များပေါ်သို့ သွားနိုင်ကြသောအခါတွင် နဖူးစာသည် ကမ္ဘာသို့လည်ပတ်တော့အံ့။

## ရှာမှရှား

ယခုအခါ အချစ်နှင့်မေတ္တာကို ခွဲခြားကာ ချစ်တတ်သူများစွာမှ ရှားလှပေသည်။

## လူနှင့်အသက်

လူ၏သက်တမ်း အနှစ်(၁၀၀) တစ်ပိုက်သာ ရှိသော်လည်း လူတို့၏ ဖန်တီးပြုစုခဲ့သော အနုပညာ၊ သိပ္ပံပညာ၊ လောကဓာတ်ပညာ၊ ဘာသာတရားတို့က အနှစ်ထောင်နှင့်ချီ၍ တည်ရှိကြပေသည်။

## အကြွမ်းကြိုက်သူ

ရှပ်ရှင်ခေတ်ကို ပြန်ကြည့်လျှင် ကျော်ဟိုး၊ ကျော်စိုး၊ တင်မွေ၊ တင်မေ၊ ကျော်အေး၊ ချစ်ဆွေမှ၊ ယနေ့ရွှေဘ၊ ကျော်ဆွေ၊ ဇော်ခင်ခေတ်အထိ နောက်ကျိန်ခန်းကို လူအချို့မှာ စွဲစွဲမြဲမြဲ ကြိုက်နှစ်သက်ဆဲ ဖြစ်နေသည်ကို တွေ့သည်မှာ ရှပ်ရှင်ကြည့်ပရိသတ်ထဲတွင် ဇာတ်ကြမ်းကြိုက်ကြသူများမှာ အမြဲရှိနေသေးခြင်းကြောင့် ဖြစ်၏။

## ဆရာ့ဆရာ

လှုံ့ပမာသည် ကုသပေး၍ ရောဂါပျောက်ကင်းသည့်

အတွက် ကုသပေးသော ဆရာဝန်၊ ဆေးဆရာတို့အား ကျေးဇူးတင်ထိုက်သည်ကဲ့သို့၊ ဆရာဝန်၊ ဆေးဆရာတို့မှာလည်း အတွေ့အကြုံ ဗဟုသုတပညာများရရှိ၍ ပြန်လည်ကျေးဇူးတင်ထိုက်လှသည်သာ ဖြစ်သည်။

## ကြောက်လေတွေ့လေ

ဒုက္ခဖြစ်မည်ကို ကြောက်ရွံ့ခြင်းပင်လျှင် ဒုက္ခအစစ်ဖြစ်၏။ ဒုက္ခကို မကြောက်လျှင်

## လူတစ်ကိုယ်လျှင်

လူတစ်ယောက်တွင် အဘိဓမ္မာတစ်ခုရှိတတ်သည်။

## တွင်တော့ ဆန်း–ဆန်း–ဆန်း

ကမ္ဘာ့ပညာရှင်ကြီးများသည် သိပ္ပံပညာ၊ လောကဓာတ်ပညာ၊ အနုပညာတတ်တို့တွင် ဆန်းသစ်အောင် တီထွင်ကြစဉ်က ၎င်းတို့သည် ရိုးသော အဝတ်များကိုဝတ်၍၊ ရိုးနေသော အစားအစာတို့ကို စားသောက်ရင်း ကြံဆခဲ့ခြင်းဖြစ်၏။

## ရာဇဝင်တွင်အောင်

နိုင်ငံခြားမှ တေးဂီတအသံတို့ကို မြန်မာတေးပြုဆရာတို့ အတုယူခဲ့သည်ကား များလှပြီဖြစ်ရာ၊ မြန်မာ့တေးသွားတစ်ခုခုကို နိုင်ငံခြားတစ်ခုခုက အတုယူအောင်လည်း ကြိုးစားသင့်ပေသည်။



## အတူနေတိုင်း မလိမ္မာ

လူမိုက်နဲ့ငွေ အတူမနေဟူသော စကားပုံအတိုင်းသာ မှန်မည်ဆိုလျှင် ငွေများများနှင့် နေသူတိုင်း လူလိမ္မာချည်းဟူ၍ ဆိုရန်ရှိတော့သည်။

## အဆိပ်မဖြစ်

လူတိုင်းတွင် မည်သည့်အစာကို စားလျှင်ရောဂါဖြစ်သည် မည်သည့်ဟင်းနှင့် မည်သည့်အစာကို စားလျှင် အဆိပ်ဖြစ်သည်ဟူ၍ ရှိသော်လည်း၊ စာဖတ်ခြင်းမှာမူကား မည်သည့်ရောဂါမှလည်းမရ၊ မည်သည့်စာနှင့် မည်သည့်စာကို ရောနှောဖတ်၍ အဆိပ်ဖြစ်သည်ဟူ၍ မရှိပေ။

## ယောက်ျားကြိုက်

မိန်းမများ အလှအပပြင်ခြင်း၊ အဝတ်အဆင်၌ ကလောက်ခြင်း၊ နေထိုင်မှု၌ လော်လီခြင်းတို့လို အချို့ယောက်ျားတို့က ကဲ့ရဲ့တတ်ရာ အကယ်၍သာ ပတ်ဝန်းကျင်မှ မိန်းမတို့သည် ရေမချိုးဘဲနေခြင်း၊ အကျီအလူ မွမွကြီးများကိုဝတ်ခြင်း၊ အမြဲတမ်း နှုတ်ခမ်းရူနေခြင်းဖြင့်သာ နေမည်ဆိုလျှင်ကား အဘယ်ယောက်ျားမှ ကြိုက်ကြမည် မဟုတ်ပေ။

## ဒီကဒ်စု

ကမ္ဘာပေါ်ရှိ လူများပြောကြသော စကားများကို ကပ္ပာခွဲ၍လေ့လာလိုက်လျှင် အိမ်ထောင်ရေး၊ အချစ်ရေး၊ ကားဂုဏ်ရေးစသည့် စကားများက ၈ ပုံ ၃ ပုံနည်းမည်မဟုတ်ချေ။

## အချောင်သမား

နဂျီကောင်တို့သည် ၎င်းတို့ကိုယ်တိုင် ဥအုခြင်း၊ အကောင်ပေါက်ခြင်းမပြုဘဲ ၎င်းတို့လိုရာ လောက်လမ်း(သို့ မဟုတ်) တစ်ခုခုကို ၎င်းတို့၏ အိမ်အတွင်းမှာထားရှိကာ အသက်သွင်းပြီး နဂျီကောင်ဖြစ်စေသော အစွမ်းသည် ကမ္ဘာ့သိပ္ပံပညာရှင်ကြီးများထက် သာလွန်သော အစွမ်းပင်ဖြစ်ပေသည်။

## သူတို့က

အလုပ်အတွက် အဓိကထားပြီး မော်တော်ကားစီးနိုင်သူထက် အလုပ်ကိစ္စက သာမည၊ အပျော်စီးရန်က အဓိကကြောင့် ကားစီးနိုင်သူက ပို၍များဖွယ်ရှိလေသည်။

## ဘာနဲ့ ဘာတွေ့တာလဲ

နဖူးတွေ့ ဒူးတွေ့ဆိုသော စကားတွင် စဉ်းစားစရာရှိနေပေသည်။ ကိုယ့်နဖူးနှင့် သူ့နဖူး တွေ့ခြင်းလား၊ ကိုယ့်နဖူးနှင့် သူ့ဒူးတွေ့ခြင်းလား၊ ကိုယ့်ဒူးနှင့် ကိုယ့်ဒူး တွေ့ခြင်းလား၊ ကိုယ့်နဖူးနှင့် ကိုယ့်ဒူး တွေ့ခြင်းလား စဉ်းစား၍မရပေ။

## အကြီးကြိုက်

လမ်းသွားတတ်ခါစ ကလေးများသည် ၎င်းတို့နှင့်တော်တန်သော ဖိနပ်ကို စီးခြင်းထက်၊ လူကြီးစီးသော ဖိနပ်များကိုစီးရန် ပိုမိုလိုလားသည်ကို ကလေးအများစု၌ တွေ့ရတတ်လေသည်။



## စံပါယ်နှင့် နှင်းဆီ

နှင်းဆီကဲ့သို့သော ပန်းတို့သည် ပျား၊ ပိတုန်းတို့လူးလာကူးခတ်သောကြောင့် အရောင်ပြောင်းသော်လည်း စံပါယ်ကြက်ရုံးသည့် ပန်းဖြူများကား ပြောင်းလဲခြင်းမရှိပေ။

## အလှုပ်

အလုပ်ကို အလှုပ်ဟုခေါ်လျှင် ပို၍သင့်တော်ပေမည်။ အလုပ်ဟူသည် စိတ်ဖြစ်စေ၊ ရုပ်ဖြစ်စေ လှုပ်ရှားရသောကြောင့် ဖြစ်ပေသည်။

## လူတော့လူပဲ

လူဟု၍ဖြစ်လာလျှင် ဘဝအတွက် ပညာကို သင် အိမ်ထောင်ကျ၊ ကိုယ့်ဝမ်းစာကိုယ်ရှာ ကလေးတွေမွေး၊ ငွေတွေစု၊ နောက်ဆုံးတွင် သေဆိုလျှင်ကား တိုင်းပြည်၌ ဘာမျှအကျိုးမရှိနိုင်ပေ။

## အသက်ပြင်း

ခွေးရူးသည် ခွေးကောင်းများထက် အသက်ပြင်းလေသည်။ ခွေးကောင်းကို ရိုက်သတ်ရသည်ထက် ခွေးရူးကို ရိုက်သတ်ရသည်မှာ ခက်လေသည်။ ဤသို့ဖြစ်ရသည်မှာ ခွေးရူးတွင် အရူးစိတ်(ဒေါသစိတ်)ကြောင့် ဖြစ်တန်ရာပေသည်။

## မရွက်၍မဟုတ်

မိန်းမများသည် အလှအပအတွက် ရင်သားကို နို့နို့

မောက်မောက်နှင့် ပါးလျားသော အဝတ်ကိုဝတ်သော်လည်း မရှက်၍မဟုတ်၊ ကြိုးဆွဲချသတ်သော မိန်းမများကိုကြည့်လျှင် ထဘီမြဲမြဲကြီး ချည်းထားတတ်သည်မှာ သေသည့်အထိ ရှက်တတ်ခြင်းပင်ဖြစ်သည်။

## ထိုတိုက်ပွဲဝယ်

ယောကျ်ားက မိန်းမများကို ပိုးပန်းရာ၌ ခိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်သကဲ့သို့ ကျည်ဆန်ကို တစ်ခုစီလွှတ်တတ်၍ မိန်းမများက ယောကျ်ားများကို ဖမ်းစားသောအခါတွင် မှန်မှန်ကန်းခေါ် ပျားအုံကဲ့သို့ ပြောင်းရှိသည့် သေနတ်ကဲ့သို့ ကျည်ဆန်အစုအပြုံလိုက်ဖြင့် ပစ်လွှတ်တတ်လေသည်။

## အလှအပ

အလှအပဟူသော စကားမှာ တော်တော်မှန်လေသည်။ အဘယ်ကြောင့်ဆိုသော် အလှသည် (အပြင်အပ)သာ ဖြစ်သောကြောင့်တည်း။

## လူပျော့

ယတြာပြုခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်းများမှာ စိတ်အားပျော့ညံ့သူတို့၏ အားကိုးရာသာ ဖြစ်၏။

## ယခုရှစ်ဆယ်

ရှေးခေတ် မိန်းမများသည် မာယာ ၄၀ ရှိခဲ့လျှင် ယခုခေတ်မိန်းမများသည် မာယာ ၈၀ ရှိပေလိမ့်မည်။



## နာမည်

လူတိုင်းလူတိုင်းသည် မိမိစိတ်ကြိုက် မွေး၍မှည့်ထားသောနာမည်ကို သူတစ်ပါးဖျက်ဆီး ခေါ်ဝေါ်လျှင် မကြိုက်တတ်ချေ။

## ဖြူစားသည်ဆိုမှု

ယခုကဲ့သို့ တိုးတက်နေသော ခေတ်ပြောင်းကာလတွင် လူဖြူစား ခံရသည်ဟူသော အယူအဆကို ခံယူနေသူများရှိနေရာ ထိုအယူအဆကို ပပျောက်ရန် အချိန်သင့်ပေပြီ။

## အသိနှင့်မသိ

အစိပ္ပာယ်မရှိသော အသိ(ဗဟုသုတ)ကိုရခြင်းထက်၊ လုံးဝမသိရသည်ကပင် ကောင်းသေးသည်။

## နှလုံးကောင်းဝမ်းဝ

နှလုံးကောင်းလျှင် ဝမ်းဖောင်းသည်ဟူသော စကားမှာ စိတ်သဘောထား နှလုံးသားကောင်းလျှင် သူတစ်ပါးက ချစ်ကြည်ညို၍ စားသောက်မှု ဖူလုံသည်ဟုလည်း ဆိုနိုင်ပေသည်။

## မုဒိတာ

တူရိယာပစ္စည်းများဖြင့် တီးမှုတ်၍ထွက်လာသော ဂီတသံထက် (ဝါ) ပဉ္စသိမ် နှတ်သားတီးခတ်သော ဗေလုဝစောင်းသံထက်၊ လူလူချင်း သာယာချေပ်စွာပြောသော အသံကသာလျှင်၍ နားဝချိုလှပေသည်။

## နှောင်မှသိ

လူကြီးမိဘ ဆရာသမားတို့က သားသမီး တပည့်တပန်းတို့အား ဆုံးမသည့်အခါ အချို့တပည့်များ၌ မကျေမနပ်ဖြစ်တတ်သော်လည်း နှောင်အသက်ကြီးလာသော အခါတွင်မှ ထိုဆုံးမချက်ကလေးများ၏ အရသာကို ခံစားရတတ်လေသည်။

## ကိုယ်သာကြွားချင်

မိန်းမအချို့သည် ဝါကြွားပြောဆိုတတ်သော်လည်း အခြားသူက ဝါကြွားပြောဆိုသော အခါတွင် မကြိုက်တတ်ပေ။

## အမှိုက်မှငွေ

တီထွင်ကြံဆလျှင် ဘာမဆို လူ့အသုံးအဆောင်ဖြစ်လာ နိုင်ပေသည်။ ထန်းရွက်ဖြင့်လုပ်သော ဦးထုပ်၊ ဝါးဖက်ခမောက်၊ မြက်ဖျာတို့မှာ အမှိုက်မှဖြစ်လာခြင်းဖြစ်၏။ နောက်ဆုံး ဗီးသီးကိုပင် ဗီးပေါင်းအဖြစ်သို့ရောက်အောင် လုပ်နိုင်သောကြောင့် တစ်ပြည်လုံးလိုလို စားသုံးနေကြရလေသည်။

## လိမ်ပုံမပြောနှင့်

မိမိ၏ အပေါင်းအသင်း မိတ်ဆွေများ ဘယ်သူ့ကိုလိမ်လိုက်သည်၊ ညာလိုက်သည်ဟု ပြောမိခဲ့လျှင် သင့်အား ထိုမိတ်ဆွေက လူလိမ်ဟု ထင်ပေတော့မည်။



## အညစ်အကြေးနှင့်အမြုတေ

သစ်ပင်တို့အား သန်စွမ်းစေသည့် မြေဩဇာများအမျိုးမျိုးရှိရာတွင် အမှိုက်၊ သစ်ရွက်နှင့် တိရစ္ဆာန် အညစ်အကြေးတို့လည်း ပါဝင်ရာ၊ အမှိုက်နှင့်အညစ်အကြေးပင်လျှင်သူ့နေရာနှင့်သူ အသုံးဝင်သေး၍ လူ့လောက၌ အသုံးမဝင်သူဟူ၍ မရှိပေ။

## အဖိုးတန်အရင်း

ကျန်းမာနေခြင်းသည် အဖိုးတန်ဆုံးသော အလုပ်အတွက် အကောင်းဆုံးသော အရင်းအနှီးပင် ဖြစ်ပေသည်။

## မရောက်နိုင်

တစ္ဆေသည် မျက်စိကန်းသူကို မရောက်နိုင်ပေ။

## သူယူလို့

အချို့မိန်းမတို့သည် မိမိ နောက်ယောကျ်ား မယားငယ်ယူသည်ကို ထိန်ဝှက်ထားပြီး၊ ပထမယောကျ်ား မယားယူသွားသည်ကို များစွာဖော်ထုတ် ပြောတတ်လေသည်။

## ပျင်းချင်ပျော့

အပျင်းထူကာ အိပ်ထဲအောင်းနေလျှင် ဗဟုသုတလည်း ကန်းပြီး ကျန်းမာရေးလည်း ပျက်မည်။

## ဘယ်လိုမွေးပေမဲ့

လူများတို့သည် မွေးကြိုင်လှသော မည်သည့် အစာ

အာဟာရကို စားသောက်ကြစေကာမူ ကျင်ကြီး၊ ကျင်ငယ် ဖြစ်လာသောအခါတွင်မူ နံမြသာ နံစော်သည်မှာ အပုပ်ကောင်ကြီး ဖြစ်ကြောင်း ထင်ရှားလှပေသည်။

### ကြက်စကား

ဖြီးကောင်ပေါက်ဆိုသည့်စကားသည် လုံငယ်၊ လုံမငယ်ကလေးများတွင် မသုံးသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဖြီးကောင်ပေါက်သည် ဆိုခြင်းမှာ ကြက်များအတွက် သုံးရသော စကားဖြစ်သောကြောင့်တည်း။

### မာန

မာနသည် မည်သူ့အခါမှ ကောင်းကျိုးပေးသည်မရှိ။

### ပေနိုင်မှ

စာပေဆိုသည်မှာ ရှေးကအလိုအားဖြင့် စာကို ပေရွက်ပေါ်၌ ရေးကြသောကြောင့် ဖြစ်ပေသည်။ သို့သော် ယနေ့ လက်တွေ့သဘောနှင့်ဆိုလျှင် စာသမားသည် ပေနိုင်မှသာဖြစ်နိုင်ပေသည်။

### မြန်မာချင်းပြောတော့

အင်္ဂလိပ်စကား သင်ကြားထားသူများ အင်္ဂလိပ်တို့နှင့် စကားပြောရခြင်းထက် မြန်မာ မြန်မာချင်း အင်္ဂလိပ်စကား ညှပ်၍ပြောရသည်က များနေလေသည်။



### ပထမပြီးဆော်

အလုပ်ကို ဘာမျှမစသေးဘဲ စနစ်တကျ စီစဉ်လုပ်ဆောင်သူများ ကံတရားက စောင့်မတတ်လေသည်။

### အခွင့်အရေး

လင်နှင့်မယားတို့သည် ချစ်ခင်ကြင်နာလှပါသည်ဟု ဆိုသော်လည်း အခွင့်အရေးနှင့် ပတ်သက်သော လျှင်မူကား အလျှော့မပေးတတ်ကြသောကြောင့် ကွဲကြရလေသည်။

### ခွင့်လွှတ်ကြရလျှင်

မယားက လင်အပေါ် လင်က မယားအပေါ် ခွင့်လွှတ်မှုကို တိုးကက်လာလျှင် ယခုကဲ့သို့ ကွာရှင်းမှုများပေါ်လှမည် မဟုတ်ပေ။

### ဆေးနှင့်အဆိပ်

ငွေသည် လူများအတွက် ဆေးဖြစ်၍ တစ်စုံတစ်ဦးအတွက် အဆိပ်ဖြစ်တတ်လေသည်။

### ကိုယ့်အရှက်ကိုယ်ခွဲ

လင်ကွာ မယားကွာ ကြော်ငြာများသည် ယခုအခါ သတင်းစာ၌ များစွာပါနေသည်မှာ ပလာသက်သက် ကိုယ့်အရှက် ကိုယ်ခွဲခြင်းသာ ဖြစ်၏။

## အားလုံး

သတင်းစာထဲမှာပါသမျှ ကြော်ငြာကိုကား အားလုံးမှန်လှပါပြီဟု မဆိုနိုင်ချေ။

## စာအမျိုးမျိုး

အလိမ္မာ စာမှာရှိသည်ဆိုသော်လည်း အလုံးစုံမမှန်နိုင်ပေ။ ဖိုက်မှားနိုင်သော ပညာပေးမှုများ စာထဲတွင် ရှိနေသောကြောင့် ဖြစ်၏။

## အရောင်းရဆုံး

မြန်မာပြည်တွင် အရောင်းရဆုံးသော စာအုပ်မှာ သူငယ်တန်း သင်ပုန်းကြီးစာအုပ်ဖြစ်၏။

## မဆိုင်လျှင်

မိမိတာဝန် မဟုတ်သော လုပ်ငန်းတွင်ဝင်၍ လုပ်ပေးခြင်းထက်၊ မိမိ တာဝန်ရှိသမျှကို ကျေပြွန်အောင်လုပ်ခြင်းကပို၍ အရေးပါလေသည်။

## အလွန်လျှင်

လုံငယ်၊ လုံမငယ်တို့ ရည်းစားထားခြင်းမှာ ဘဝ၏အစကို လေ့လာခြင်း၊ လောကကို မြီးစမ်းခြင်းဖြစ်ရာ အလွန်အကျွံ အမှားအယွင်းသာ မဖြစ်လျှင် တားမြစ်ရန် မသင့်လှပေ။



## ဆုတောင်း၍မရ

ကျန်းမာရေးသည် ဆုတောင်း၍ ရနိုင်သော အရာမဟုတ်ပေ။

## ယောကျ်ားလဲအတူတူ

အရွယ်ရောက်ပြီးသော မိန်းမတိုင်းသည် အိမ်ထောင်မဲ့ စွာနေထိုင်သည်မှာ မတင့်တယ်သည်ကဲ့သို့။ ယောကျ်ားများမှာလည်း အိမ်ထောင်မရှိလျှင် မတင့်တယ်ပေ။

## ဆိုကြည့်ပါ

မိမိကိုယ်ကို မိမိပိုင်ပါသည်ဟု ယုံကြည်ပါလျှင် အောက်ပါစာပိုဒ်ကို မြန်နိုင်သမျှ မြန်မြန်အခါခါ ဆက်၍ဆိုကြည့်ပါ။

(၁) နွံ့ပေါ်ရှဥ့်ပြေး၊ ရှင့်အမွေး နွံ့မလူး။

(၂) တုံးအောက်ကဖား၊ ဖားတဲ့ဖားက ဖားဖား၊ ဖောင်းတဲ့ဖားက ဖောင်းဖောင်း၊ ပြားတဲ့ဖားကပြားပြား။

(၃) တောင်ကရှမ်း၊ လျှော်ထမ်းလို့လာ၊ တိုတဲ့လျှော်က တိုတို၊ ရှည်တဲ့လျှော်က ရှည်ရှည်။

## စိတ္တမဟိ

ကိုယ်ကာယ ထွားကြိုင်းစေမှု၊ ကြံ့ခိုင်စေမှုအတွက် အလေးမခြင်း၊ တန်းဘားကစားခြင်း စသည်များဖြင့် လေ့ကျင့်လျှင် ရသည်ကဲ့သို့ စိတ်ဓာတ်အားကောင်းရန် ထက်သန်ရန်အတွက်လည်း လေ့ကျင့်မှုပြုလျှင် ဖြစ်နိုင်ပေသည်။

## ပွဲလယ်တင့်

ပညာရှိရင့် ပွဲလယ်တင့် ဆိုသော်လည်း အချို့ပညာရှိများမှ ပွဲမဝင်ချင်ကြဘဲ၊ လူပေါင်းကောင်းသူများသာ ပွဲလယ်တင့်ကြလေသည်။

## များပုံခြင်းမတူ

တပည့်များလျှင် ၁ ကျပ်သား ဆုံးရှုံးနိုင်ပြီး၊ ဆရာများလျှင် ၁ ပိဿာအထိ ဆုံးရှုံးနိုင်လေသည်။

## ကလေးစရိတ်

ကလေးများသော အိမ်ထောင်စု၏ စရိတ်စကများသည် အိမ်ထောင်စုတစ်ခုလုံး အသုံးစရိတ်၏ တစ်ဝက်ကျော်မျှ ရှိတတ်လေသည်။

## အားလုံးယုံ

မိန်းမပြောသမျှ အားလုံးကောင်းနေသော လင်ယောကျ်ားသည် ကြာသောအခါတွင် စိတ်ဓာတ်ပါပျော့ညံ့လျက် သူများပြောသမျှ အဟုတ်ထင်၍ ချည်းသာ နေတတ်လေသည်။

## ပထမ မဖြစ်သင့်

များ၍ဝန်ခံရခြင်းမျိုးကို မည်သည့်အခါမှ ပထမ မဖြစ်ထိုက်ဘဲ နောက်ဆုံးအခါသာ ဖြစ်ငေါ်က်ပေသည်။

## ဘယ်တော့မှမပေါ်

အသံထက်လျှင်မြန်သော ဖုံးပျံယာဉ်ပေါ်နိုင်သော်လည်း၊ စိတ်ထက်လျှင် မြန်မာ့ဖုံးပျံမျိုးကား ဘယ်သောအခါမှ ပေါ်မည်မဟုတ်ချေ။



## နှစ်မျိုးဝင်လာခြင်း

သားသမီးတစ်ယောက် မွေးဖွားလာခြင်းသည် မိဘနှစ်ပါးအတွက် ကံကောင်းနှင့် ကံဆိုးစုံတွဲ ဝင်လာခြင်းပင် ဖြစ်၏။

## ကိုယ့်ရပ်ကိုယ့်ရွာ

အရပ်သားများသည် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသကို အလွန်မက်မောတတ်၍ ဝန်ထမ်းများမှာမူကား ရောက်ရာဒေသအား ကိုယ့်ရပ်ကိုယ့်ရွာဟု သဘောထားနိုင်ကြပေသည်။

## ဒီအကျင့်

အကြေးယူတတ်သော အကျင့်မှာ ကြွေးပေးသူက မိမိအား ယုံကြည်သည့်အတွက် ဂုဏ်ရှိသူဟုဆိုနိုင်သော်ငြားလည်း၊ လွယ်လွယ်ရလျှင် ဝယ်တတ်သည့် အကျင့်ပါသွားပြီးလျှင် ကိုယ်ကျင့်တရား ပျက်ပြားတတ်လေသည်။

## ဒီစကားစဉ်းစားစရာ

ဥရောပ ယဉ်ကျေးမှု ဓလေ့တစ်ခုဖြစ်သော သားသမီးရှိသော လင်မယားတို့သည် ဒက်ဒီ၊ မာမီဟုခေါ်ကြခြင်းမှာ သားသမီးများအား ချစ်ခင်လွန်း၍ ကိုယ်စားပြုခေါ်ဝေါ်သည် မှန်သော်လည်း၊ တစ်မျိုးလှည့်၍ အဓိပ္ပာယ်ကောက်လျှင် မိမိ၏မွေးသည့်မိခင်၊ ဖခင်တို့အား ခေါ်သည်ကဲ့သို့ ဖြစ်နေလေသည်။

## တတ်သည့်လည်းရှိ

ပညာသည် သင်ယူပါလျက် မတတ်မြောက်သည့် လည်းရှိ၍ မိမိ၏ထိုးထွင်းဉာဏ်ဖြင့် သိခြင်းကိုသာ ပညာဟု ခေါ်ထိုက်ပေသည်။

## သညာနှင့် ပညာ

သင်၍တတ်သော အတတ်ကို သညာဟုခေါ်၍ မိမိ၏ ထိုးထွင်းဉာဏ်ဖြင့် သိခြင်းကိုသာ ပညာဟုခေါ်ထိုက်ပေသည်။

## သင်မရ

သင်၍လည်းမတတ်၊ ပညာခံလည်းမရှိ၊ ဆင်ခြင် တွေးတောခြင်းမရှိသော လူကိုကား ဘာမှမသင်ပါနှင့်တော့။

## တစ်ဖက်မှားက များ၏

မော်တော်ကား တိုက်မှုတိုင်းတွင် ၂ ဖက်စလုံး မှား ယွင်း၍ဖြစ်ရသည်ထက်၊ တစ်ဖက်က မှားယွင်းမှုကြောင့် မှန်သူပါ နစ်နာရသည်က ခပ်များများ ပါဝင်နေလေသည်။

## ကံကောင်းသလား

အရွယ်လွန်မှ သားသမီးထွန်းကားသော လင်မယားမှာ ကံကောင်းသည်ဟု မဆိုနိုင်။

## ကြီးသည်ငယ်သည်

လူအများသည် အသက် ၂၀ မတိုင်မီ အသက်ကို



ပို၍ပြောတတ်ပြီး၊ အသက် ၄၀ ကျော်သော်အခါတွင် လျှော့၍ ပြောတတ်ကြလေသည်။

## သူမသာ ကိုယ်မသာ

မသာ (အသုဘ)သည် လူ ၄၊ ၅၊ ၁၀ ယောက်မျှ ခေါက်သာပို့လျှင် ရောက်နိုင်ပါလျက် လူအများကြီးလိုက်၍ ပို့နေကြခြင်း၏ တစ်မျိုးမှာ လူမှုရေး လုပ်ငန်းဖြစ်၍ တစ်မျိုးမှာ မိမိ သို့မဟုတ် မိမိဆွေမျိုးများသေလျှင် လိုက်ပို့စေရန်အတွက် သာဖြစ်၏။

## ပြောင်းလဲမှု

အချိန်သည် စကြဝဠာ၏ ရာနှုန်းအစိတ်အပိုင်း ပေါင်း များစွာ ပြောင်းလဲနေသည်နှင့်အမျှ သက်ရှိသက်မဲ့ အရာဝတ္ထု များ အားလုံးသည် ပြောင်းလဲ၍နေသည်။

## လူပေါ့လူတန်

တာဝန်ဝတ္တရားသည် ဘဝ၏အတွင်းအထိပ်ဖြစ်သည်။ တာဝန်ဝတ္တရားများကို တန်ဖိုးမထားသမျှ လူ့ဘဝသည် ဆားမဲ့ သော ဟင်းကဲ့သို့ဖြစ်၍၊ တာဝန်ဝတ္တရား လုံးဝမရှိသော လူသည် ဆန်ကုန်မြေလေးသာတည်း။

## တွေးတော့တွေး၏

လူတိုင်းသည် လွတ်လွတ်လပ်လပ် တွေးခေါ်တတ် သော သတ္တဝါပင်ဖြစ်သော်လည်း မည်သူမျှ မိမိတွေးခေါ်ထား သည့်မှန်သမျှ ဖြစ်မြောက်အောင်မြင်သွားသည်ဟု မရှိပေ။

## မြန်မာအချို့

တစ်ဖက်သား ဒုက္ခရောက်ခြင်းသည် ကိုယ့်အတွက် ချမ်းသာခြင်းမဟုတ်သော်လည်း မြန်မာအချို့မှာ ထိုအငြိုးအမူမျိုး ရှိတတ်ကြလေသည်။

## သူကောင်း ကိုယ်ဆိုး

ကောင်းသောအရာသည် လူတစ်ယောက် လူတစ်စု အတွက် မြင်နေတတ်သော်လည်း၊ လူအများစု လူထုအတွက် အဆိုးမြင်တတ်သည်များ ရှိသည်။ သို့ကြောင့် မိမိအတွက် အကောင်းမြင်နေသော အရာဝတ္ထုသည် အခြားလူများအတွက် အဆိုးမမြင်အပ်ပေ။

## သူ့ကြောင့်

အာသာရမ္မက်၏ စေ့ဆော်မှုကို လိုက်ပါသောကြောင့် ကိုယ်ကျင့်တရား ပျက်ပြားကြရသည်။

## သူ့ကျေးဇူး

ဇင်ယော်ကလေးများသည် လေ၊ သတော်စသည်တို့မှ လူများက ကျွေးမွေးသည်ကို ကျေးဇူးသိသောအားဖြင့် ရေကြောင်းပြပေးလေသည်။

## သူသာ ပဓာန

အာသာရမ္မက်သည် လူ့ကျင့်ဝတ်တရားနှင့် တရားဥပဒေကို ချိုးဖောက်မှု၏ မျိုးစေ့ဖြစ်သည်။



## စွန့်လွှတ်မှု၏သုခ

ရုပ်ပစ္စည်းကိုသော်လည်းကောင်း၊ နာမ်ပစ္စည်းကို သော်လည်းကောင်း၊ အခွင့်အရေးကိုသော်လည်းကောင်း တပ်မက်နေခြင်းသည် ဒုက္ခဖြစ်ပြီး စွန့်လွှတ်နိုင်ခြင်းသည် သုခ ဖြစ်လေသည်။

## ကိရိယာ

အကြံအစေ့း စိတ်ကူးတို့သည် အလုပ်၏ ကိရိယာ တန်ဆာမျှသာ ဖြစ်သည်။

## အပြစ်မရှိ

အကြံအစေ့း စိတ်ကူးစိတ်သန်းသည် မည်မျှပင် များပွင်းစေကာမူ အလုပ်မဟုတ်၍ အပြစ်တစ်စုံတစ်ရာ မထိုက် နိုင်ပေ။

## ကျောက်ရုပ်လည်း မတည်ငြိမ်

သက်ရှိမှန်သမျှသည်၎င်း၊ သက်မဲ့မှန်သမျှသည်၎င်း၊ တည်ငြိမ်နေသည်ဟူ၍ အဘယ်အခါမျှမရှိ၊ ထာဝရလှုပ်ရှားနေ သည်။ ကမ္ဘာပေါ်ရှိ အနိုင်အမာ အဆောက်အဦးကြီးများ၊ ပစ်ရုမစ်ကြီးများပင် လှုပ်ရှား၍နေကြသည်ကို သာမန်မျက်စိဖြင့် မမြင်နိုင်သော်လည်း ပညာမျက်စိဖြင့် ကြည့်လျှင် သိရသောအရ လှုပ်ရှားနေသည်သာတည်း။

## သူ့ကိုနိုင်မှ

ပတ်ဝန်းကျင် စက်ရဟတ်ကို အနိုင်ရမှသာ လူ့လောကကို အနိုင်ရသည်ဟု ဆိုနိုင်ပေသည်။

## ရမ္မက်ကေရီ

ပင့်ကူသည် မှသေသမျှကာလပတ်လုံး မကုန်ဆုံးနိုင်သော အမျှင်များကို ထုတ်နိုင်သကဲ့သို့ မိန်းမတို့သည်လည်း အာသာရမ္မက်သည် မသေသမျှ ရှိနေမည်သာတည်း။

## အရသာဟူသည်

စိတ်ဖြင့်ရသော ဆင်းရဲသား ဘဝအရသာထက် ကိုယ်ဖြင့်ရသော သူဌေး၏အရသာက မပိုနိုင်။

## မဝနိုင်

ဆာလောင်မွတ်သိပ်ခြင်းသည် ရောင့်ရဲတင်းတိမ်သည်ဟူ၍ မရှိပေ။

## ကျွားနှင့်မ

မိန်းမ၊ ယောက်ျားသည် ဖိုဓာတ်၊ မဓာတ်သာ ရှိသဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် မြင်ကြပုံမှာက မဂ္ဂဇ်စိတ်နှင့်ယှဉ်၍သာ ကြည့်တတ်လေသည်။

## အမာနှင့် အပျော့

အမာ အမာချင်းတွေ့ထိ ပွတ်သပ်မှသာ မီးပွင့်နိုင်၍

F.12A



အမာနှင့်အပျော့ တွေ့ထိလျှင်မူကား မီးပွင့်သည်ဟူ၍ မရှိပေ။ (အပျော့အပျော့ချင်း တွေ့ထိ၍ မီးပွင့်သည်ကား ယောက်ျားနှင့် မိန်းမသာဖြစ်သည်။)

## မမှောင်သောအလင်း

ပိုးဖလံသည် အမိုက်တိုက်အတွင်းမှလာ၍ အလင်းရောင်၌ ပျော်ပိုက်သည်ကဲ့သို့ လူအများတို့သည် အလင်းမှာ နေကြပြီး အမှောင်၌ ပျော်ပိုက်ကြခြင်း ဖြစ်ပေသည်။

## မိန်းမရှစ်နှင့်မြေ

မြေအလမ္ပာယ်သဘောအတွက်မူကား ငှင်းရအပ်သော မြေသည် အဆိပ်ပြင်းလေ အသုံးဝင်လေသကဲ့သို့ ပြည့်တန်ဆာ ခေါင်းများအတွက်ကား လှပသော မိန်းမကိုရလေ အသုံးဝင် လေသာတည်း။

## ကျေညက်မှ

စားသောအစာလည်း ကျေညက်မှ ကျန်းမာရေးညီသည်ကဲ့သို့ ဖတ်စာကိုလည်း ကျေညက်မှသာ အန္တရာယ်မဖြစ်နိုင်ပေမည်။

## ထိုးထွင်း

အသိဉာဏ်နယ်ပယ်၌ ထိုးထွင်းသိသော ထိုးထွင်း ဉာဏ်မှာ အထွဋ်အထိပ်သို့ ရောက်လေသည်။

## ကျေးဇူးရှင်

လူကို အဘယ်သူကမှ ဖန်ဆင်းခြင်းမဟုတ် လူ့

လောကမှ လူများသာ လူကိုဖန်ဆင်းခြင်းသာ ဖြစ်သည်။ လူသည်သာလျှင် လူ့လောက ကျေးဇူးရှင်များ ဖြစ်သည်။

## ဒီကိစ္စ

မီးတောက်ရန်အတွက်မှာ ရေမဟုတ်၊ ဆီသာဖြစ်ရသည်ကဲ့သို့ မိန်းမနှင့် အရက်သည် ပျော်ပါးလိုသော ပုထုဇဉ်များအတွက်မှာ တွဲဘက်ဖြစ်လေသည်။

## တည်ငြိမ်ရလျှင်

ဘဝတစ်လျှောက်လုံး တည်ငြိမ်စွာဖြင့် တစ်ခုတည်းသောအတွေ့အကြုံဖြင့်သာဆိုလျှင် ထိုဘဝသည် ဘာမှထူးခြားသည်ဟု မဆိုနိုင်တော့ချေ။

## တိုးတက်နေမှ

သတ္တလောက၊ သင်္ခါရလောကသည် ထာဝရ လှုပ်ရှားတိုးတက်နေ၍ နေသည်ကဲ့သို့ လူသည်လည်း ရုပ်ရော၊ နာမ်ရော အချိန်နှင့်အမျှ တိုးတက်နေရပေမည်။

## မပြည့်စုံသူ

လူအများတို့သည် မိမိယုံကြည် လက်ခံသောဝါဒ (အယူအဆ)ကိုသာ အတည်ပြုပြီး သူတစ်ပါး၏ ယုံကြည်လက်ခံသော (အယူအဆ)ကို မှန်ကန်သည်ဟု မယူဆတတ်လျှင် ပြည့်စုံသည်ဟု မဆိုနိုင်ပေ။

F.128



## အလှနှင့်အဆိပ်

မြွေပွေးတို့၏ အရွေးအတွက် အဆင်ကလေးများမှာ ထိလိုချင်စဖွယ် လှပတင့်တယ်သော်လည်း ထိကိုင်လိုက်ပါမူ အဆိပ်ဖြင့် ပြီးသော အစွယ်ဖြင့် အကိုက်အခဲ ခံရတတ်သည်ကဲ့သို့ မိန်းမတို့၏ အလှအပသည်လည်း ယစ်မူးချင်စဖွယ်ဖြစ်သော်လည်း အဆိပ်သင့်တတ်ပေသည်။

## သူတို့ကံ လက်တွေ့

မိန်းမများအား အမိုက်တိုက် အမှောင်စသည်ဖြင့် စွပ်စွဲပြောဆိုကြသော်လည်း မိန်းမများကမူကား ယောကျ်ားများကိုမည်သို့မျှ စွပ်စွဲပြောဆိုခြင်း၊ ရေးသားခြင်းမရှိလှပေ။ (သို့သော် ရုပ်သဘောဖြင့် လက်တွေ့သာ ပြတတ်လေသည်။)

## စိတ်၏ရလာဒ်

အပေါ်စား စိတ်ကူးယဉ်၏ရလာဒ်သည် သုည ဖြစ်တတ်၍ တန်ဖိုးထား၍ အလေးအနက် စိတ်ကူးသော စိတ်ကူးယဉ်ခြင်းသည် ဂဏန်းနောက်မှ သုညပေါင်းများစွာ ဖြစ်လာနိုင်လေသည်။

## ကောင်းကား ကောင်း၏ မကောင်း

ရောင့်ရဲတင်းတိမ်ခြင်းကား ကောင်းသည်ကား မှန်၏။ သို့သော်လည်း စိတ်နှင့်ရုပ်ကို ချုပ်တည်းရလွန်းသော ဒုက္ခကား ပေးပေယ်လှသည် မဟုတ်ချေ။

## လူကြောင့်လူ

လူ့အဖွဲ့အစည်း တည်ရှိရေးအတွက် လူ့ဘောင် လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်များက အထောက်အကူပြုနေလေသည်။

## သေးသေးနှင့်ကြီး

အချစ်ဆိုသည်မှာ ဘာမျှအရာထင်သော အရာဖြစ်သော်လည်း တော်တော်ထိရောက်သော လက်နက်ကြီး ဖြစ်လေသည်။

## အမှန်တရား၏ အမှန်တရား

အမှန်တရားဟူသည် စားကြားမျက်တွေ့ တတွေ့ဖြင့် မရနိုင်၊ အမှန်တရား၏ အမှန်တရားသည် အတွေ့အကြုံရှိမှသာလျှင် ရနိုင်လေသည်။

## လက်ကျင့်ပေါ်တည်၏

မိန်းမသည် ထိန်းချုပ်သူ၏ လက်ကျင့်အတိုင်းသာ ဖြစ်၏။ ထိန်းချုပ်သူ အရည်အချင်းအလိုက် ပုံစံပြောင်းလဲတတ်လေသည်။

## ငြိမ်းခြင်း၏ရသ

ငြိမ်းချမ်းရေးသည် တည်ငြိမ်ရပ်တည်မှုဖြစ်၍ တော်လှန်ရေးသည် လှုပ်ရှားမှု၊ တိုးတက်မှု ဖြစ်ပေသည်။



## သူ့ကိုမနိုင်

ကြောင်စွမ်းကောင်းသည် ငှက်ဖြစ်သော တာကလေးကိုသော်၎င်း၊ ကြွက်ကိုသော်၎င်း၊ ခုတ်ဖမ်းနိုင်စွမ်းသော်လည်း ကြွက်တစ်ပိုင်း ငှက်တစ်ပိုင်းဖြစ်သော လင်းနို့ကိုကား မိအောင် ခုတ်ဖမ်းနိုင်စွမ်းမရှိပေ။

## တစ်ခြားစီ တစ်ခြားစီ

ယုံကြည်မှုနှင့် အမှန်တရားသည် အဖိုနှင့်အမ မြင်ကြသည်။ ယုံကြည်မှုချည်း၎င်း၊ အမှန်တရားချည်း၎င်း သီးခြားရှိနေခြင်းသည် အောင်မြင်မှု မဟုတ်သေးပေ။

## ယောကျ်ားတို့၏ဆရာ

မိန်းမတို့သည် အနိမ့်စား၊ အညံ့စားမဟုတ် အားလုံးသော ယောကျ်ားကို စိုးမိုးနိုင်သူဖြစ်သည်။ ကြောဝတေးမင်းပင်လျှင် မိန်းမကို မလွှန်ဆန်နိုင်ချေ။

## ဝီတိဟုန်

သားသတ်သမားသည် သူ့လက်စ လက်နက်ကိုကြည့်ပြီး ဝီတိဖြစ်သည်ကဲ့သို့ ယုတ်မာသော မိန်းမသည်လည်း သူ့ကြောင့် ဒုက္ခဖြစ်သော ယောကျ်ားများကိုကြည့်ကာ ဝီတိဖြစ်တတ်လေသည်။

## တူသောလက်နက်

တစ်ဖက်ရန်သူက ထိုအချစ်လက်နက်ဖြင့် ပစ်ခတ်

လျှင် ခုခံကာကွယ်ရန်ကား အခြားနည်းမရှိ၊ ပရိယာယ်ဖြင့်သာ ကာကွယ်နိုင်သည်။

### ကိုယ့်အိမ်ကိုယ့်မင်း

ခွေးသည် ၄င်းနေသော အိမ်မှအပတွင်သာ ခွေးဖြစ်ပြီး၊ ၄င်း၏အိမ်တွင်မူ ခြင်္သေ့ဖြစ်၏။

### ဟန်ကိုယ့်ဂိုဏ်

ဟန်အမူအရာနှင့် ငွေကြေးဖြင့်ပြီးသော အဝတ်အဆင်စီးသော ဟဉ်တို့သည် လူကြီးလူကောင်းဟု အများက ထင်စေတတ်ပေ၏။

### နားမလည်ဂိုဏ်

သားသမီးတို့သည် မိခင်၊ ဖခင်တို့၏ အားနည်းချက်ကိုထောက်ပြကာ အခွင့်အရေးကို တောင်းဆိုတတ်ခြင်းမှာ ကိုယ့်မိဘအား ကိုယ်နားမလည်ကြခြင်းပင် ဖြစ်ပေသည်။

### ကိုယ့်ငွေကိုယ်ပေမဲ့

မိမိငွေကို မိမိသုံးစွဲခြင်းမှာပင် လူအများရှေ့၌ ဂုဏ်သိက္ခာရှိ၍ မသုံးတတ်လျှင် ဂုဏ်သိက္ခာကျနိုင်သည်။

### ပါးစပ်နှင့်နှလုံး

အရူး၏အသဲနှလုံးသည် ပါးစပ်၌ရှိ၍ ပညာရှိ၏။ ပါးစပ်သည် အသဲနှလုံး၌ရှိ၏။



### ဖြေဖျောက်ကြပုံ

အချစ်အတွက် ဒုက္ခရောက်ရသော ယောကျ်ားများသည် အရက်နှင့်ဖြေတတ်၍၊ အချစ်အတွက် ဒုက္ခရောက်ရသော မိန်းမများသည် ကာမဂုဏ်နှင့် ဖြေတတ်၏။

### ခဏနားနေ

အရက်ကိုမူးအောင် သောက်ကြသူ အများစုတို့သည် မိမိစိတ်၌ ခံစားနေရသော ဒုက္ခအဝဝကို ခေတ္တခဏ မေ့ပျောက်လိုသောကြောင့်သာ ဖြစ်ပေသည်။

### ခန္ဓာဘုရင်

ဝမ်းဗိုက်သည် လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ ဘုရင်ကောရာဇ်ဖြစ်၏။

### ဒါတော့မနိုင်

ကမ္ဘာ့အာဏာရှင်တစ်ဦးသည် ကမ္ဘာ့လူသားများအားလုံး အသက်ရှူခြင်းကို ခဏရပ်ထားကြဟု အမိန့်ပေးလျှင် ရနိုင်သောလည်း အချိန်၏စက္ကန့်တစ်ခုကား ရှေ့သို့မတိုးရန်ကိုကား ရနိုင်မည်မဟုတ်ပေ။

### မပြောနှင့်

ကိုယ့်အကြောင်းကို မည်သူ့မျှ ပြန်မပြောနှင့်၊ ကောင်းကြောင်းပြောလျှင်လည်း ယုံမည်မဟုတ်တဲ ဆိုးကြောင်းပြောလျှင် ပို၍တွေးပေမည်။

## သောတ္ရှိမှ

စာပေပညာ ဗဟုသုတသည် ရတနာသိုက်မှုသာဖြစ်၍ ဆင်ခြင်သုံးသပ်မှုသည် ထိုရတနာတိုက်ဖွင့်သော သော့တံ ဖြစ်လေသည်။

## ယနေ့ယခု

မနေ့က တွေ့ကြုံရသော ဒုက္ခသည် ယနေ့မဟုတ်တော့၍ မနက်ဖြန်တွေ့ရမည့် သုခသည်လည်း ယနေ့မဟုတ်လေရကား၊ ယနေ့ ယခုသည်သာ သင့်ဘဝဖြစ်သည်။

## ပွဲနှင်း

လောကဓံ မုန်တိုင်းလှိုင်းပေါ်တွင် သွားလျက်ရှိသော ခန္ဓာကိုယ်သင်္ဘောကို ဆင်ခြင်တုံတရားဖြင့်သာ ပွဲကိုင်ရာ၏။

## ဒီကိစ္စ

ခရစ်တော်မပေါ်မီ ကာလကတည်းက ပေါ်ပေါက်ခဲ့သော အရက်သည် အကယ်၍သာ လူသားတို့အတွက် တစ်စုံတစ်ရာအကျိုးမပြုဟုဆိုလျှင် ကမ္ဘာ့ပညာရှိကြီးများ လက်မခံဘဲ တားမြစ်ခဲ့ကြမည်သာ။ သို့သော် အရက်ကို သောက်၍ အကျိုးရှိသူ စာရင်းထက် အကျိုးပျက်သူ စာရင်းက ပို၍နေသည် သာတည်း။

## သေမင်း

ယမမင်းဟုခေါ်သော သေမင်းကား အကြီးကြီးမဟုတ်၊



အဝေးကြီးမှာမနေ သင့်ခန္ဓာကိုယ်ထဲမှ သွေးဥကလေးများပင် သေမင်းတည်း။

## ငြီးငွေ့

ဆူညံခြင်းသည် နားမှ၍ ငြီးငွေ့ဖွယ်ရာဖြစ်သော်လည်း တိတ်ဆိတ်ခြင်းမှာ ပို၍ငြီးငွေ့ဖွယ်ရာ ကောင်းလေသည်။

## မယားလင်

မယားဖောက်ပြန်ခြင်းသည် လင်၏တာဝန်ဖြစ်၍ လင်၏ ဖောက်ပြန်ခြင်းသည် မယား၏တာဝန်ဖြစ်လေသည်။

## အစား

ကမ္ဘာပေါ်တွင် အစားအစာငတ်၍ လူအနည်းငယ်သေလျှင် လူသိများပြီး အစားအစာမှား၍ သေသောလူအများကိုကား သိသူနည်းလှသည်။

## လှသော

လူတစ်ယောက်၏ မျက်နှာကို ရေဖလား၌ ကြည့်နိုင်၍ စိတ်နှလုံးကိုမူ အရက်ခွက်၌ ကြည့်နိုင်လေသည်။

## မေတ္တာမဟုတ်

ခုတွေ့ ခုညားဆိုသော လင်မယားသည် မေတ္တာသမားမဟုတ်၊ တဏှာရာဂသမားများသာ ဖြစ်သည်။

## ခဏဆိုလျှင်

လူ့ဘဝသည် ခဏကလေးဟူသော စကားကို ပြောသူတိုင်းသည် အလုပ်ကို များများလုပ်သင့်ပေသည်။

## ဒါကကောင်း

ကာလသားရောဂါ ဖြစ်ရခြင်းထက် ကားတိုက်ခံရသည်က ပို၍မြတ်၏။

## ပြောချိန်

မည်သည့်အချိန်အခါတွင် မည်သည့်စကား ပြောရမည်ကို သိသောသူသည် မည်သည့်အချိန်တွင် မည်မျှဆိတ်ဆိတ်နေရမည်ကိုလည်း သိသည်။

## ငွေကြေးလျှော့ပက်မှု

ငွေသည် သုံးရန်အတွက်ဖြစ်သည်။ လှောင်ထားရသော ကုန်မျိုးမဟုတ်။ အကယ်၍ ငွေကိုသာကုန်များလိုသိုလှောင်ထားကြမည်ဆိုလျှင် ကမ္ဘာတွင် ငွေလျှော့ပတ်မှု နည်းပါးသွားသောကြောင့် ပြည်သူပြည်သားတို့မှာ ငွေကျပ်တည်းကြမည်သာဖြစ်သည်။

## လိမ်ရာတွင်

လျှာရာ အရိုးမရှိ၍ လိမ်တတ်သည်ဟု ဆိုသော်လည်း တကယ်လိမ်လည်ခြင်း၏ ပရမတ်သဘောမှာ လျှာချည်းမဟုတ် လက်လည်းပါပေသေးသည်။



## ယောက်ျား

ယောက်ျားများသည် ငါတို့သည် ဘုရားဆုပန် မင်းယောက်ျားဟူသော အယူအဆ၊ မိန်းမထက် မြင့်မြတ်သည်ဟူသော အယူအဆမှာ တစ်ဖက်စီးနင်းကျနေပေသည်။ မည်သည့် ယောက်ျားက မွေးခြင်းမဟုတ်။ မိန်းမဖြစ်သော မိခင်မွေးဖွား၍ လူဖြစ်သည်သာ ဖြစ်၏။

## နှုတ်နှင့်စာ

နှုတ်တစ်ရာ စာတစ်လုံးဆိုသော်လည်း တစ်ခါတရံ စာတစ်ရာအစား နှုတ်တစ်ခွန်းဖြင့် ပြီးသည့်ကိစ္စများလည်း ရှိပေသေးသည်။

## သေခြင်းဟူသည်

သေခြင်းတရားသည် လမ်းသွားရင်း မတော်တဆ ခလုတ်တိုက်သည်ကဲ့သို့၎င်း၊ မိန်းမများ ဆောင်ရသော အာဝေဏိကဝန်ကဲ့သို့၎င်း၊ လူတိုင်းသည် မလွှဲမသွေ တွေ့ကြုံရမည့် တရားဖြစ်၍ စိုးရိမ်မှုဖြင့် ကြောက်ရွံ့နေစရာ မလိုပေ။

## ကလေးနှင့်လူကြီး

ကလေးရှိသော အိမ်သည် အိမ်၏ဆည်းလည်း၊ အိမ်၏ စိုပြေမှုကို ရသည်ကဲ့သို့ အဘိုးအို၊ အဘွားအိုရှိသော အိမ်သည်လည်း အလွန်ကျက်သရေရှိလှပေသည်။

## စာတွေ့နှင့်လက်တွေ့

စာအုပ် ၁၀၀ ဖတ်ပြီး လေ့လာထားသည့် အကြောင်းအရာတစ်ရပ်ကို လက်တွေ့ဆင်း၍ လုပ်သူက အချိန်တိုတိုနှင့် သိနိုင်လေသည်။

## နှုတ်နှင့်လက်

စကားဖြင့်ပြောလျှင် ကျယ်ကျယ်ပြန့်ပြန့် လုညွှမတ်ကာ ပြောရမည့် စကားအဓိပ္ပာယ်ကို လက်ဖြင့်၄င်း၊ အခြားကိုယ်ခန္ဓာအစိတ်အပိုင်း အမူအရာတို့ဖြင့်၄င်း ပြသလျှင် အချိန်တိုတိုနှင့်ထိရောက် နားလည်တတ်ပေသည်။

## လက္ခဏာ

မည်သည့်တိုင်းပြည်တွင်မဆို တရားသူကြီးများခြင်း၊ ရှေ့နေများခြင်းသည် ကောင်းသောလက္ခဏာမဟုတ်။ ကျောင်းဆရာများ များခြင်းသာ အနာဂတ်၏ရောင်ခြည်အဖြစ်၄င်း၊ ပစ္စုပ္ပန်အတွက်၄င်း ကောင်းသောလက္ခဏာ ဖြစ်ပေ၏။

## သူနှင့်သူ

ဈေးဝယ်သူနှင့် ရောင်းသူတွင် ယုတ်မာသောစိတ်မည်သူ့၌ ပိုသနည်းဟု တိုင်းတာကြည့်လျှင် ဈေးရောင်းသူက ပိုပေလိမ့်မည်သာတည်း။

## သင့်ကိုယ်တိုင်သာ

သင်ကိုယ်တိုင် လုပ်နိုင်သမျှ ဘယ်တော့မှ သူများကို မခိုင်းစေပါနှင့်။



## နားနှင့်ဆတ်ဆတ်

သင့်နားမှ ဆတ်ဆတ်ကြားရသော စကားပင်လျှင် တစ်ခါတရံ အမှန်မဖြစ်တတ်ပေ။

## ရေသတ္တဝါဆိုပေမဲ့

ငါးတို့သည် ရေအေး၌ ပျော်သည်၊ အသက်ရှင်နိုင်သည်ဆိုငြားလည်း ရေကျက်အေး၌၄င်း၊ ရေခဲရေ၌၄င်း အသက်မရှင်နိုင်ကြပေ။

## ပြည်သူ့လူ

ပြည်သူ့ဆိုင်ဟူသော ဆိုင်းဘုတ်အောက်မှာ အမှုထမ်းတို့သည် ပြည်သူ့လူဟု မိမိတို့ကိုယ်ကို မှည့်ရန်သိရန်လိုပေသည်။

## ကြည့်ကြဖို့

မိမိကိုယ်ကို လှပအောင် ခြယ်သပြင်ဆင်ခြင်း ဝတ်စားဆင်ယင်ခြင်းမှာ မိမိအလှကို မိမိမြင်ရလို၍ မဟုတ်၊ သူတစ်ပါးကြည့်စေလို၍ ဖြစ်ပေသည်။ သို့သော်လည်း ဟန်လုပ်လိုသော မိန်းမတို့က သူတို့အား ကြည့်သည်ကို မကြိုက်ဟု ပြောခြင်းမှာ ကြိုက်သည်ဟု ပြောရာရောက်ပေသည်။

## ဂေါ်ဇီဥအလုပ်ခံရတယ်

မုန်လာထုပ်၊ ပန်းမုန်လာတို့ကို ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီဟုခေါ်နေကြသူများသည် (လက်ဆုပ်လက်ကိုင်မိရက်နဲ့ မုန့်လာဥ

ဖုလ်ခံရတယ်)ဟု မပြောဘဲ ဂေါ်ဇီဥအလုပ်ခံရတယ်ဟု ပြောသင့်ပေသည်။

## တစ်သက်တာဖို့စား

လျှာပေါ်၌ ခဏတာ အရသာခံရသော အစားအစာထက် ခန္ဓာကိုယ်အတွက် တစ်သက်တာအရ သာခံရမည့် ကျန်းမာစေသော အစားအစာကို ပို၍စားထိုက်ပေသည်။

## မကုန်နိုင်အောင်

လူတစ်ယောက်၏ အကြောင်းကို စောင့်ကြည့်၍သာ ဝေဖန်မည်ဆိုပါက ကွဲရဲ့ဖွယ်သည့်ဇွင်း၊ ချီးမွမ်းဖွယ်သည့်ဇွင်း၊ သေသည်အထိ ကုန်နိုင်မည်ကား မဟုတ်ချေ။

## ကာရံနှင့်ကဗျာ

ကာရံမှန်တိုင်း ကဗျာမဟုတ်၊ ကဗျာဟုတ်တိုင်း ကာရံမမှန်။

## အချစ်ဝိသဘာချိန်

အချစ်သည် ဆုပ်ကိုင်၍မရသော နာမ်ပစ္စည်းဖြစ်ပါလျက် ဂုဏ်များငွေများနှင့်စက်၍ ရောင်းဝယ်နေကြရာ အကယ်၍သာ အချစ်သည် ရုပ်ဝတ္ထုအတုံးအခဲသာ ဖြစ်ပါမူ ဝိသဘာချိန်နှင့်များ ဈေးဆိုကြလေမည်လား မသိချေ။

## အသစ်နှင့်အဟောင်း

အသစ်တိုင်းလည်း အကောင်းမဟုတ်၊ အဟောင်းတိုင်းလည်း အညံ့မဟုတ်၊ နေရာနှင့်နေရာသုံးရမည် ဖြစ်ပေသည်။



## အထင်ခံလုပ်မှ အထင်သေး

လူတစ်ယောက်သည် ဒုစရိုက်မှုကို လျှို့ဝှက်စွာ ပြုမူနေလျှင် သူတော်ကောင်းဟု အထင်ခံရပြီး၊ အထင်ခံ အမြင်ခံပြုလုပ်သောအခါတွင်မှ ကဲ့ရဲ့ခံရတတ်လေသည်။

## သံသယမကင်း

ပျော်ရွှင်စွာ ပေါင်းသင်းနေကြသော လင်မယားပင်လျှင် ကင်းရှင်းစင်ကြယ်လှသည်မဟုတ်၊ မရှင်းသေးသည့် သံသယစိတ်ကား နည်းနည်းပါးပါး ရှိကြသည်သာ ဖြစ်ပေသည်။

## ပိုပြီးမသိနိုင်

မြန်မာ့အကြောင်းကို မြန်မာရေးသည်ထက် နိုင်ငံခြားသားရေးသည်က ပို၍ကောင်းနိုင်ပါသလား။

## အရှက်အဝ်

ကာမဂုဏ် အရသာ ခံစားရာတွင် ရှက်ကြောက်နေကြလျှင် အရသာမရှိတတ်သည်ကဲ့သို့ စီးပွားရှာရာ ပညာရှာရာတွင်လည်း မရှက်အပ်ပေ။

## ပန်းနှင့်အလှ

ပန်းတိုင်းသည် ပွင့်ကြသည်ကဲ့သို့၊ ပွင့်ကြတိုင်းလည်း လှကြသည်။ သို့သော် ပန်းပွင့်တိုင်း မမွှေးကြသည်ကဲ့သို့ မိန်းကလေးတိုင်း အပျိုဖြစ်လာသောအခါ လှကြသော်လည်း လှတိုင်း လင်မရကြ။

## အလုပ်ဟူသည်

ဂုဏ်တုဂုဏ်ပြိုင်သဘော အလုပ်လုပ်ခြင်းထက် တကယ်ကြီးပွားလို၍ လုပ်သော အလုပ်ကပို၍ အောင်မြင်တတ်လေသည်။

## ပင်စင်

အသက် ၆၀ နှစ်ကို ပင်စင်ပေးခြင်းသည် အလုပ်လုပ်နိုင်သေးသူအဖို့ အချိန်ပုပ်၍သွားပြီး ငါအသက်ကြီးပါပေါ့ ကလားဟု စိတ်အားငယ်စရာပင် ဖြစ်တော့သည်။

## အသေးကလေးများ

လူတို့တွင် ရောဂါဘယဖြစ်ကြခြင်းမှာ သေခြင်း အသေးအဖွဲကလေးများသာ ဖြစ်လေသည်။ ထို့ကြောင့် ရောဂါကြီးသောအခါ သေသွားခြင်းဖြစ်ပေသည်။

## ဒီကိစ္စကြောင့်

ကမ္ဘာပေါ်ရှိသော လူရောတိရစ္ဆာန်တို့ လှုပ်ရှားနေကြခြင်း၊ စီးပွားရှာနေကြခြင်းတို့မှာ အစားအစာအတွက် မဟုတ်၊ ကာမဂုဏ်လောဘကြောင့်သာ ဖြစ်လေသည်။

## ကော်မီတီ

ကော်မတီဟူသော ဝေါဟာရမှာ အချို့သော သူတို့အတွက် ကော် တတ်သော်လည်း မတည်မြဲတတ်ကြပေ။



## သစ္စာမဲ့ကြလို့

တစ်ဦးနှင့်တစ်ဦး မယုံကြည်ကြသောကြောင့် စာရွက်တွေအလီလီရေးရခြင်း၊ လက်မှတ်တွေထိုးကြရခြင်း၊ စာချုပ်များချုပ်ဆိုရခြင်းများ လုပ်နေကြရခြင်းဖြစ်၏။

## သူ့ကြောင့် သူ့ကြောင့်

အရပ်ထဲမှ ဓားခုတ်မှုမှအစ ကမ္ဘာစစ်ပွဲကြီးများအထိ ဖြစ်သွားခြင်းများ၌ မိန်းမများ၏ ပယောဂမကင်းခဲ့ကြပေ။

## အစားအစာ အကြွားအဝါ

အချို့လူတို့မှာ မိမိခန္ဓာကိုယ်အား အကျိုးပြုစေမည့် အစားအစာအတွက် မဟုတ်ဘဲ အကြွားအဝါအတွက် လုပ်နေကြသည်မှာ သေဆေးကို နည်းနည်းစီ ဖုံစားနေသကဲ့သို့သာတည်း။

## လောကဓာတ်ဆရာ မဖြစ်ပါ

ငှင်းတကောင်သည် ၇၈သားစား၊ သေကောင်ပုပ်စားမျိုးဖြစ်ရာ ဥမှပေါက်ခါစ ငှင်းတကောင်ငယ်များမှာ သေကောင်ပုပ်ရှိရာမြေပြင်သို့ လိုက်၍မစားနိုင်ချေ။ မိခင်ကလည်း သေကောင်ပုပ်ကိုယူ၍ မခွံကျွေးချေ။ သို့သော် ကောင်းကင်၌ပျံနေသော မိခင်က အသံပေးကြွေးကြော်ခြင်းကို အသိုက်တွင်းက ငှင်းတငယ်များက နှုတ်သီးဟကာ အာရုံပြုကာမျှဖြင့် ဝလင်ရလေသည်။ ဤသဘာဝကို တူအောင် အဘယ်လောကဓာတ်ဆရာမှ စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

### မှလွန်းထယ်

အငှားကားစီးရာတွင် မောင်းသူနှင့်ယှဉ်၍ မစီးသော မိန်းမတို့သည် မိမိသိက္ခာ မိမိမလုံ၍ လိုသည်ထက် ပိုပြီးဟန် လုပ်ခြင်းဟုသာ ဆိုသင့်ပေသည်။

### ပြည့်ဝမှ ထိကျ

စာဖတ်ခြင်း၌ ပြည့်ဝမှသာ စာရေးခြင်း၌ ထိကျပေမည်။

### သတ်သာ၍ ကာရှည်ခံသည်

စာဖတ်၍ ပျော်ရွှင်ခြင်းထက် ငွေကုန်သက်သာပြီး ကြာရှည်ခံသော ပျော်ရွှင်ခြင်းမျိုး မရှိပေ။

### မြက်မရှိသော်

မြက်မရှိသော မြေသည် မကြာမီပင် ကန္တာရဖြစ်ရတော့သည်။

### နောက်ကကြည့်တော့

ဥဒေါင်းငှက်သည် အမြီးကိုထောင်၍ ကသောအခါ ရှေ့မှကြည့်လျှင် အလွန်လှပသော်လည်း နောက်မှကြည့်လျှင် မူကား မလှရုံမျှမက စအိုဝပင် မြင်ရလေသေးသည်။

### ချစ်မှုသည် နက်

ကြမ်းတမ်းခက်ထန်သောသူများပင် ဖြစ်စေ၊ အချစ်နှင့်



ပတ်သက်သော စကား၊ စာတို့တွင် ုုညံ့သိမ်မွေ့၍ လာပေတော့သည်။

### မာန်နှင့်မြေ

မာန်ကိုလျှော့ထားသည့် မြေဟောက်ထက် ပါးပျဉ်းထောင်သော မြွေမှာ မြန်မြန်လူရိုက်ခံရတတ်လေသည်။

### သားသမီးကို ချစ်လျှင်

မိမိ၏ သားသမီးများကို သင်ရိုးသင်စဉ် ကျောင်းထားပေးခြင်းအပြင် စည်းစနစ်ကောင်း မိတ်ဆွေရင်းချာ၊ ဆွေမျိုးရင်းများအိမ်သို့ ပို့အပ်ကာ တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ထားသင့်လေသည်။

သို့မှသာလျှင် မိဘအိမ်နှင့် တခြားအိမ် နေထိုင်ရသော စည်းကမ်းကွာခြားမှုကိုသိကာ ဘဝအတွက် ကောင်းသော အတွေ့အကျင့်ကို ရနိုင်လေသည်။

### နှလုံးလှမှပြုံးပါ

နှလုံးလှမှ ပြုံးမပြလျှင် အဆုံးကျလျှင် မုန်းကြတတ်လေသည်။

### အတွေ့အကျင့်

မီးပူခြင်း၊ နေပူခြင်းကို ခံနိုင်အောင် မကြာခဏ အပူခံ၍ လေ့ကျင့်လျှင်ရသည်ကဲ့သို့ပင် ပရိဒေဝမီးကိုလည်း မပူမီက ပူကြည့်ထားလျှင် တကယ်ကြုံသောအခါတွင် သက်သာမှုရှိလေသည်။

### ထမီခေါက်ကကဲ

အငြိမ့်၊ ဇာတ်၊ ရုပ်ရှင်တို့မှ မင်းသား၊ မင်းသမီးတို့၏ မိခင်ဖခင်၊ အုပ်ထိန်းသူတို့သည် အောင်မြင်ထွန်းပေါက်လာသောအခါတွင် ထိုမင်းသား၊ မင်းသမီးတို့ထက်ပင် ဘဝင်မြင့်မနာကြီးတတ်ကြလေသည်။

### လူထက်သာသည်

တိရစ္ဆာန်များယင်လျှင် မိမိကျန်းမာရေးအတွက် နေထိုင်တတ်သေးရာ လူများမှာ ထိုမျှလောက်မှမသိလျှင် တိရစ္ဆာန်ထက်ပင် ညံ့ရာကျပေသည်။

### ထ,လုပ်

အဘယ်အရာမဆို ကြာရှည်စွာ စဉ်းစားနေသူသည် ဘယ်အခါမှ အကောင်အထည်ပေါ်တော့မည် မဟုတ်။ တိုတိုစဉ်းစားပြီးနောက် ထ၍လုပ်သော သူမှာအကောင်အထည်ပေါ်လေသည်။

### ၁ ပေါက်စာ ၄ ဖက်လုပ်

ပါးစပ်တစ်ပေါက် ဝမ်းတစ်လုံးအတွက် ခြေနှစ်ဖက် လက်နှစ်ဖက်တို့သည် ပါးစပ်၏ စားချိန်ထက် အဆ ၃၀ မျှ လှုပ်ရှားနေကြရလေသည်။

### အသံသည်လည်း ရုပ်ဖြစ်

အသံသည်လည်း ရုပ်၏လက္ခဏာ တစ်ရပ်ဖြစ်လေ



သည်။ အသံအောင်မြင်ခြင်းကြောင့် အောင်မြင်နိုင်၍ အသံသေးကြောင်သောကြောင့် မအောင်မြင်နိုင်သည့် ကိစ္စများရှိပေသည်။

### အမှောင်

လူတို့သည် မမွေးမီက အမိဝမ်းတိုက်အမှောင်တွင်း ဝယ်နေခဲ့ရသည့်ကြောင့် အမှောင်ကို ကြိုက်ကြခြင်းလည်း ဖြစ်တန်ရာပေသည်။

### မျက်မှား

မှန်ဖြူနှင့်တတ်သော မျက်မှန်သာ မျက်မှန်ဟုခေါ်ထိုက်ပြီး မှန်ညိုဖြင့် ဖာတ်သည့် မျက်မှန်ကို မျက်မှားဟု ခေါ်ထိုက်ပေသည်။

### အားလုံးမှန်

အချစ်နှင့် ပတ်သက်၍ ပြုမူဆောင်ရွက်သောကိစ္စ အရပ်ရပ်တွင် (ကိုယ့်ကိုယ်ကို သတ်သေခြင်းမှတစ်ပါး) မှားသည်ဟု မဆိုနိုင်။

### ကြောက်ကန်ဟုခေါ်

ဆေးဆရာဝန်များ အလိုအားဖြင့် Kidiey ဟု ၄င်း လောကဓာတ်ဆရာများအလိုအားဖြင့် Clands of Combolt ဟုခေါ်သော လူ့ကိုယ်တွင်းမှ ကျောက်ကပ်သည် အကြောက်အလန့်တို့ကို တွန်းကန်ပယ်ထုတ်နိုင်စွမ်းသော ကောဋ္ဌသဖြစ်၍

ကျောက်ကပ်ဟု ခေါ်မည်ထက် (ကြောက်ကန်)ဟု ခေါ်ထိုက်ပေသည်။

### အဆောင်အယောင်

အဆောင်အယောင်ဆိုသော စကား၏မူလမှာ အယောင်ဆောင်ဟူ၍ ဖြစ်တန်ရာသည်။

### ကုစားရန်

အကြောက်ကို ကုစား၍ ရနိုင်သည့် နည်းမှာကြောက်သည့်အရာကို နည်းနည်းစီ နည်းနည်းစီ စမ်း၍ကြည့်ခြင်းဖြင့် အောင်နိုင်ပေသည်။

### ကျင်ကြီးပင်လျှင်

အမိဝမ်းတွင်းမှ ကျွတ်ခါစ ကလေးငယ်ငွန့်သော ကျင်ကြီးကို အငြောက်လှမ်းကာ ရွှေချထားလျှင် ခွေးရူးပျံရောဂါရှိသူအား သွေး၍တိုက်သော် ပျောက်နိုင်သည်ဟု ဆေးကြီးတိုကျမ်းက ဆိုထားလေရာ လောက၌သုံးတတ်လျှင် မစင်ပင်လျှင် ဆေးဖြစ်သေးသည်။

### တေးဂီတအစွမ်း

အကျဉ်းထောင်တစ်ခုတွင် ဘာသာရေးအတွက် ခွင့်ပြုကာ ကိုးကွယ်ခွင့်ပြုထားခြင်းထက် တေးဂီတများ မှန်မှန်တီးမှုတ်ပေးခြင်းက စိတ်များကို ပိုမိုနူးညံ့စေသည်ဟု ဆေးပညာတစောင်တစ်ခုက ဖော်ပြခဲ့သည်။



### မတုသောနှင့်

မင်းအဆက်ဆက်က နာမည်ပျက်ခဲ့သော အချို့သမဝါယမလူကြီး၏ အပြုအမူမှာ ယခုအခါ အတုခိုးစရာ မဟုတ်တော့ပေ။

### မှုကောင်းသော်လည်း

အင်္ဂလန်တွင် အိမ်ထောင်ကျပြီးသော မိန်းမများကို မစ္စမှ မဒ္ဒစ်သို့ပြောင်းကာ ခင်ပွန်း၏အမည်ဖြင့် ပေါင်းစပ်လျက် မစ္စက်ဘယ်သူဘယ်ဝါဟု မှည့်ခေါ်ခြင်းအတွက် လင်မယားကွာရှင်းမှုနည်းမည်ဟု ထင်ရသော်လည်း ထိုကဲ့သို့ မမှည့်ကြသော မြန်မာပြည်ထက်ပင် ပိုပေသေးသည်။

### ရေသံသရာ

လောက၌ ရုပ်ပစ္စည်းပိုင်း၌ ကြီးခြင်းသည့်ငှင်း၊ ငယ်ခြင်းသည့်ငှင်း၊ အဆုံးအစမရှိပေ။ ထို့အတူ အမြင့်ဆုံးသည့်ငှင်း၊ အဆုံးအစမရှိချေ။

### ခံနိုင်ရည်

မိမိ အလွန်မက်မောသော အရာဝတ္ထုဆုံးရှုံးသော အခါတွင် အလွန်တရာ မျက်နှာပျက်တတ်သောသူသည် သိန်းထီပေါက်သောအခါတွင် ဝမ်းသာလုံးဆို့၍ သေတတ်လေသည်။

### ရှုံးသူက ရှုံးပြီဟုမပြော

တကယ်အမှန် ရှုံးသူများမှာ ဘယ်အခါမှ ရှုံးခြင်းကို

ထုတ်၍မပြော ဟန်ဆောင်ရုံးတို့သာ မိမိရှုပြီဟု ပြောတတ်လေသည်။

## ပညာရှိက မပြော

ပညာရှိများသည် မိမိပညာတတ်ပါဟု မပြော။ ဟန်ဆောင်တတ်ယောင်ကားတို့သာလျှင် ထုတ်၍ပြောတတ်လေသည်။

## ဒါက ကောင်းသေး

စိတ်ညစ်ရောကို တွေးနေမည့်အစား လေထဲတိုက်အိမ်ဆောက်ခြင်းက ပို၍ကောင်းပေမည်။

## စိတ်ဆိုးလျှင် မပြောနှင့်

ဒေါသကို တတ်နိုင်သမျှ ချုပ်တည်းပါ။ တတ်နိုင်လျှင် ဒေါသဖြစ်ခိုက် စကားမပြောပါနှင့်။ ထိုစဉ်က ပြောလိုက်သော စကားတစ်လုံးသည် အနှမြှုပ်ထက် ဆိုးနိုင်၏။

## သူတို့မပါ

လောက၌ ကြီးပွားချမ်းသာနေသူများအနက် ဘောက်ဘုပြော၍ ကြီးပွားလာသူ တစ်ယောက်မှ မရှိချေ။

## ချောင်သည်သာ

ပညာတကယ်ပြည့်၍ ဥစ္စာတကယ်ရှိသောသူများသည် အများအားဖြင့် ချောင်ချိသာကြသည်သာ ဖြစ်လေသည်။



## တစ်ခုစီလုပ်

အလုပ်ကို တစ်ခုစီသာ စိတ်စွဲ၍ လုပ်ဆိုက်လေသည်။ အလုပ်ကို ၂ ခု၊ ၃ ခု မလုပ်သင့်ပေ။

## အသက်သည် ပဓာနမဟုတ်

ကမ္ဘာကျော် တူရိယာ ပါရဂူ မောဇက်သည် အသက် ၆ နှစ်မှစ၍ တီးမှုတ်ခဲ့သည်။ ဂျပန်စာရေးဆရာ ဂီထားသည် အသက် ၁၀ နှစ်မှစ၍ ကဗျာရေးသည်။

ပီလျံပစ်သည် အသက် ၂၄ နှစ်တွင် ဗြိတိသျှနန်းရင်းဝန်ကြီးဖြစ်ခဲ့သည်။ ကဗျာဆရာ ကောလားရစ်ချ်သည် အင်္ဂလိပ်ဂန္ထဝင်တွင် ထင်ရှားသော သဘော်အိုကြီး ကဗျာကို အသက် ၅ နှစ်တွင် ရေးစပ်သည်။

ပြင်သစ်ပြည်ကြီး ပျက်စီးခါနီးတွင် တစ်မဟာကြီးကို ဦးစီးတိုက်ခိုက်ကာ ကယ်တင်ခဲ့သော တောသူမလေး ဂျုံးအော့ဖ်အပ်မှာ အသက် ၁၆ နှစ်မျှသာရှိခဲ့သည်။ ဗြိတိသျှ နန်းရင်းဝန်ကြီး ဂလက်စတုံးမှာ အသက် ၈၃ နှစ်ကျမှ ရာထူးရခဲ့သည်။ ရန်ကုန် စမ်းချောင်းမှ ဒေါ်သိန်းသည် အသက် ၆၅ နှစ်မှ ဘီအေဘွဲ့ရသည်။

## မရှင်းတတ်လျှင်

ရှုပ်ထွေးနေသော ကြိုးလုံးကြီးကို ဟိုကတစ်စ နှုတ်ရှင်းလိုက်၊ သည်ကတစ်စနှုတ်ရှင်းလိုက်ဆိုလျှင် ကြိုးကောင်းကြိုးရှည်ကား ရတော့မည်မဟုတ်။

## ထုမှရိုက်မှ

ပန်းပဲသမားတို့၏ အထုအရိုက်မခံရသော သံတုံးသည် ဓားမဖြစ်၊ ကျောက်ဆစ်ဆရာ အဖြတ်အတောက်မခံရသော ကျောက်တုံးသည် အရုပ်မဖြစ်သည်ကဲ့သို့ ဆရာမိဘ အဆုံးအမကို မခံသော သားသမီးသည် လူကောင်းမဖြစ်နိုင်။

## မျော်စရာလို သံဘောထား

မိမိအလုပ်ကို ငြီးငွေ့ဖွယ်ရာဟု မမှတ်ဘဲ မျော်စရာဘက်မှကြည့်ကာ လုပ်သွားလျှင် စိတ်တုရင်ကစားနေရသည်ကဲ့သို့ မျော်ရွှင်၍ လာနိုင်လေသည်။

## လိုက်မလုပ်နဲ့

အရှုံးမက ထဘီလှန်ပြ၍ လုံချည်လှန်ပြလျှင် ဘယ်သူရှုံးသနည်း။

## အလုပ်မပြတ်

အလုပ်ကို တန်ဖိုးထက်ပို၍ လုပ်သူများ ဘယ်အခါမှ အလုပ်မပြတ်။ အလုပ်ကို နိတတ်သူများသာ အလုပ်ပြတ်တတ်လေသည်။

## တောနဲ့မြို့

တောအုပ်၌ မိဘအုပ်ထိန်းမှုကို မခံရသော သားကောင်သည် ကျားစာဖြစ်၏။ ရန်ကုန်၌ လမ်းဖြတ် ဥပဒေကို မနာယူလျှင် ကားစာဖြစ်မည်။



## အဝေဖန်ခံရာ၌

စေတနာဖြင့် ဝေဖန်ခြင်းကိုခံ၍ ပြုပြင်နိုင်ရမည်ကဲ့သို့ ဝေဒနာဖြင့် ဝေဖန်ခြင်းများကို ဥပေက္ခာပြုနိုင်ရပေမည်။

## အားလုံးမကောင်း

လူသည် အားလုံးကောင်းသူမဟုတ်၊ အားလုံးလည်း မကောင်းခြင်း၊ ယုတ်မာခြင်းမဟုတ် အကောင်းနှင့်မကောင်း ရောနှော၍ လူအချို့မှာ အကောင်းများပြီး လူအချို့မှာ မကောင်းများခြင်းသာ ဖြစ်ချေသည်။

## ဆီမကုန်မီမွေး

နံ့သာဆီဖြင့် ဖြစ်သော မီးသည် ဆီမကုန်မီ အလင်းရောင်ကိုလည်းပေး၍ ရနံ့လည်း မွှေးနိုင်စွမ်းသော်ငြားလည်း ဆီကုန်သောအခါတွင် နံစော်သော ညှော်နံ့ဖြင့် အမှောင်ဖြစ်၍ သွားရသကဲ့သို့ အသက်ရှင်စဉ်က မည်မျှပင် ဘုန်းမီးနေလတောက်ပသော်ငြားလည်း သေသောအခါ၌ကား ဘာမျှမစွမ်းသာတော့ပေ။

## ရှာတတ်ပေမယ့် သုံးတတ်မှ

ငွေမှာ မရှာလျှင်မဖြစ်သောကိစ္စဖြစ်၍ ရှာရသည်ကဲ့သို့ ဗဟုသုတကိုလည်း မရှာလျှင်မဖြစ်သောကိစ္စ အဖြစ်ထားသင့်လေသည်။ သို့သော် ရှာ၍ရသောငွေကို နေရာနှင့်နေရာတွင် သုံးစွဲတတ်မှ အရာရောက်သကဲ့သို့ ဗဟုသုတကိုလည်း နေရာနှင့်နေရာထုတ်သုံးတတ်မှ အရာရောက်လေသည်။

## တာဝရ မသာအိမ်

လူသေသောအိမ်ကို မသာအိမ် ဖြစ်ရသည်မှာ ၇ ရက် သာကြာ၏။ အိမ်ထောင်ရေး မသာယာ၍ လင်မယား တကျက်ကျက်ဖြစ်နေသောအိမ်၌ တာဝရ မသာအိမ်ဟု ခေါ်သင့်၏။

## တစ်မတ်သားနှင့် တစ်ကျပ်သား

တစ်မတ်သားလောက် အပြစ်ကလေးကို တစ်ကျပ်သားလောက် ဆူပူကြိမ်းမောင်း၍ ဒေါသထွက်သူသည် သူ့၌ ၃ မတ်ဖိုး ဆုံးရှုံးလိုက်ရသည်ကို မသိ။

## သာယာစီး

ဘဝကိုရင်မဆိုင်ရဲသူ၊ လူ့ဘောင်တွင် သာယာစီးနေလိုသူတို့သည် ခြစ်ခြုပ်ကုတ်ကပ် ရွှေငွေတို့ကိုစုတတ်ကြ၏။

## အနိုင်သိမှု

ဝတ္ထုရားကိုသိသော တပည့်သည် ဆရာကိုနိုင်၏။ အခစားသော ကျွန်သည် သခင်ကိုနိုင်၏။ လင့်ဝတ်မပျက်သော မယားသည် လင်ကိုနိုင်၏။

## ပြည့်တော့ငိုက်

အဆံပြည့်သော စပါးနှံသည် ငိုက်၍ အဆံမရှိသော စပါးနှံသည် ထောင်၍နေတတ်သည်ကဲ့သို့ ပညာမဲ့သူသည် မာနထောင်၍ ပညာပြည့်သူသည် ချိုးနှိမ်လေသည်။



## ကျူဝါးကဲ့သို့

ပေပင်သည် မသီးမီသာ တန်ဖိုးရှိ၍ ဝါးပင်၊ ကျူပင်၊ ငှက်ပျောပင်တို့သည် အသီးကြောင့် သေကြရကုန်သည်ကဲ့သို့ မဖြစ်ရအောင် သတိထား။

## လူပျိုအပျို

အသက် ၄၀ မှုအထိ လူကြီးကဲ့သို့ ဣန္ဒြေရရ နေထိုင်ကျင့်သုံးလျှင် သိက္ခာလည်းရှိ၍ အကဲ့ရဲ့လည်း ကင်းနိုင်ပြီး အသက် ၄၀ ကျော်သွားသောအခါ လူငယ်ကဲ့သို့ နေထိုင်ကျင့်သုံးသွားလျှင် ရုပ်လည်း နုပျို၊ စိတ်လည်းနုပျို၍ ကျန်းမာစွာ အသက်ကို ရှည်နိုင်လေသည်။

## ကိုယ်ကောင်းဖို့လို

အပင်ကြီးဖြစ်သော သရက်ပင်ကို ခွေးတောက်ခါးပင်နှင့် ရောယှက်သော သရက်သီးသာလျှင် ခါးသွားပြီး ခွေးတောက်မှာမူကား ချို၍မလာရုံမျှမက အခါးပင်လျှင် မလျော့သည်ကဲ့သို့ မိန်းမကောင်းနှင့် မိန်းမပျက်ပေါင်းလျှင်မူကား မိန်းမကောင်းသာ ပျက်သွားပြီး မိန်းမပျက်ကား ကောင်း၍မလာနိုင်ပေ။

## မနိုင်လျှင် မကူနဲ့

တစ်ဖက်သား၌ ဖြစ်နေသော ဒုက္ခကို မိမိတကယ် မစွမ်းဆောင်နိုင်ဘဲ ကယ်ဆယ်လျှင် ကယ်သူပါ ဒုက္ခတွေ့တတ်လေသည်။

## ကြားပါများတော့အီ

အလွန်တရာ သာယာလှသော ဂီတအသံပင်လျှင် ထပ်ကာထပ်ကာ ကြားနေရပါက နားအီ၍လာတတ်လေသည်။

## မက်

ငါးတို့သည် သန့်ရှင်းသောရေမှာ နေသော်လည်း ရွှံ့မြေထဲမှ တီကိုမက်၏။ လင်းတသည် ကောင်းကင်၌ ကျက်စားသော်ငြားလည်း မြေမှခွေးသေကောင်ပုပ်ကို မက်၏။ မြင့်သောမြတ်သော လူ့ဘဝကို ရသော လူတို့သည်လည်း ကာမဂုဏ်ကို မက်ကြလေသည်။

## စားသာစား

အချိန်ကိုလူက စားလျှင်စား၊ မစားလျှင် အချိန်က လူကိုစားတတ်သည်။ သို့ကြောင့် လူကအချိန်ကို လက်ဦးအောင် စားပါ။

## ဆင်အစစ်ကိုရှာ

မျက်မမြင် ပုဏ္ဏားတစ်စုကဲ့သို့ ဆင်တစ်ကောင်လုံးကို မသိဘဲ ကိုယ့်ဘက်က ကိုယ့်အသိကိုမှတ်၍ သုံးသပ်နေကြလျှင် အဘယ်သောအခါမှ ဆင်အစစ်ကို တွေ့ကြမည်မဟုတ်ပေ။

## ဒီလိုစိတ်ထား

လင်မယားနှစ်ယောက်စလုံး စိတ်နှလုံးချမ်းသာလိုကြလျှင် မျက်စိတဆုံးမှ လွန်သွားလျှင် ငါ့လင်၊ ငါ့မယား မဟုတ်တော့ဟူသော စိတ်မွေးထားသင့်လေသည်။



## အသေခံသည်

ယစ်မှုသည် သူဥအတွက် အသေခံသည်။ တမရိဂ္ဂက်သည် သူ့အမြီးအတွက် အသေခံသည်ကဲ့သို့ အာဇာနည်သည် တိုင်းပြည်နှင့် လူမျိုးများအတွက် အသေခံလေသည်။

## ဂုံးစကား

ဝေသာလီပြည် ညီညွတ်၍ အဇာတသတ်မင်းရအောင် မဖျက်ဆီးနိုင်သော်ငြားလည်း ဝဿကာရပုဏ္ဏား၏ ဂုံးစကားကျမှ ပျက်ရလေတော့သည်။

## ဖြူလွန်းလျှင် ထင်၏

အဖြူဆွတ်ဆွတ်ပေါ်တွင် အနက်မှုန်ကလေး တစ်စက်ကျကျ အလွန်ပေါ်၏ ညစ်ထေးထေးပေါ်တွင် အနက်ပျောက်ကျသော်လည်း မထင်ရှားတတ်ပေ။

## ဒေါသကြောင့် အရှက်ကွဲ

စိတ်ဆိုးဒေါသထွက်၍ မိမိ၏ဖုံးကွယ်အပ်သော ဒွါရကို လှန်၍ပြလျှင် မြင်သူမှာ အရှက်မရ၊ ပြသူမှာသာ အရှက်ရလေသည်။

## ရွှေကိုမမင်

တောသတ္တဝါတစ်ကောင်အား ရွှေလှောင်အိမ်၌ ထားကာ ရွှေခွက်ဖြင့် ကျွေးသော်လည်း မက်မောမည်မဟုတ်။

## လဲထားတတ်၍

မျက်စိကို နားရွက်နေရာ၌၎င်း၊ နားရွက်ကို မျက်စိနေရာ၌၎င်း၊ ပြောင်းလဲထားရန်မှာ သူများအကြောင်း ဂလုလာသူတိုင်းအဖို့ လိုအပ်လှပေသည်။

## ရန်သူကိုသော်မှ

သစ်ပင်ကြီးသည် မိမိအား ခုတ်လှဲသောသူကိုပင်လျှင် မလဲသမျှကာလပတ်လုံး အရိပ်အာဝါသကို ပေးသွားလေသည်။

## ပျားနှင့်ဖား

ပျားပိတုံးတို့သည် ဝေးရာအရပ်မှ အနံ့အရသာရှိသော ကြာပန်းဝတ်မှုံတို့ကို စားသုံးတတ်ကြသော်လည်း ကြာပင်အောက်၌ ကပ်နေသော ဖားသည် ကြာပန်းကို စားရကောင်းမှန်းပင် မသိဘဲ ရွှံ့ကိုသာလျှင် စားလေသည်။

## သန်းကိုမနိုင်

ခွေးသည် ကြောင်ကိုနိုင်၏။ ကျားသည် ခွေးကိုနိုင်၏။ ခြင်္သေ့သည် ကျားကိုနိုင်၏။ သို့သော်လည်း ကြောင်၊ ခွေး၊ ကျား၊ ခြင်္သေ့တို့သည် မိမိကိုယ်တွင်း၌ရှိသော အလေ့၊ သား၊ အမွှေးတို့ကိုကား မနိုင်ကြချေ။

## လည်သူ၏အကြိုက်

လည်ပတ်ချယ်လှယ်သော မိန်းမများသည် အရူလယ်လယ် ရိုးအအ မိမိကြိုးကိုင်၍ ရမည့်လင်ကို ရှာတတ်လေသည်။



## ခွေးကလဲဟောင်

ဘိုသီဘတ်သီ၊ ဖိုးယိုးဖားယား ဝတ်စားထားသော လူကို လူလူချင်းမဆိုထားဘိ ခွေးများကပင်လျှင် မကြည့်မမြင်လို၍ ဟောင်တတ်လေသည်။

## သေချင်တော့

တောင်ပို့၌နေစဉ် ခြကောင်ပိုးရှု ဘဝဖြင့် မသေသော်လည်း၊ ပလူဖလံဖြစ်လာသောအခါ မီးကိုမက်သောအားဖြင့် သေကြရလေသည်။

## ကိုယ့်အပြစ်သာပါ

ရေနစ်သေခြင်း၊ သစ်ပင်ပေါ်မှကျသေခြင်းတို့ကြောင့် လူကသစ်ပင်နှင့် ရေတို့ကို ရန်သူဟု သတ်မှတ်က ဖြစ်ပါမည်လော။

## မျက်စိလည်ပျောက်ဆေး

ကမ္ဘာပေါ်တွင် ဒဿနပညာရပ်တွင်ဖြစ်စေ၊ ဆေးဝါးပညာရပ်တွင်ဖြစ်စေ မည်မျှပင် တိုးတက်စွမ်းပေါက်စေကာမူလည်း မျက်စိလည်သော ပျောက်ကင်းနိုင်သော ဆေးမှာပေါ်လာနိုင်မည် မဟုတ်ပေ။

## မထိရောက်

ဟန်ဆောင်ယုံကြည်မှုသည် ဘယ်သောအခါမှ ထိရောက်သော အောင်မြင်မှုကို ရမည်မဟုတ်ပေ။

## တက်မြန်မြန်ကျ

မိန်းမများသည် အသက် ၁၀ ကျော် ၂၀ ကြားတွင် တစစ တိုးတက်ပြောင်းလဲ ဖျံ့ဖြိုးလှပစိုပြေ တောင့်တင်းလာပြီး ၂၀ မှ ကျော်သောအခါတွင် အလှဘက်မှ တက်ကြွလာသော်လည်း ၄၀ ကျော်သည်မှအစကျ၍ကျ၍ ပျော့အိပြင်းတွဲ၊ အို၍ လာသည်မှာ ယောက်ျားများထက် ပို၍လေရာ တရားကျမည်ဆိုက ယောက်ျားများထက် ပို၍ကျထိုက်ပေသည်။

## သူတို့ကတော့

တရားဥပဒေက မကောင်းမှုဟု သတ်မှတ်ထားသည်များကို ဥပဒေမဲ့လူများအဖို့ အကောင်းချည်းသာ မြင်နေလေသည်။

## ကိုင်သူပူမည်

တစ်ဖက်လူကို မီးကျီးခဲဖြင့် ကိုင်၍ပေါက်သော် ကိုင်သူ၏လက် ပထမပူမည်ဖြစ်၏။

## ဒီပုဒ်မ

ယောက်ျားက ဖောက်ပြန်၍ လင်မယား ကွဲသောအခါတွင် မိန်းမက စားစရိတ်တောင်းနိုင်ခွင့် ပုဒ်မ ၄၄၈ ရှိ၍ မိန်းမက ဖောက်ပြန်ပြီး ကလေးများပါ လင့်ထံထားခဲ့သောအခါတွင်လည်း ယောက်ျားက စားစရိတ်တောင်းခွင့် ရှိရန်မလိုတော့ပါ။



## ကျားချက်မှ ပြည်ပျက်

မိန်းမဖျက် ပြည်ပျက်ဟူသော စကားမှာ ယခုအခါ လုံးဝမှားသွားပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့စစ်ပွဲများကို ဖြစ်ပေါ်စေသည်မှာ မိန်းမများမဟုတ်၊ ယောက်ျားများသာဖြစ်သောကြောင့်တည်း။

## ကြီးလေစားလေ

အသက်အရွယ်ကြီးသူ အချို့တို့သည် ရောင့်ရဲသည်ဟုဆိုကာ အစာအာဟာရကို ဖြစ်သလို စားသည်မှာ မှားလေသည်။ အသက်ကြီးလာလျှင် အစားကောင်းများကို စားမှသာ အသက်ရှည်နိုင်ပေသည်။

## ငယ်ကထဲက သတိထား

ကလေးငယ်ငယ်ကပင်စ၍ ကာမဂုဏ်စိတ်၊ ကာမဂုဏ် သွေးရှိကြပြီးဖြစ်ရာ အပျို၊ လူပျိုဖြစ်ပြီးမှာကား သားသမီး မွေးဖွားနိုင်ခြင်းနှင့် ထိုသားသမီးကို စောင့်ရှောက်နိုင်ခြင်းသာ ဖြစ်ပေသည်။ အပျို၊ လူပျိုဖြစ်မှ ကာမဂုဏ် စိတ်ဝင်လာခြင်း မဟုတ်။

## အပြန်အလှန်

မယားဖြစ်သူ လင်ငယ်နောက်လိုက်သွားလျှင် မယားခိုးမှု ပုဒ်မ ၄၉၇ ဖြင့် စွဲဆိုနိုင်ပြီး၊ လင်ဖြစ်သူ မယားငယ်ယူသောအခါတွင် တရားစွဲဆိုနိုင်သော ပုဒ်မမရှိသေး။

## ငယ်ငယ်ကထဲက

ယောက်ျားလေး၊ မိန်းကလေးများ ရည်းစားများ ရခြင်း၊ ပျက်စီးရခြင်းများ ပပျောက်ရန်အတွက် ငယ်ရွယ်စဉ်က လူကြီးချင်းမှန်းထား စေ့စပ်ကာ အိမ်ထောင်ရေး၊ လိင်ရေး ဖူလုံ စိတ်ချမှုရှိကြောင်းကို ကလေးများအား အသိပေး၍ ရင်းနှီးထား စေသောနည်းကို ယခုအခါ စမ်းသပ်သင့်လှပေသည်။

## အကိုင်းငယ်လျှင်

အကိုင်းငယ်ငယ်တွင် အသီးများစွာ သီးခဲ့သော် ထို အကိုင်းသည် ကျိုးကျမည်သာတည်း။

## မကောင်းမှုကိုသိလို

မကောင်းမှုကို သိလိုသောသူသည် မကောင်းမှုများ စုဝေးရာဌာနသို့ သွားရောက်ငေ့လာသောအခါ မကောင်းမှုကို တွေ့ရတော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မကောင်းမှုကို ကောင်းမှုဟု ထင်ရမည်ကြောင့်သာတည်း။

## ထုတ်ဝေသူ မိန်းမ

ယောက်ျားအချို့သည် မိန်းမမကောင်းကြောင်း ပြောကြသော်လည်း မိန်းမနှင့်မကင်းနိုင်သည့်ကဲ့သို့ စာရေးဆရာ အချို့သည်လည်း ထုတ်ဝေသူများ မကောင်းကြောင်း ပြောကြသော်လည်း မလွတ်ကင်းနိုင်ကြချေ။



## အတန်းနှင့်ပညာ

ကျောင်းတွင် သင်၍ရသော ပညာသည် (အတန်း) ဟူသော အရည်အတွက်သာ များများရပြီး (ပညာ)ဟူသော အရည်အချင်းကိုကား နည်းနည်းသာရခဲ့လေသည်။

## သူ့နေရာနှင့်သူ

ဝက်သားကို ကုလားမဆလာနှင့်နယ်၍ ချက်သော် ကောင်းပါမည်လော။

## ကြော်ငြာတစ်မျိုး

လင်၏ကွယ်ရာတွင် အခြားယောက်ျားတစ်ယောက်အား သူ့လင်၏ ဆိုးသတင်းကိုပြောသော မိန်းမသည် လင်ငယ် နေရန် ကြော်ငြာခြင်းတစ်မျိုးပင် ဖြစ်သည်။

## ဖေချော မေချောပေမဲ့

ချောသောမိန်းမနှင့် လှသောယောက်ျားတို့မှ မွေးဖွားကြသော သားသမီးတိုင်း မလှပနိုင်ပေ။

## ကိုယ့်ဥမှ ကိုယ့်ဥမဟုတ်

ကြက်မသည် သူ့ဝပ်ကျင်းသို့ရောက်လာသော ဘဲဥကိုပင် မိမိ၏ရင်သွေး ကြက်ဥအဖြစ် ဝပ်၍ပေးလေသည်။ အကောင်ပေါက်သည့်အခါတွင်လည်း မိမိ၏ရင်သွေးအဖြစ် စောင့်ရှောက်ထိန်းသိမ်းပေးသေးသည်။ ဘဲကလေးများက

ဘာသာဘာဝ ရေဆင်း၍ကူးသည့်တိုင်အောင် ကုန်းပေါ်မှနေ၍ စောင့်ရှောက်နေတတ်သေး၏။ ကြက်မ၏မေတ္တာကိုကြည့်လျှင် လင်ပါသား၊ လင်ပါသမီးတို့အား ရန်ရှာနေတတ်သော မိထွေးများမှာ ကြက်မလောက် အဖိုးမတန်တော့ချေ။

## ကြောက်

လင်က မယားကိုကြောက်ရသည်။ မယားက လင်ကို ကြောက်ရသည်ဟူသော အသုံးအနှုန်းမှာ လျော်ကန်သော စကားလုံးမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကြောက်ဆိုသည့် အဓိပ္ပာယ်မှာ ဘေးဥပါဒ် အန္တရာယ်အတွက်သာလျှင် သုံးကြသောကြောင့်ဖြစ်၏။ (လင်နှင့်မယားသည် ဘေးဥပါဒ် အန္တရာယ်များမဟုတ်ကြ။)

## ဝိန်းကြာဖက်တွင်

ဝိန်းပင်၊ ကြာပင်တို့သည် ရေကိုမှီ၍ တည်ရသော အပင်များဖြစ်သော်လည်း ၎င်းတို့အရွက်များပေါ်တွင် ရေတင် ရေစိုမခံကြခြင်းမှာ ကျေးဇူးကန်းရာ ကျပေသည်။

## လူနှင့်ဝိန်းကြာ

အချို့လူတို့မှာ တစ်စုံတစ်ဦးကို အမှီပြုလျက် အကျိုးကျေးဇူးဖြစ်ထွန်းသော်ငြားလည်း ထိုကျေးဇူးရှင်အား ဝိန်းကြာရွက်တို့က ရေကိုအတင်မခံသည်ကဲ့သို့ ပစ်ပယ်တတ်လေသည်။



## နိုင်ကြောက်

ဝိန်းမတစ်ယောက်သည် မိမိလင်အား ကြောက်ရပါသည်ဟု လူရှေ့သူရှေ့၌ ခထာခထာ ဖွင့်ဟပြောတတ်လျှင် တကယ်ကြောက်ခြင်းမဟုတ်။ ဟန်ကြောက်သာလျှင် ဖြစ်ပေသည်။

## အလင်းရို

မှောင်ရိုလုပ်ငန်းဟူသမျှသည် တကယ်အားဖြင့် အလင်းထဲမှာပင် လုပ်ကြသည်သာ ဖြစ်သည်။

## ဝိညာဉ်နှင့်ခန္ဓာ

ဝိန်းမနှင့်ယောကျ်ား တစ်ယောက်နှင့်တစ်ယောက် ချစ်ကြခြင်းသည် ဝိညာဉ်ချင်း ပေါင်းစပ်ခြင်းဖြစ်၍ ညားကြခြင်း ဖြစ်သည်။ ကိုယ်ခန္ဓာချင်းပေါင်းစပ်ခြင်း ဖြစ်လေသည်။

## ရှိန်းပြီးခြင်း

လူတစ်ယောက်သည် အထက်ဆုံးအလွှာသို့ ရောက်သွားလျှင်ဖြစ်စေ၊ အောက်ဆုံးအလွှာသို့ ရောက်သွားလျှင်ဖြစ်စေ၊ စားသောက်နေထိုင်သွားလာမှုအတွက် (ရှိန်းပြီး)လေတော့သည်။

## အလုပ်နှင့်မိတ်ဆွေ

ဒါကတော့ ငါ့တပည့်က အစ်တာပဲ၊ ဒါကတော့ ငါ့

သူငယ်ချင်းရဲ့အလုပ်ပဲ၊ ဒီဥစ္စာကတော့ လူခင်ချင်းမို့ ရက်ရှိန်းလွှဲလဲ့ကြည့်ပြောတာပေါ့ဟုဆိုသော အလုပ်လုပ်သူသည် ဘယ်သောအခါမှ အလုပ်ဖြိုင်ဖြိုင် ရမည်မဟုတ်။

## တော်သလို ပျော်သလို

လူများအတွက် အသိဉာဏ်ပေးနေသော စာရေးဆရာအချို့သည် မိမိအတွက် ဖြစ်သလိုနေ၊ ပျော်သလိုသောက်၊ တွေ့သလိုစား၊ ကြိုက်သလိုအိပ်၊ လုပ်နေကြသည်မှာလည်း ပြုံပြင်စရာတစ်ရပ်တည်း။

## ငရဲထက်ကြောက်စရာ

သူတစ်ပါး မယားကို ပြစ်မှားကျူးလွန်သော ယောက်ျားသည် ပရဒါရကံထိုက်၍ သေလွန်သောအခါတွင် လောဟကုမ္ဘီ ငြေးနီငရဲ၌ ကျမည်ကိုကြောက်သည်ထက် လူကျင့်ဝတ်ဖောက်ဖျက်သူအဖြစ် ပတ်ဝန်းကျင် အပေါင်းအသင်းရှေ့၌ သိက္ခာကျရမည်ကို ပို၍ကြောက်သင့်ပေသည်။

## သနားရှုံ့သာ

ထမင်းစားရရန် အလုပ်လုပ်ပါလျက် ထမင်းကို မစားနိုင်လောက်အောင် (မစားအားလောက်အောင်) အလုပ်လုပ်နေသူ၊ အိပ်စက်နားနေရန် ညတွင် အလုပ်လုပ်နေသူတို့မှာ သနားရှုံ့သာရှိတော့သည်။



## ဒါကတော်သေး

ဘတ်ဒေး ခေါ် မွေးနေ့ညည်ခံပွဲ၊ နာမကာရဏ ခေါ် နာမည်ပေးဟု ပုခက်တင်ပွဲတို့အား ကူညီငွေ ထောက်ပံ့ရသည်ထက် အသုဘကို ကူညီထောက်ပံ့ရသည်က ငွေကုန်ရကျိုးနပ်ပေမည်။

## လင့်အရှိန်

လင်ရှိခြင်း၏ တန်ဖိုးကို လင်မရှိသောအခါမှသိသော မိန်းမများလည်း ရှိပေသေးသည်။

## ငါဟူသောစိတ်

ငါ့မယားဟာ၊ ငါထားရာနေရမယ်ဟူသော လင်သည် အမှန်ပင် တစ်ကိုယ်ကောင်းသမား ဖြစ်ပေသည်။

## ဝါးသာဝါး

ကြာကြာဝါးမည့်သွားသည် အရိုးကြည့်၍သာရှောင်နေလို့မဖြစ်၊ သွားများခံနိုင်ရည်ရှိအောင် အရိုးကိုများများ ဝါးထိုက်လှပေသည်။

## အနိုင်နှင့်အလှ

မိန်းမတို့သည် အိမ်တွင်းသုံးပစ္စည်းအတွက် အနိုင်အခံကို ကြိုက်တတ်ပြီး၊ သူ့အဝတ်အဆင် အလှတွက် အလှအပကို ရွေးတတ်လေသည်။

## ဘယ်တော့မှမမှန်

တောင်းရမ်းစားသောက်သူတို့၏ တီးခတ်သော စည်းသည် မှန်ကန်မှု နည်းလှပေ၏။

## လင်ကလဲ အပြင်လှ

လင်နှင့်မယားတွင် မယားကသာလျှင် အလှပြင်သင့်၍ လင်က အလှအပလုပ်ရန်မလိုဟု မယူဆအပ်ပေ။ မိမိ မယားကိုလှလှပပ ကြည့်မြင်လိုသည့် လင်ကဲ့သို့ပင် မယားကလည်း မိမိ လင်ကိုလှလှပပ မြင်လိုတတ်သည့် သဘာဝရှိသောကြောင့် လင်များလည်း သပ်သပ်ရပ်ရပ် နေထိုက်ပေသည်။

## သိလည်းသိ တတ်လည်းတတ်

အသိနှင့်အတတ်သည် ပူးတွဲနေမှ တန်ဖိုး၏ အထွတ်အထိပ်သို့ရောက်လေသည်။ အသိဖြင့် သိသော်လည်း မတတ် အတတ်ဖြင့် တတ်သော်လည်း မသိဆိုလျှင်ကား တန်ဖိုးရှိလှမည်မဟုတ်ချေ။

## ဒါတော့ လက်ဟောင်း

များသောအားဖြင့် ယောက်ျားတို့သည် လူသုံးပစ္စည်းများဝယ်ယူသောအခါ လက်ဟောင်းကို မက်မောတတ်သော်လည်း မိန်းမကိုမူ အသစ်ကို မက်မောတတ်ကြသည်။

## ပူလဲပူ မဲလဲမဲ

မီးကျီးခဲသည် မီးစွဲနိုက်တွင် လက်ကိုပူ၍ မီးငြိမ်းသော



အခါ လက်ကိုမဲစေ၏။ လင်ဆိုးမယားဆိုးနှင့် ညားမိသော ယောက်ျား၊ မိန်းမတို့သည် ပေါင်းသင်းနေဆဲတွင်လည်း စိတ်ဒုက္ခခံစားရ၍ ကွဲကွာသွားသောအခါတွင်လည်း အမှတ်ထင်၍ ကျန်ရစ်တတ်ပေသေးသည်။

## အားကိုးလိုလှ

မိန်းမများသည် အားငယ်သည့်အမျိုး၊ အားကိုးလိုသည့်စိတ်ရှိလေရကား မိမိထက် ပျော့ညံ့သော ယောက်ျားမျိုးထက် မိုက်တူးတူး ယောက်ျားမျိုးကိုပို၍ မက်မောတတ်လေသည်။

## ဆားမပါလျှင်

ဝက်သားကား ကောင်းသည် မှန်ဦးတော့ ဆားမပါဘဲ မကောင်းနိုင်၊ လက်ဖက်သည်လည်း ကောင်းသည်ပင် မှန်၏။ သို့သော် ဆီဆားမပါလျှင်ကား စား၍ဖြစ်မည် မဟုတ်ပေ။

## ပုခြင်း ထွားခြင်းနှင့် မဆိုင်

သန်မာထွားကြိုင်းလှသော ပထန်လူမျိုးတို့ထက် ပုလှသော ဂျပန်များက ကမ္ဘာတွင် ထင်ရှားနေသည့်မှာ ကြိုးစားခြင်းနှင့် စွမ်းဆောင်မှု၊ စွန့်စားမှုကြောင့်ပင် ဖြစ်ပေသည်။

## လူဟောင်းတွေကြောင့်

ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တု၊ အမြိတ္တစုတ် ဆိုသည်မှာ မူသောက်စွဖြစ်ပါလျက် တစ်နှစ်တစ်ခါ ပြက္ခဒိန်မှာ

ဖော်ပြနေရသည်မှာ ရှေးဟောင်း အယူအဆများကို လက်ခံနေသေးသော လူဟောင်းလူဆွေးအတွက် ဖြစ်ပေသည်။

## ငွေသမားတွေ

လူရိုး၊ လူအအဖို့ မည်သည့် အစိုးရလက်ထက်မှာ ဖြစ်စေ၊ ငွေရေးကြေးရေး ကျပ်တည်းတတ်၍ လူလယ်လူရှုပ်တို့၏အတွက်မူကား မည်သည့် အစိုးရလက်ထက်မှ ငွေမရှားချေ။

## မဆိုင်ရာမှာ မကြွားရာ

ကမ္ဘာက မြန်မာကို မမှီသောကိစ္စတစ်ရပ်ကို လက်ကိုင်ပြုကာ မကြွားအပ်ပေ။ ဥပမာအားဖြင့် နိုင်ငံခြားအများစုက မသုံးတော့သည့် လက်ဖြင့်ထမင်းစားသော ကိစ္စကို မြန်မာကွ၊ ကမ္ဘာက မြန်မာလို မလုပ်နိုင်ဘူးဟု မဆိုင်ရာမှာ ကြွားလေလျှင်ကားမဆိုင်သော အကြွားပင် ဖြစ်ချေသည်။

## ပျော်လွန်းလျှင်

ပျော်ပျော်နေ သေခဲဆိုသော်လည်း အပျော်လွန်၍ သေကြသူတွေက များပေသည်။

## ငယ်သော်လည်းလူကြီး

အသက်ပင် ငယ်သော်လည်း အယူအဆ တိုးတက်သောအမြင်ကို မမြင်သေးသမျှ ထိုသူသည် ရှေးလူကြီးသာ ဖြစ်၏။



## ကောင်းသော် မမှန်

နားထိုင်းသော စောင်းသမား၏ တီးခတ်သံသည် ကောင်းပင်ကောင်းစေဦးတော့ မှန်မည်မဟုတ်။ မှန်ပင် မှန်စေဦးတော့ ကောင်းမည်မဟုတ်ပေ။

## ဘာမစားဖူး ညာမစားဖူး

သူတော်ကောင်းသည်လည်း ကျုပ်က ဘာသားမစားဖူး၊ အသက်မစားဖူးဟု ပြောနေခြင်းထက် အငတ်ခံမှသာ ကြွားရာသို့ မရောက်ပေမည်။

## သတ်သည်ကဲ့သို့

အသသရိုထိုရိုမြင်းသည့်ငင်း၊ မြွေပွေးသည့်ငင်း၊ သားသမွေက သတ်သည်ကဲ့သို့ မိန်းမအချို့သည်လည်း သခွေသတ်တတ်သည်။

## ကာရံနှင့်ကဗျာ

အသီးမှာသရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်ဟူ၍ အရသာတို့၏ အထွတ်အဖူးကို စုပေါင်းရောနှောစရနယ်၍ စားလျှင်ကား ကောင်းမည်မဟုတ်ပေ။ သို့သော် အတတ်ပညာရှင်၊ အသိပညာရှင်နှင့် အလုပ်သမားတည်းဟူသော ၃ ဦးပေါင်းစပ်ကာ ညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်လျှင်မူ အောင်မြင်မှုကို ရမည်သာတည်း။

### အလုပ်ဖြင့်သိ

ပညာရှိဟူသည် ကြော်ကြွားနေစရာမလို၊ အလုပ်ဖြင့် ပညာဖြင့်သာ သိသင့်အပ်ပေသည်။

### အကျိုးပြုစာပေ

စာပေနှင့် အနုပညာသည် ထိပ်တန်းလွှာများအတွက် သက်ရောက်သည့် ဖိမ်ခံစာပေထက် လူထုအတွက် အကျိုးပြု စာပေက ပိုရှိမျှားသင့်ပေသည်။

### အပြင်စားလည်းဖတ်မှ

ကျောင်းမှပြဋ္ဌာန်းထားသော ကျောင်းစာအုပ်များအပြင် ဗဟုသုတများပါသော စာနယ်ဇင်းများကိုလည်း ဖတ်ထား အပ် ပေသည်။

### အမြည်ဆုံးအသံ

စာပေသည် မပျောက်ပျက်သော စကား၊ အမြည်ဆုံး သောအသံ ဖြစ်ပေသည်။

### ဘယ်တော့မှမခါး

ခါးတတ်သော ဘမာပင်၊ ခွေးတောက်ပင်မှာ စွဲသော ပျားအုံမှ ပျားရေသည် ဘယ်အခါမှ ခါးသည်ဟု မရှိပေ။

လူတို့သည် အပေါင်းအသင်းကြောင့် ပျက်စီးရသည် ဆိုခြင်းမှာ မိမိသာ ပဓာနဖြစ်သည်။



### စိတ်ကူးဆောက်ဖြင့်

စာရေးဆရာသည် ပန်းပုဆရာတစ်မျိုးပင်ဖြစ်၏။ စိတ်၌ပေါ်သော သဏ္ဌာန်ရုပ်လုံးကို စာဖြင့်ထုလုပ်ခြင်းသာ ဖြစ် ပေသည်။

### သည်းခံသည်ဆိုရာဝယ်

လူကောင်းကို သည်းခံခြင်းဖြင့် နိုင်သော်လည်း လူမိုက်ကိုကား လက်နက်ဖြင့်သာ နိုင်နိုင်သည်။

### ငယ်လေကြီးလေ

မယားငယ်ငယ်ကို ယူထားသော ယောက်ျား၊ လင် ငယ်ငယ်ကို ယူထားသော မိန်းမတို့တွင် တာဝန်ကြီးတက်လာ သည်ကို မမြင်တတ်ပေ။

### ဖတ်သူကြိုက်ဖို့

လောက၌ အခက်အခဲဆုံးအလုပ်မှာ ဖတ်သူတိုင်း ကြိုက်အောင် ရေးသားရသော စာပေသမားပင် ဖြစ်၏။

### ရေးကြည့်တော့မလွယ်

အချို့က စာရေးတားများ ခက်လွန်းလို့ တို့လည်း ရေးတတ်သားပဲဟု ထင်တတ်ရာ တကယ်ရေးကြည့်၍ မှတ် ကျောက်တင်သောအခါမှ သိလေတော့သည်။

## ကြိုးတန်းပမာ

လောက၌ လုပ်ငန်းတစ်ရပ်ကို လုပ်ဆောင်ရာ၌ ကြိုးတန်းလျှောက်သည်ကဲ့သို့ တစ်ခါလိမ့်ကျ ပြန်တက်၊ နှစ်ခါလိမ့်ကျ ပြန်တက်ဖြင့် အကြိမ်ကြိမ် လေ့ကျင့်လျှင် အောင်မြင်ခဲ့သည်ကဲ့သို့ ဘာမဆို ဤသဘောကို နှလုံးပိုက်ရပေမည်။

## ထိုပမာ

သိန္ဓောမြင်းသည် မည်သူ၏နင်းတံများမှ အတို့အထိမခံ၊ မိမိ တာဝန်ကို မိမိသိသည်ကဲ့သို့ အမှုထမ်း လခစားများသည်လည်း ထုချေလှာမတောင်းမီက ကိုယ့်တာဝန် ကိုယ်ကျေကြရန် လိုအပ်လှပေသည်။

## သူ့အလိုသာဆိုလျှင်

လင်မယားစုံတွဲ အများစုသည် သားသမီးထွန်းကားမည်ဆိုလျှင် ယောက်ျားကလေးကို လိုချင်ကြသည်က များကြခြင်းမှာ မတရားပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ဆန္ဒအတိုင်း သားယောက်ျားကလေးချည်းသာ မွေးကြလျှင် အဘယ်မှာ ယူဦးရေတိုးပါတော့မည်နည်း။

## ပတာနအလုပ်

ဗျာဒိရှုံးဆရာသည် တရေးခြင်းသာ ပတာနဖြစ်၍ ငွေကောင်းကောင်းရသည်ထက် စာကောင်းကောင်း ထွက်ဖို့သာ အာရုံရှိသင့်ပေသည်။



## ဒေသစွဲလိုက်၍က

လူအများသည် အလွန်ပင် ဒေသစွဲကြလေသည်။ နောက်ဆုံး သေချင်းသေလျှင် ကိုယ့်ရပ်ကိုယ့်ရွာ သေပါရစေဟုပင် နေရာရွေးတတ်သူများ ရှိသေးသည်။

## ဘယ်သူမှ မကယ်နိုင်

မဗေဒင်ဆရာ ငွေလိမ်ခံရပြီး နတ်ကတော်ကြီး ပမ္မည်းပျောက်သောအခါ ဂဏန်းဥပဒေကသာလျှင် ကူညီနိုင်ပေသည်။

## ဘယ်တော့မှ အရှုံး

လူ့လောက၌ လူဖြစ်ရခြင်းပင်လျှင် အမြတ်ဖြစ်ရာ ဘာအလုပ်မှာပင် ရှုံးရှုံး၊ အမြတ်ချည်းပင် ဖြစ်တော့သည်။

## လူကျော်နဲ့ လူတော်

လူသည်ကျော်တိုင်း မတော်၊ တော်တိုင်းလည်း မကျော်ပေ။ လူတော်တွေ မကျော်ဘဲနှင့် မတော်သူတွေ ကျော်နေသည်လည်း ရှိသေးသည်။

## တန်ရုံသာစဉ်းစား

လုပ်ရမည့်အလုပ်သည် ၁၀ ကျပ်တန်မျှဖြစ်ပါလျက် ၁၀၀ ကျပ်ဖိုးလောက်တန်သည့် အချိန်ကိုဖြုန်းကာ စဉ်းစား မနေပါနှင့်။

## ကောင်းစွာထပါ

အိပ်ရာထတွင် အကြောင်းမရှိ အကြောင်းရှာကာ

အိမ်မှုကိစ္စ အသေးအဖွဲ့ကလေးအတွက် ရမယ်ရှာ၍ မြည်တွန်တောက်တီးသော မိန်းမသည် ယောက်ျားအလုပ်သွားလျှင် အိပ်တော့မည်သာတည်း။

**အဆဲမတတ် ပြောသလို**

အပြောမတတ်တော့ ဆဲသလိုဆိုသော်လည်း အချို့မှာ စကားပြောရင်း ဆဲသည်ထက် နာအောင်ပြောတတ်လေသည်။

**ယုံကြည်မှုက တစ်ဝက်**

ရောဂါများကို ပျောက်ကင်းစေသော ဆေးတို့မှာ တစ်ဝက်သာ ရောဂါပျောက်စေပြီး၊ ရောဂါသည်၏ ဆေးချက် ယုံကြည်ချက်မှာ တစ်ဝက်ဖြစ်လေသည်။

**ငြိမ်းတိုင်း မှတန်**

တိတ်တိတ်နေ ထောင်တန်၏ဆိုသော စကားပုံကို ဖျက်နိုင်သူတို့မှာ တရားဟောဆရာ၊ ကျောင်းဆရာ၊ အဆိုတော်၊ ဗေဒင်ဆရာတို့မှာ တိတ်တိတ်နေလျှင် တစ်ပြားမှရမည် မဟုတ်ချေ။

**တခြားစီပါ**

အရက်သမားသည် စာရေးဆရာ မဟုတ်သည်ကဲ့သို့ စာရေးဆရာသည်လည်း အရက်သမား မဟုတ်ပေ။

**ကိစ္စတစ်ခုမှ နှစ်ခု**

အကြောင်းအရာတစ်ရပ်၊ ကိစ္စတစ်ခု၊ လုပ်ငန်း



တစ်မျိုးဆိုလျှင် မူ ၂ ခု ဖြစ်တတ်သည်။ အချို့သော မူ ၂ ခု မှာ အမှားတစ်ခု၊ အမှန်တစ်ခု ဖြစ်တတ်ပြီး အချို့မှာ အမှားချည်း ၂ ခုဖြစ်နေတတ်ပေသည်။

အမှန်တရားတွေ့သောအခါတွင်ကား တစ်ခုတည်းသာတည်း။

**အမြုံးနှင့်သမြ**

လူချင်းတွေ့လျှင် ရယ်ပါ၊ ပြုံးပါဟုဆိုသော်လည်း လိုအပ်သည်ထက်ပို၍ အမြဲတမ်းရယ်၍ချည်း ပြောနေလျှင် ထိုသူသည် လူပေါကဲ့သို့ အထင်ခံရမည် အမှန်ပင်တည်း။

**ထောင်တန်စကား**

ထောင်တန်သောစကား ရယ်လျှင်ပျက်ဟု ဆိုသော်လည်း အချို့သော သူတို့မှာ ရယ်စရာကြောင့် တစ်ထောင်မက တန်သည်များလည်း ရှိပေသည်။ ထိုသူများကား လူရွှင်တော် လူပြက်များ ဖြစ်၏။ သိတတ်မှသာလျှင် နားလည်သည်မည်၏။

**နှစ်ဘက် အရှက်ကွဲ**

မိန်းမနှင့်ယောက်ျား ရန်ဖြစ်ကြပြီး တစ်ယောက်နှင့် တစ်ယောက် ငယ်ကျိုးငယ်နာဖော်၍ စကားနိုင်ပြောကြရာ နှစ်ဘက်စလုံး အရှက်ကွဲရလေတော့သည်။

**ချန်ထားပေမဲ့ မပွား**

ဒေါသကို မြိုးချန်ထားသော်လည်း ထိုဒေါသသည်

စုဆောင်းမိသကဲ့သို့ များ၍မလာပေ။ မြိုးချန်လေလေ၊ လျော့ပါး လေလေဖြစ်၏။

## ထန်းသီးကြွေခိုက်

ကမ္ဘာ့ခေါင်းဆောင်တစ်ဦးဦး၏ ပါးစပ်၌ အရက်ခွက်ကလေး နှုတ်ခမ်းတေ့ခိုက်နှင့် ကမ္ဘာ့လူသားတစ်ဦး အစာငတ်၍သော်၎င်း၊ ဆေးဝါးမဖူလုံ၍သော်၎င်း၊ သေဆုံးခိုက်နှင့် မကြုံဟု မရှိနိုင်ပေ။

## လုပ်ရင်းပါသွားသူ

နိုင်ငံရေးလုပ်ရင်း ကိုယ်ရေးကိုယ်တာဖက်သို့ပါ၍ ပါ၍သွားတတ်သူများလည်း ရှိတတ်ပေသေးသည်။

## နေရာနှင့်နေရာ

အခါအခွင့်နှင့် သတ္တိကို နေရာတကာ မသုံးသင့်ပေ။ ဥပမာ ဖဲရှုံးနေခိုက် မိုက်ရွဲကြီး သတ္တိကောင်းနေလျှင် လူပါ ပေါင်ရမည်သာ ဖြစ်သည်။

## ခေတ်နှင့်လူ

ဘယ်ခေတ်ပြောင်းပြောင်း ကောင်းစားနေသူများသည် ယုံကြည်ရမည့်သူများ မဟုတ်။

## လုပ်သူအခက်

အလုပ်ကို လုပ်နေသူအဖို့ မည်မျှခက်ခဲစေကာမူ



လွှပ်၍ အလုပ်ကို မလုပ်ဘဲနေသူမှာ မည်မျှပင်လွယ်အောင် အလုပ်ဖြစ်စေကာမူ ခက်ခဲနေမည်သာ ဖြစ်၏။

## စိတ်အားကိုသုံး

ရေအားဖြင့် လျှပ်စစ်အားကို ထုတ်ယူ၏။ လေအားဖြင့် ရွက်တိုက်ကာ ခရီးသွားနိုင်၏။ မိမိ ပိုင်သောစိတ်အား ကိုယ်အားကို မိမိမသုံးတတ်သူသည် လူမဟုတ်တော့။

## ရှက်စရာ

တစ်ကျပ်သား အလုပ်လုပ်ရာတွင် တစ်မတ်သား လောက်အောင်မြင်ကာမျှဖြင့် လူကြွားလုပ်နေသူမှာ ရှက်စရာ အကောင်းဆုံးသူသာ ဖြစ်သည်။

## သွေဖီဖောက်ပြန်၍ ဥပဒေရှိရ

လူအများတို့တွင် မူမမှန်သော ဖောက်ပြန်သော စိတ်၊ သွေဖီလိုသောစိတ်တို့က တစ်ဖက်၊ ထိုသို့သော သွေဖီမှု ဖောက်ပြန်မှုတို့အား ဖိနှိပ်သည့်ဘက်က တစ်ဖက် အမြဲတမ်း တိုက်ခိုက်လျက်ရှိလေသည်။

## ဓာတ်ဆီနှင့် ကာမ

ဓာတ်ဆီသည် အေးမြ၍ နေသည်ကို လူ့အသားနှင့် ထိတွေ့သည့်အခါတိုင်း သိနိုင်ပေသည်။ သို့သော်လည်း မီးနှင့် တွေ့လျှင်မူကား အပူဆုံးသော မီးတောက်ကို ဖြစ်စေတတ် ပေသည်။

ထို့အတူ ဗိုသည့်ငှင်း၊ မသည့်ငှင်း မူလမှာ အေးမြသော သဘောရှိသော်လည်း ကာမနှင့်တွေ့သောအခါတွင် မီးနှင့်တတ်ဆီတွေ့သည်ကဲ့သို့သာတည်း။

## ငယ်ငယ်ကစ

ခန္ဓာကိုယ်ကျန်းမာရေးတွင် ရောဂါကလေးတစ်ခု ဝင်လာသည်မှအစ တစ်ကိုယ်လုံး သေဆုံးနိုင်သည်ကဲ့သို့ စိတ်အားနိုင်မာရေးတွင်လည်း အပျက်အရှုံးကလေးတစ်ခုမျှ ရှိလာလျှင် စီးပွားရေး၌ ကျဆုံးတော့မည်သာတည်း။

## ရက်စက်ပါပေ့ကွယ်

တိရစ္ဆာန် အချင်းချင်း ရက်စက်ပုံ၊ တိရစ္ဆာန်က လူ့အပေါ်ရက်စက်ပုံတို့ထက် လူလူချင်း ရက်စက်ပုံမှာ အဆမတန် ရိုင်းစိုင်းလှပေသည်။

## ခဏရို့ တော်တော့သည်

ကာမဆန္ဒသည် ၂၄ နာရီတွင် တစ်ကြိမ်ကြိမ်မျှ လောက်ပေါ်၍သာ တော်တော့သည်။ ၁ နာရီလျှင် တစ်ကြိမ်လောက်များ ပေါ်နေမည်ဆိုလျှင်ကား လူတွေ၏ လောဘ၊ ဒေါသ၊ မောဟတို့မှာ ဆိုဖွယ်ရာရှိတော့အံ့မထင်။

## လုပ်တိုင်းမဟုတ်

လူတစ်ယောက်သည် နေ့မအား၊ ညမအား အလုပ်လုပ်သည် ဆိုကာမျှနှင့် မချီးမွမ်းအပ်သေး လုပ်သမျှ အများချည်းလိုလိုဖြစ်နေလျှင် ကဲ့ရဲ့ဖြစ်တင်ရမည်သာ ဖြစ်ပေသည်။



## ကလေးနဲ့လူကြီး

ကလေးလဲခြင်းနှင့် လူကြီးလဲခြင်းတို့တွင် နာကျင်ပုံခြင်းမတူပေ။ လူကြီးလဲခြင်းမှာ ပို၍နာကျင်တတ်ပေသည်။ (ကလေးသည် မကြာခဏ လဲနေကျဖြစ်၍ အလေ့အကျင့်နိုင်၍ လူကြီးမှာ လဲကျမှုနည်းပါးခဲ့သောကြောင့် ဖြစ်ပေသည်)

## အနုနှင့်မရ အကြမ်း

နူးညံ့သိမ်မွေ့လှစွာသော ဘာသာတရားများ လူဆိုးများကို မလိမ်မာစေနိုင်သောအခါတွင် ကြမ်းတမ်းခက်ထန်သော ဥပဒေများဖြင့် လိမ်မာစေရတော့သည်။

## ဖတ်တတ်ဖို့

စာဖတ်တတ်ရုံမျှဖြင့် သတင်းစာကို ဖတ်တတ်ပြီဟု မမည်၊ သတင်းစာပါ အဓိပ္ပာယ်ကို (သတင်းစာတို့၏ အလေ့အထ အမူအကျင့် ပရိယာယ်အရ သိတတ်မှသာလျှင် နားလည်သည်မည်၏။)

## ငါဟူသောအစွဲ

ယောက္ခမနှင့် ချွေးမ၊ သမက်တို့ မတည့်ခြင်းမှာ ယောက္ခမများကလည်း ငါ့သား၊ ငါ့သမီးပဲ။ ငါ့ပစ္စည်းပဲဟူသော မာန်။ ချွေးမ၊ သားမက်တို့ကလည်း ငါ့လင်၊ ငါ့မယားရဲ့ ပစ္စည်းပဲဟူသော မာန်မနတို့ကြောင့် မတည့်ခြင်းဖြစ်ပေသည်။

## ဝိနိသူနှင့် ဝသူ

ဝဖြောသူများထက် ဝိနိသောသူများက ပို၍လည်း

စားနိုင်ပြီး၊ ပို၍လည်း ကျန်းမာလေသည်။ တစ်ပြားမှရမည် မဟုတ်ချေ။

## နည်းနည်းရသူနှင့် များများရသူ

လခနည်းနည်းရသူက အလုပ်များများလုပ်ရပြီး၊ လခများများရသူက အလုပ်နည်းနည်းလုပ်ရခြင်းမှာ မမျှတဟု ယူဆနိုင်ရန်ရှိသော်လည်း ဘာဝန်ကြီးခြင်းနှင့် ပညာခြင်းမှာ ခြားနား၍သာဖြစ်တန်ရာ၏။

## သို့ကြောင့်

မပြောခဲ့ဘဲ ဆုံးရှုံးဖူးသူ၊ ပျက်စီးဖူးသူအဖို့မှာ စိတ်နလုံးထိခိုက်ခက်ခဲသော်လည်း တစ်ခါမှ မဆုံးရှုံးဖူးဘဲ ဆုံးရှုံးခဲ့လျှင် အလွန်လျှင် စိတ်ပျက်တတ်လေသည်။

## မီးခြစ်အဘိဓမ္မာ

မီးခြစ်ဆံနှင့် မီးခြစ်ဘူးကို ကံညာဏ်ဟု သဘောထားပြီး နှစ်ခုပေါင်းစပ်ကာ ပွတ်တိုက်ပေးခြင်း၊ ဝီရိယပါမှသာလျှင် မီးတောက်ကို ရနိုင်လေသည်။

## ရေးတတ်ကြလျှင်

စာရေးတတ်သူတိုင်းသာ စာရေးဆရာဖြစ်ကြမည်ဆိုလျှင် မည်သူ့စာမှ မည်သူကပြန်၍ ဖတ်ကြမည် မဟုတ်တော့ပေ။

## လောဘကြောင့်

လောဘကြီးလေ အလုပ်များလေ၊ အလုပ်များလေ



စိတ်မအားလေ။ အစာမကျေလေ မစားနိုင်လေ။ မစားနိုင်လေ မကျန်းမာလေ။ မကျန်းမာလေ အသက်တိုလေ။

## မဆလာသည်

မဆလာသည် ယနေ့တွင် အပေါ်စား ဖြစ်နေရသော်လည်း ကိုလန်ဘတ်ခေတ်၊ မာကိုပိုလိုတို့ခေတ်က တကယ့်ရှားပါး၍ အဖိုးတန်သော ပစ္စည်းဖြစ်ခဲ့သည်မှာ နောက်ဆုံးစစ်ပွဲဖြစ်ရသည်အထိပင်။

## နို့တိုက်တတ်မှ

လင်ယူတတ်ရုံ၊ ကလေးမွေးတတ်ရုံဖြင့် သားကောင်းမိခင် မခေါ်နိုင်ပေ။ ကလေးကို နို့တိုက်တတ်မှသာ သားကောင်းမိခင်ဟု ခေါ်ရပေမည်။

## မျိုးချခြင်းသာ

မကောင်းမှု ပြုထားခြင်းသည်၎င်း၊ ကောင်းမှုပြုထားခြင်းသည်၎င်း ဘဝတစ်လျှောက်လုံးအတွက် အပင်စိုက်ထားခြင်း၊ မျိုးချထားခြင်းနှင့် များစွာတူညီလေသည်။

## လူနှင့်ဈေးနို့

အပေါ်ယံကြော်မှုရသော မလိုင်၏ အရသာရှိပုံကောင်းပုံကို ချီးကျူးမည်ဆိုပါလျှင် အဆီနုတ်ခံရသော ဈေးနို့တွင် အရသာ လျော့ပါးသွားသည်ကိုလည်း ပြန်၍သုံးသပ်ပါ။ (လူချမ်းသာကြီးများ၊ စည်းစိမ်ခံကြီးများ ကောင်းစားလေလေ ဆင်းရဲသားများ နစ်နာလေလေ)။

## လှပရုံသာမဟုတ်

မိန်းမများ သနပ်ခါးစသော အမွှေးနံ့သာ လိမ်းကျံခြင်း၊ ပန်းပန်ခြင်းတို့မှာ အလှအပအတွက်ချည်းသာမဟုတ်၊ ကိုယ်မှထွက်သော အနံ့အသက်ဆိုးတို့ကို ကာကွယ်စေခြင်းလည်းပါလေသည်။

## ချိန်ခွင်သည် အမှန်

လူတို့လုပ်ထားသော ချိန်ခွင်သည် အလွန်တရာ သမာဓိရှိသော ပစ္စည်းဖြစ်လေသည်။ သို့သော်လည်း ထိုချိန်ခွင်ကိုမမှန်မကန်ဖြစ်အောင် လူတို့က ဖျက်ဆီးတတ်ကြလေသည်။

## မရှိဟု မဆိုနိုင်

သူတစ်ပါးကို အပြစ်ပေးသူတိုင်း ထိုအပြစ်မျိုး ကျူးလွန်ခဲ့ဖူးခြင်းမရှိဟု မဆိုနိုင်။

## သူသာမရှိလျှင်

ဤလောက၌ အချင်းသူသော ကိစ္စကြီးတစ်ခုသာ ဆိတ်သုဉ်းပျောက်ကွယ်သွားမည်ဆိုလျှင် လုပ်ငန်းတွေလည်း ငြိမ်သက်သွားပြီး ဝတ္ထုစာအုပ်တွေလည်း ထွက်လာတော့မည်မဟုတ်ပေ။

## အစားနှင့်စကား

စကားများလျှင် အမှားပါတတ်သည်ကဲ့သို့ အစားများလျှင် အဖျားအနာဖြစ်တတ်သည်။



## လူအနှင့် လူပေါ

စကားမပြောလျှင်လည်း လူအ ဖြစ်၍၊ စကားပြောလွန်းလျှင်လည်း လူပေါ ဖြစ်တတ်လေသည်။

## မဝေးနဲ့

နေးလွန်းလျှင် ကြာတတ်၏။ ကျေးလွန်းလျှင်လည်း ဆာတတ်၏။ ပေးလွန်းလျှင်လည်း နာတတ်၏။ ဝေးလွန်းလျှင်လည်း ပါတတ်၏။

## လူသံသရာ

ပွဲတော်တစ်ခု၌ လူစည်သည်ဟု သတင်းဖြစ်ပြားအံ့၊ ထိုပွဲတော်သို့ နောက်ထပ်လူများ သွားတတ်ကြလေရာ လူစည်လေ လူတွေသွားလေဖြင့် လူတွေသွားလေ နောက်ထပ်လူတွေသွားလေဖြင့် သံသရာလည်သွားခြင်း ဖြစ်လေသည်။

## မဆန်းတော့သလို

လူ့ခန္ဓာကိုယ်၌ တိရစ္ဆာန်တို့၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ဆင်တူရှိများ ပါလာသောအခါတွင် ထူးထူးဆန်းဆန်းဖြစ်သော်လည်း လူ့စိတ်အတွင်း တိရစ္ဆာန်စိတ်များ ဝင်နေကြသည်ကို ထူးဆန်းသည်ဟု မထင်ကြတော့ပေ။

## အမှားနှင့် အစား

တရားပျက်လျှင် အမှားဘက်ပါတတ်သည်။ အစားမက်လျှင် အမျှားထက် ဆာတတ်သည်။

## ချစ်၍ ချစ်သည်

အလုပ်ကို သင်ကချစ်မှသာ အလုပ်က သင့်ကို ချစ်မည်။

## ကလေးနှင့်လူကြီး

ကလေးသည် လူကြီးလျှော့င်းလျှာ ဖြစ်သည်။ လူကြီးက ကလေးလောင်းလျှာ မဖြစ်စေသင့်။

## ထီးနှင့်ဖိနပ်

မှုဟောင်းကို ပြုပြင်ပြောင်းလဲရာတွင် ထီးကို ဖိနပ် လုပ်ကာစီး၍ မဖြစ်နိုင်ပေ။

## ဉာဏ်မကန်းလျှင်

မျက်စိကန်းသော်လည်း ပညာဉာဏ် မကန်းလျှင် ကောင်းသူထက်ပင် မြင်နိုင်၏။ မျက်စိပင် မြင်သော်လည်း ပညာဖြင့် မမြင်တတ်လျှင် ထိုသူသည် အတန်းထက်ပင် ကန်းသူမည်၏။

## လှုပ်ရှားမှု တိုးတက်

ရေကန်၌ရှိသော လှုပ်ရှားရွေ့လျားခြင်းမရှိသော ရေသည်ကြာသော် ပုပ်တတ်သော်လည်း မြစ်ချောင်းတို့၌ အမြဲ လှုပ်ရှားရွေ့လျားနေသော ရေသည် မပုပ်နိုင်ပေ။

လူတို့သည်လည်း တည်ငြိမ်နေလျှင် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေးတို့မှာ ဆုတ်ယုတ် လျက် လှုပ်ရှားနေမှ တိုးတက်လေသည်။



## ကျေးဇူးသိသရော

အဖေနှင့်အမေ မည်သူက ကျေးဇူးပို၍ ကြီးမည်ကို အဘယ်သူမှ မဆုံးဖြတ်အပ်ပေ။

## တစ်နေ့တာ

တစ်နေ့တာ အလုပ်ဇယားကို တွက်ကြည့်လျှင် အဓိပ္ပာယ်ရှိသောကိစ္စထက် အဓိပ္ပာယ်မဲ့သောကိစ္စများက များ သည်လည်း ဖြစ်တတ်၏။

## အသုံးချတတ်လျှင်

အသုံးချတတ်လျှင် ဘာမဆို အဖိုးတန်လေသည်။ ပင်နီဆလင်သည် မှိုကလေးများမှ ရသော ဆေးဖြစ်ခဲ့သည်။

## အမှားများသော်

အလုပ်များလျှင် အမှားပါတတ်၍ အမှားများလျှင် အလုပ်ပျက်စီးတတ်လေသည်။

## မမျှော်လင့်ဘဲ

လောကတွင် ထင်သောအရာများထက် မထင်သော (မမျှော်လင့်သော) အရာများက ပို၍တွေ့တတ်လေသည်။

## ဦးခေါင်းနှင့် သားမြတ်

လူတစ်ကိုယ်လုံးတွင် မည်သည့်နေရာတွင် အမြင့် ဆုံးထားသနည်းဟူမူ၊ အချို့က ဦးခေါင်းဟု ဆိုပေလိမ့်မည်။

သို့သော်လည်း ဦးခေါင်းကို မြတ်သည်၍မခေါ်၊ မိန်းမများ၏ နို့ကိုမူ သားမြတ်ဟု ခေါ်လေသည်။

## ဖျင်းသောရောဂါ

၉၆ ပါးသော ရောဂါတွင် မပါသော်လည်း ဖျင်းသော ရောဂါသည် အသက်ကိုပင် သေစေနိုင်၏။

## အရှက်ကြောင့်သေ

အရှက်သည် ရောဂါမဟုတ်သော်လည်း ထိုအရှက်ကပင် အသက်ကို ထိပါးနိုင်လေသည်။

## အဓိကကျကျ

သားမြတ်ဟု ခေါ်ခြင်းမှာလည်း ခေါ်ထိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူဖြစ်မှု၏ အရင်းအမြစ်တွင် သူမပါလျှင်မပြီးသောကြောင့် ဖြစ်ပေသည်။

## အလုပ်များသော်

အစားများလျှင် တစ်ခဏသာ ရောဂါရနိုင်၍ ကိုယ်ကျင့်တရားများလျှင်၊ အလုပ်များလျှင် တစ်သက်တာ ရောဂါရလေသည်။

## အလင်းငယ်လျှင်

အမှောင်ထုထဲ၌ အလင်းရောင် အငယ်သည် ပပျောက်သွားသည်ကဲ့သို့ မကောင်းမှု ထုထည်ကြီးသောသူတွင် ကောင်းမှု အနည်းငယ်သည် မထိုးဖောက်နိုင်ချေ။



## အသားနှင့်အသီး

အသားစားခြင်းသည်လည်း အသီးအရွက်ကို စားခြင်း တစ်မျိုးပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အသီးအရွက်များကို တိရစ္ဆာန်တို့က စားသောကြောင့် ဖြစ်၏။

## လှလေကြိုက်လေ

မိန်းမတို့သည် လှပလေလေ၊ လှချင်လေလေဖြစ်၏။ ယောကျ်ားများကမူကား ထိုအလှကလေးများကို ရလေလေ၊ ထပ်၍ထပ်၍ လိုချင်လေလေ ဖြစ်လေသည်။

## အဖိုကလှ၏

တိရစ္ဆာန်လောကတွင် အဖိုနှင့်အမသည် အဖိုကသာ ပို၍လှပပြီး အမတို့မှာ အလှအပ နည်းပါးလေသည်။ လူတို့မှာလည်း ယောကျ်ားများက လှပကျက်သရေရှိ၍ မိန်းမများက ယောကျ်ားများ၏ နဂိုအလှကိုမှီရန် ပြုပြင်ခြယ်သရခြင်း ဖြစ်လေသည်။

## ကျားဆိုသည်မှာ

ကျားတို့သည် နို့စို့၊ နို့တိုက်များပင် ဖြစ်သော်လည်း မိခင်၏ နို့ကိုတိုက်ရိုက် မစို့ရချေ။ ကျားမကြီးက တစ်နေရာတွင် ညှစ်ချခဲ့သော နို့ကိုတွေ့မှသာ မှီဝဲရလေသောကြောင့် မွေးစကတည်းက ကိုယ့်ဘဝကိုယ်ရုန်းကန်ခဲ့ရလေသည်။

## ရွှေဆောင်နှင့် နောက်လိုက်

တစ်စုံတစ်ဦးက တစ်စုံတစ်ရာကိုလုပ်မှ ကောင်းလေ

ခြင်းဟု လက်ခုပ်တီး ဩဘာပေးသူမှာ နောက်လိုက်သာဖြစ်၍ တစ်စုံတစ်ဦးက တစ်စုံတစ်ရာကို မလုပ်မီ မည်သို့လုပ်လျှင် မည်မျှကောင်းမည်ဟု ပြောရဲမှ၊ ရေးရဲမှသာ ရှေ့ဆောင်သမား မည်ပေမည်။

## ချီးမွမ်းစရာ

အလွန်တရာ လှချင်ပချင်သော အမျိုးအနွယ်ဖြစ်သည့် မိန်းမများအစုက် ကတုံးရိပ်ကာ သီလရှင်ဝတ်သူများမှာ ချီးမွမ်း ဖွယ်ရာ ကောင်းလှပေသည်။

## မိန်းမကြီးနှင့် ယောက်ျားကြီး

အသက်ကြီးသော ယောက်ျားက အသက်ငယ်သော မိန်းမကိုယူ၍ တင့်တယ်သော်လည်း အသက်ကြီးသော မိန်းမက အသက်ငယ်သော ယောက်ျားကိုယူလျှင် မတင့်တယ်ချေ။

## ဝေဖန်သည်ဆိုရာဝယ်

စာအုပ်နှင့် ရုပ်ရှင်တို့ကို ဝေဖန်သည်ဆိုသော် ဆရာ အချို့သည် ကြော်ငြာရေးခြင်းသာ ဖြစ်နေသေး၏။

## သေမင်းဟူသည်

မမြင်အပ်သော သေမင်း နှစ်ခုမှာ တစ်ခုသည် လျှပ်စစ် ဓာတ်ကြိုးဖြစ်၍ တစ်ခုမှာ ဖောက်ပြန်တတ်သော မိန်းမ (သို့ မဟုတ် ယုတ်မာသော ယောက်ျား)ဖြစ်လေသည်။



## နှစ်ထပ်ဝတ်ရန်

မိန်းမများထက် ယောက်ျားများက လုံချည်နှစ်ထပ် ဝတ်သင့်ပေသည်။

## ဒီအလုပ်

အရောင်းအဝယ် လုပ်ငန်းလောက် ပရိယာယ်များ သောအလုပ် လောက၌မရှိချေ။

## ရွှေနဲ့လောက်

ငပိနဲ့လောက် ရွှေနဲ့ကျောက် ဆိုသော်လည်း ရွှေနဲ့ ကျောက်သာ တင့်တယ်၍ ငပိနဲ့လောက်မှာ မတင့်တယ်ပေ။

## ဆရာ

ဆရာဆိုသူတို့သည် ဆေးဆရာသည် လူနာများ အပေါ်တွင်၄င်း၊ ကျောင်းဆရာသည် ကျောင်းသား၊ ကျောင်းသူ များအပေါ်တွင်၄င်း၊ အစစအရာရာ ချိန်ဆရသောကြောင့် ဆရာ ဟုခေါ်ဆိုကြခြင်း ဖြစ်ရာ မချိန်ဆဘဲ ငွေရပြီးရောဟူသော သူမျိုးကို ဆရာမခေါ်ထိုက်ပေ။

## သွေးနဲ့မျက်ရည်

မျက်ရေထွက်ခြင်းသည် ဝမ်းနည်းဖွယ်အတွက် ဟဒယ နှလုံးဖြင့် ချယ်အပ်သော သွေး၏အဆီဖြစ်သဖြင့် နမြောဖွယ် ကောင်းသောကြောင့် အလဟဿ မဖြုန်းတီးအပ်ပေ။

## နည်း ၂ နည်း

လူတန်းစားချင်း ပဋိပက္ခမှုကို နည်းပရိယာယ်ဖြင့် ဖြေရှင်းမရ၊ သေနင်္ဂဗျူဟာဖြင့် ဖြေရှင်းမှသာ ရနိုင်မည်။

## အုပ်ချုပ်ပုံဖြတ်လမ်း

သားသမီးတို့အပေါ် အုပ်ချုပ်နည်းဖြတ်လမ်းမှာ မိမိငယ်စဉ်က မည်သည့်အရွယ်၌ မည်သည့်ဆန္ဒမျိုးရှိသည်ကို ကိုယ်ချင်းစာကြည့်ကာ လိုက်လျောတန်သမျှ လိုက်လျောသည့်နည်းဖြစ်၏။

## တစ်ခါတရံ

အချို့သော အလုပ်တို့တွင် ကျွမ်းကျင်သူတို့ပေါ့တန်စွာ လုပ်သည်ထက် မကျွမ်းကျင်ဘဲ အာရုံစိုက်၍ လုပ်သူက ပို၍အောင်မြင်သည်လည်းရှိ၏။

## ငြိမ်သက်မည်

ဘာသာတရားတို့၏ ဆုံးမချက်သာ လူများအားလုံးလိုက်နာကြလျှင် မည်သည့်ရာဇဝတ်မှုများဖြစ်မည် မဟုတ်တော့ချေ။

## သူသေ ကိုယ်သေ

မိန်းမတွေသာ သေဆုံးကုန်လျှင် ယောကျ်ားတွေလဲ သေဆုံးကုန်မည်သာ ဖြစ်သည်။



## အလုပ်သမား

ယောကျ်ားသည် အလုပ်သမားဖြစ်လျှင် မိန်းမသည် ထိုယောကျ်ား၏ လုပ်ခကိုစားသော အချောင်သမား မဖြစ်သင့်။

## ဆောင်ထားရန်

နီတိဟူသည်မှာ ဖတ်ထားရုံမျှသာ မဟုတ်၊ ဆောင်ထားရသော၊ မှတ်သားရသော၊ ကျင့်သုံးရသော အကြောင်းအရာဖြစ်ပေသည်။

## နီတိဟူသည်

နီတိသည် ပညာရှိမှသာ ရေးနိုင်သည်မဟုတ်၊ ဘဝအဖုံဖုံ ကြုံတွေ့ကျင်လည်ခဲ့ဖူးသူတိုင်း ရေးနိုင်ပေသည်။

## အလုပ်နှင့်ကတိ

အများနှင့် ဆက်ဆံရသော အလုပ်ကြီးတွင် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ အလုပ်အင်သူနှင့် ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ၊ ကတိဝတ္တရားပျက်လျှင် ကောင်းသောအလုပ်ရှင် မဟုတ်ပေ။

## သေခြင်းသည် သာမညဒုက္ခ

လူတို့သည် သေခြင်းတစ်ခုတည်းကိုသာ ကြောက်နေကြသော်လည်း၊ သေခြင်းထက် ဆိုးရွားသော ဒုက္ခများကို မကြာမကြာ တွေ့နေရသောအခါတွင် ထိုဒုက္ခကို ကြောက်ရမှန်း မသိကြတော့ပေ။

## သေမှတွေးလျှင်

တို့အသက်က ၈၀ တန်းမှာပဲ၊ သေဘက်နီးပါပြီဟု တွေးတောယုံကြည်သူသည် ၈၀ မရောက်မီမှာပင် သေတတ်ကြလေသည်။

## ဗိုင်ပြီမထင်နှင့်

သင်နှင့်ညားသော မိန်းမတိုင်း သင်ပိုင်သော မယားဟု မဆိုနိုင်ချေ။

## သူ့ဒုက္ခတော့ ကြည့်ချင်သိချင်

လူတို့သည် မိမိကိုယ်တိုင် ပူဆွေးဒုက္ခရောက်ခြင်း၊ ငိုကြွေးခြင်းတို့ကို မခံလိုသော်လည်း သူတစ်ပါးပူဆွေးဒုက္ခရောက်ခြင်း၊ ငိုကြွေးခြင်းကိုမူကား ကြည့်လိုကြားလိုကြသည်မှာ တရားသောကိစ္စ မဟုတ်ပါပေ။

## အလှနှင့်အကျိုး

ဆင်းရဲသားကလေးတစ်ယောက် လှပသော်ငြားလည်း၊ မိဖုရား၏ လင်လေးဖြစ်စရာ အလားအလာဝေး၍ ဆင်းရဲသူကလေးတစ်ယောက် လှပပါမူကား တော်ကောက်ခံရသူတို့ကများလေသည်။

## အပုကောင်း

အရပ်ပုသော လူများကို အချို့က အထင်မကြီးကြခြင်းမှာ မှားသောအမြင်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော်



ပုသောလူများတွင် သွက်လက်ခြင်း၊ အရွယ်တင်ခြင်း၊ အသက်ရှည်ခြင်း စသည်များတို့သည် အရပ်ရှည်သော လူများထက် ခံစားကြရလေသည်။

## ထို နှစ်ဂိုဏ်း

မိန်းမပျော်များ အသက်ကြီးသောအခါ နတ်ကတော်ဖြစ်ရန်ကြိုးစားကြ၏။ ယောကျ်ားပျော်များ အသက်ကြီးလာသောအခါ ဝိဇ္ဇာဂိုဏ်းသို့ ဝင်တတ်ကြ။

## သနားခြင်းလော၊ ကြွားခြင်းလော

တမလွန်သို့ ကူးသောအခါတွင် ဘယ်ဘဝရောက်မည်ဟု မည်သူမျှ မပြောနိုင်သော အယူအဆရှိသည်ဆိုပါလျက် နှစ်ပတ်လည်တွင် အမှုဝေစာတမ်းကို သတင်းစာမှ ဖျစ်ဖျစ်ညှစ်ညှစ် ရေးနေကြသည်မှာ သေသူကိုသနား၍လော၊ ဂုဏ်ပုဒ်တွေကို ကြွားချင်၍လား မပြောတတ်တော့ပေ။

## ငါ့အတွက်နှင့် တိုင်းပြည်အတွက်

မနက်အိပ်ရာမှနိုးလျှင် ယနေ့ငါ့အတွက် ဘာလုပ်မည်။ တိုင်းပြည်အတွက် ဘာလုပ်မည်ဟု တွေးပြီး အိပ်ရာဝင်လျှင် ငါ့အတွက် အဘယ်မျှ အောင်မြင်၍ တိုင်းပြည်အတွက် အဘယ်မျှ လုပ်မိသည်ကို စာရင်းပိတ်ကြည့်ပါ။

## ရပ်ထားခဲ့သော်

မီးရထားတိုက်မှုများ၊ လမ်းချော်မှုများ စည်းပါးရန်

အတွက် အမြန်နှုန်းကို လျှော့၍ရုတ်စေသည့် နမူနာအတိုင်း ဘတ်စ်ကားများလည်း ရပ်ထားလျှင် ပို၍ကောင်းပေလိမ့်မည်။

### မြင်ရပြီးရော

အယ်ဒီတာအချို့သည် စာရေးဆရာလောက် မသိမတတ်သော်လည်း၊ မြင်ရလျှင် ပြီးရောဟု မြင်တတ်ခြင်းသာ ဖြစ်၏။

### ထိုပညာ

အပျိုပေါက်ကလေးတို့သည် ယောကျ်ားကြီးများထံမှ လိင်ပညာသင်တတ်သော်လည်း လူပျိုပေါက်တို့မှာမူကား ပြည့်တန်ဆာတို့ထံမှ လိင်ပညာသင်ယူတတ်ကြလေသည်။

### အပြတ်သာပေး

ဂိတ်ဆွေချင်း ငွေလာ၍ချေးလျှင် တတ်နိုင်သလောက် အပြတ်သာပေးလိုက်ပါ။

### ရှေ့တွင်တစ်မျိုး

မိန်းမသည် သူ့ရှေ့၌ အနည်းငယ်ကပ်စေးနဲသည်ကို ယုံကြည်မိလျှင် ကွယ်ရာ၌ များစွာဖြုန်းပစ်သည်ကိုပါ ယုံကြည်တတ်လေသည်။

### ဖလိုက်ဖရော

ရှေးစာဆိုတော်ကြီးများသည် ဘုန်းတော်ဘွဲ့များကိုသာ



ရေးကြသည်ဟူသည့် သဘောများရေးသော ခေတ်စာရေးဆရာအချို့သည်လည်း ဖလိုက်ဖရော ရေးတတ်ကြသည်။

### မျိုးပြတ်တတ်သည်

အပင်မှ ထွက်သမျှ အသီးအပွင့်တို့ကို အကုန်သာ စားပစ်လျှင် နောက်တစ်ပင်စိုက်စရာ မျိုးပါပြတ်သွားတတ်ပေသည်။

### နာရီပါပဲ

လက်ပတ်နာရီ အဘိုးတန်ကြီးများသည်လည်း ၂၅ နာရီတီး၍ မပြနိုင်ပေ။

### ခံစားချက် နိတိများ

စာအုပ်များကို ဖတ်ရာမှရသော နိတိများထက် ဘဝ၌ တွေ့ကြုံရင်း တွေးတောရေးရသော ခံစားချက်နိတိများက ပို၍ အနှစ်သာရရှိလေသည်။

### လူနှင့်တိရစ္ဆာန်

တိရစ္ဆာန်အချို့သည် ဘီလူးစည်း၊ လူ့စည်းရှိကြလေသည်။ တောကြက်သည် ကိုယ့်တောမှာသာ ကိုယ်ကျက်စား၍ သူတစ်ပါးနယ်ကို မချဲ့တတ်ပေ။ လူများမှာမူကား တစ်မိုးလုံး ဖျောက်ဆိတ်လုပ်ကာ အလွန်နယ်ချဲ့တတ်သည်မှာ တိရစ္ဆာန်ထက် ဆိုးသော အပြုအမူ ဖြစ်ပေသည်။

## အတတ်နှင့်အတော်

စာတတ်တိုင်း ပညာတတ်သည်မဟုတ်၊ ပညာတတ်တိုင်း ငွေရသည်မဟုတ်၊ ငွေရတိုင်း လူတော်မဟုတ်၊ လူတော်တိုင်း လူကောင်းမဟုတ်။

## လူကြိုက်များလျှင်

စာရေးဆရာသည် နာမည်တက်၍ အရောင်းတက်လာ၍မှ ပေါ့ပေါ့ဆဆနှင့် များများရေးလာသောအခါတွင် ငွေကြေးရသော်လည်း ရော့်၍လာတတ်သကဲ့သို့ မိန်းမလှကလေးများသည်လည်း ရည်းစားများလာသောအခါတွင် ပျက်တတ်တော့၏။

## တုကြသည်ချည်းသာ

ကမ္ဘာကျော် စာရေးဆရာကြီးတို့၏ နည်းကို မြန်မာစာရေးဆရာတို့က အတုခိုးကြ၏။ ဦးပုညတို့၊ ရှင်မဟာရဋ္ဌသာရတို့၏ ရေးနည်းကို ကမ္ဘာကျော်တို့က တုခဲ့ကြသည်ကိုကား မြန်မာစာရေးဆရာတို့ အသိနည်းလှပေသည်။

## လေကောင်းကိုလည်းရွေး

အစားအစာတွင် အရသာကောင်းများကို ရွေးချယ်၍ စားသည်ကဲ့သို့ လေကောင်းကိုလည်း ရွေးချယ်ရှာဖွေ၍ ရှူသင့်လှပေသည်။

## ဆရာချင်းမတူ

ရာဇဝင်ဆရာတို့သည် မင်း၏အကြောင်းကိုသာ ရေး



တတ်ကြသော်လည်း ဝတ္ထုဆရာ၊ ဆောင်းပါး ဆရာတို့ကမူကား ပြည်သူတို့အကြောင်းကိုသာ ဖော်ပြတတ်ကြလေသည်။

## ကြောက်သူ

ဖက်ကိုင်ကောင်းသူကိုသာ မြင်းကကြောက်သကဲ့သို့၊ ကျွမ်းကျင်သူကိုသာလျှင် အဇုဝ်ကကြောက်သည်။

## မှောင်ခို

ကြမ်းပိုးသည် အဟိတ်တိရစ္ဆာန်ဟု လူတွေက ထင်သော်လည်း ထိုကြမ်းပိုးသည်ပင် သူ့အသက်အန္တရာယ်အတွက် မှောင်ခိုပုန်းလျှိုးတတ်၊ ကာကွယ်တတ်သေးလျှင် မှောင်ခိုသမားလူများကိုကား အဘယ်ကုန်အောင် ဖမ်းနိုင်ပါမည်နည်း။

## သေဖို့မွေးခြင်း

လူတစ်ယောက် မွေးလာခြင်းသည် သေခြင်း၏ အစသို့ရောက်လာခြင်းသာ ဖြစ်၏။

## အော်... လူ့ဘဝ

ဆင်းရဲစွာဖြင့် အသက်ရှည်ရခြင်းသည် အရသာမဲ့သောလူ့ဘဝဖြစ်၏။

## ကောင်းသော ရေးမှု

ရွေးခေတ် ၃ နှစ်၊ ၃ မိုး ပိုးရပန်းရ လူဖျိုလှည့်ရသည်မှာ ကြာသည်ဟု ဆိုသော်လည်း ယခုခေတ် ခုတွေ့၊ ခု

ကြို့က်၊ ခုလိုက်၊ ခုညား ဆိုသလို မြန်သဖလောက် ဂင်ကျွာ၊ မယားကျွာ၊ လင်ငယ်နေ၊ မယားငယ်နေများ မများလှပေ။

## အဆင်းကြောင့်

အဆင်းလှသောပန်းသည် အနံ့သင်းသောပန်းထက် ကြိမ်ဖန်များစွာ အနမ်းခံရဘတ်၏။

## တုတိုင်းမအောင်

လူတစ်ယောက်၌ အောင်မြင်သည်ကိုမြင်၍ အခြားသူက ဝင်၍လုပ်သူတိုင်း မအောင်မြင်နိုင်ပေ။

## မမွေးဘဲမသေ

အဘယ်အပင်မှ အသီးမသီးဘဲ (မျိုးစေ့မချဘဲ) သေ၍မသွား၊ လူအချို့သာလျှင် သားသမီးမထွန်းကားဘဲ သေသွားကြသည်။

## အနံ့ဓိလေခြင်း

ဝင်ကြေး နှစ်စဉ်ကြေးပေးပြီး အဖွဲ့ဝင်လုပ်ရသောတစောင်တချို့သည် အဖွဲ့ဝင်များအပေါ် အားနာရန်သင့်သောအချိန်သို့ရောက်ပေပြီ။ အဖွဲ့ဝင်များကလည်း မိမိတို့ကိုယ်မိမိမည်မျှအထိ အနံ့ခံ၊ တုံးခဲ့ည်ကိုလည်း သိအပ်လှပေပြီ။

## ဘဝင်ချရန်အခက်

လူတစ်ယောက်ကို ဘဝင်မြောက်အောင် မြှောက်ပေး



ရခြင်း၌ မခက်လှသော်လည်း ဘဝင်ကျအောင် ချခြင်း၌မူကားအလွန်ပင် ခက်ခဲလှချေသည်။

## မတတ်သူက အသေများ

ရေကူးတတ်သူ ရေနှင့်သေ၊ မြွေတတ်သူ မြွေနှင့်သေဆိုသော စကားပုံရှိသော်လည်း လျှပ်စစ်တတ်သူတို့မှာ အသေနည်းပြီး လျှပ်စစ်မတတ်သူတို့က ဓာတ်လိုက်သေရသည်ကများပေမည်။

## မြို့အလှဖျက်သည်

သကြန်အသင်းအချို့မှာ လွတ်လပ်စွာရေးသားခွင့်ကိုအကုန်လုံး သုံးလိုက်သည်မှာ ဘုတ်တံတိုင်းတွေ အုတ်နံရံတွေပေရေကုန်သည်အထိပင်။

## ခွက်စုတ်ကြောင့်ဖျက်

သကြန်အတွင်း၌ ရေပက်ကစားခြင်းမှာ ချစ်ကြည်ရင်းနှီးစေမှု၊ အေးမြစေမှုလောက်သာဖြစ်သင့်ပါလျက် ခွက်ဖြင့်ခုတ်၍ပက်ခြင်း၊ ပိုက်ကြီးများဖြင့် ထိုးပက်ခြင်းတို့မှာ မူလသကြန်၏ရည်ရွယ်ချက်ကို ဖျက်ဆီးရုံသာမက တစ်ဖက်သားကို နာကျင်စေလိုသော စိတ်ထားမှာလည်း ရုက်ဖွယ်ရာ ကောင်းလှပေသည်။

## ရေးဖို့သာကြည့်လျှင်

စာရေးဆရာအလုပ်သည် သင်ယူ၍ရသော အလုပ်မဟုတ်။ ရေးလိုသူကိုယ်တိုင်က ရေးချင်စိတ်အပြည့်ဖြင့် ရေးစရာ

ချည်းကြည့်၍နေကာ အမြဲတမ်းရေးနေမှသာ စာရေးဆရာ ဖြစ်နိုင်လေသည်။

## ချက်ပြုတ်မှု အနုပညာ

ထမင်း၊ ဟင်းချက်ပြုတ် ကြော်လှော် ကင်ခြင်း၊ အတတ်သည် မိန်းမအလုပ်ဟုဆိုကာ အထင်မသေးအပ်ပေ။ အစွရေးနိုင်ငံသည် ဤကိစ္စနှင့်ပင် ကမ္ဘာကျော်နေသည်ကို ကြည့်ပါ။

## အဝတ်အဆင်

မြန်မာပြည်တွင် ဝတ်စားဆင်ယင်မှုကို ဥပဒေနှင့် ပညတ်ရမလိုဖြစ်၍ နေသည်။ သကြန်တွင်း ရေပက်ခံလည်သော အမျိုးသမီး အချို့သည် ဇရာစီယာကို ဝတ်ဆင်ကြသည်များကြောင့် ယောကျ်ားအချို့အဖို့ စိတ်ဒုက္ခရောက်တတ်ရာမှအစ ရာဇဝတ်မှု နားနီးစပ်သွားနိုင်သောကြောင့် ဖြစ်၏။

## ချိုချိုသာသာ

ဘတ်စ်ကားများအား သကြန်အတွင်း၌ ကိုယ်ရကိုယ်ယူ ခွင့်ပြုလိုက်သောအခါ လေသံလည်း ချိုလာ၏။ စကားပြောလည်း ညက်၍လာသည်ကို တွေ့ရသည်မှာ တွေးစရာတစ်ခု ဖြစ်တော့သည်။

## ဘောင်းဘီကိုလည်း

ဘောင်းဘီကို တင်ပါးလောက်သာ ကျပ်ရုံမက ရှေ့



ဘက်ပါ ကျပ်လာကြပြီဖြစ်ရာ ရိုးရိုးအခါထက် သကြန်အခါတွင် ပို၍မတင့်မတယ် မဖွယ်မရာဖြစ်သည်ကို ရှက်ဖို့ကောင်းလှပေရာ ဆိုင်ရာမှ ပညတ်ထိုက်လှ၏။

## အတွင်းကသာ သိရလျှင်

မိန်းကလေးငယ်ငယ်တို့ ယောကျ်ားကြီးကြီးနှင့် ငြိစွန်းကြလျှင် ယောကျ်ားကို အပြစ်တင်တတ်ကြသည်မှာ မမှားလိုပင်ဖြစ်သော်လည်း တကယ့်အတွင်းကျကျ လေ့လာသောအခါတွင်မူ မိန်းကလေးက မည်မျှအထိ ဖွတ်တရွတ်လုပ်ခဲ့သည်ကိုသိမည်သာ ဖြစ်ပေသည်။

## တစ်မိုးလုံး ဈောက်ဆိတ်

အချို့မှာ ကျော်ကြားမှု၌ တင်းတိမ်ရောင့်ရဲမှု မရှိကြပေ။ ဥပမာအားဖြင့် အဆိုတော်ဘဝ၌ အတော်အတန်အောင်မြင်လာပြီဆိုလျှင် ရုပ်ရှင်ဘက်ကူးချင်မှု၊ စာပေဘက်ရေးသားမှု လုပ်တတ်ကြလေသည်။

## တင့်တယ်မှု

ဖအေ၊ မအေက ညိုးညိုးငယ်ငယ်ဝတ်၍ သားသမီးတို့က တောက်တောက်ပပ ဝတ်စားသွားလျှင် ကြည့်ပျော်သော်၍ သားသမီးတို့က ညိုးညိုးငယ်ငယ်ဝတ်၍ ဖအေ၊ မအေတို့က တောက်တောက်ပပ ဝတ်စားသွားလျှင် မတင့်တယ်ကြပေ။

## နားညည်းဖွယ် ဆည်းလည်း

ကလေးသူငယ်များ ငယ်စဉ်အခါက အလွန်တစ်ရာ

ချစ်စရာကောင်း၍ အိမ့်ကျက်သရေ အိမ့်ရွဲလွဲ (ဆည်းလည်း)ဟု ခေါ်ခဲ့ကြသော်လည်း တော်ဘော်ကြီးလာ၍ နားပူတတ်သော အခါတွင်ကား တော်တော်အပေါင်းရခက်သော စိတ်ပျက်ဖွယ်ရာ သတ္တဝါကလေးများ ဖြစ်တတ်သည်လည်း ရှိသေး၏။

## တခြားစီ

ကမ္ဘာကျော်ကြီးများတိုင်း အိမ်ထောင်ရေး အချစ်ရေး တို့၌ အောင်မြင်ကြသည် မဟုတ်။

## ချစ်စရာမှ ရွံစရာသို့

ချစ်စရာကောင်းလှသော ပစ္စည်းဖြစ်စေ၊ ပြည့်တန်သော ပတ္တမြားရတနာပင်ဖြစ်စေ၊ အပြစ်အနာ ကလေးများ တစ်ချို့တစ်ခု များစွာရှိလာသောအခါတွင် တန်ဖိုးလျော့ကျခြင်း၊ ခင်တွယ်ခုံမင်မှု လျော့ပါးလာခြင်းများ ဖြစ်တတ်သည်ကဲ့သို့ ချစ်လှစွာသော သားသမီး၊ ဇနီး၊ ခင်ပွန်းစသည်တို့မှာလည်း မည်မျှပင် ချစ်ခဲ့ကြသော်ငြားလည်း အပြစ်အနာ ကလေးများ ပြည့်လာသောအခါတွင် ရွံရှာမုန်းတီးတတ်ကြလေသည်။

## အတွင်းနာ

အတွင်းမှဖြစ်လာသော အနာကို အပြင်က ဆေးလိမ်း နေရုံနှင့် မပျောက်နိုင်။

## သေစာ

အရက်ကို သေစာဟု ခေါ်သည်မှာ တော်တော် မှန်



ဟန်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ရန်ဖြစ်မှု၊ ရိုက်မှု၊ လူသတ်မှုတို့တွင် အရက်မူး၍ဖြစ်သည်က များသောကြောင့် တည်း။

## အနှစ် ၂၀ ကြာက သာဓက

လွန်ခဲ့သော ၁၉၄၇–ခုနှစ်ဆီက ရရှိခဲ့ဖူးသော အမျိုး သားစည်းလုံးမှု စိတ်ဓာတ်ကြောင့် လွတ်လပ်ရေးရခဲ့သည့် သာဓကကိုကြည့်လျှင် ၁၉၆၇–ခုနှစ်တွင်ရရှိသော အမျိုးသား စည်းလုံးမှုဖြင့် လူ့ဘောင်သစ်ကို တည်ဆောက်နိုင်ရမည်သာ။

## အသစ်မတွေ့ပီ

မိန်းမအချို့သည် အသစ်မတွေ့သေးသောအခါ လက်ရှိ(သက်ရှိ၊ သက်မဲ့) ပစ္စည်းမှန်သမျှကို နှစ်လိုသဘောကျ အကောင်းပြောကြသော်လည်း အသစ်တွေ့ပြီဆိုလျှင်ကား ထို ကောင်းနေပါသည်ဆိုသော (သက်ရှိ၊ သက်မဲ့) ပစ္စည်းမှန်သမျှ တို့ကို စွန့်ပစ်လို၍ ရှာကြကာ အပြစ်ပြော၍ လာတတ်ကြသည် သာတည်း။

## မရတော့ပေ

မုန်းစရာကောင်းခြင်းကို ချေဖျက်ကာ ချစ်နိုင်သော် ငြား ရွံစရာကိုမူကား ဘယ်တော့မှ ဖျက်၍မရပေ။

## ရှမ်းသူကရှန်း ဖြုန်းသူကပြုံး

ချကြီးမိဘတို့မှာ ကုန်း၍ကြုံး၍ ရှာ၍ရှာထားသော

ပစ္စည်းများကို သားသမီးတို့က ပြုံးရွှင်ပြုံးရွှင်သာ သုံးဖြုန်းတတ်ကြလေသည်။

ဖတ်ပါပြောလည်း

စာဖတ်သည်ဆိုရာ၌ ဖတ်သမျှစာတို့ကို ဘာမှပြန်၍ အသုံးမချတတ်လျှင် ထိုစာဖတ်ပဲသောအချိန်တွေမှာ အလဟဿ ဖြစ်လေတော့သည်။

ပြီးပါပြီ။

ကျန်းမာချမ်းသာကြပါစေ။

နှလုံးစိတ်ဝမ်း အေးချမ်း ကြပါစေ။